တုပြည့်စုံထွန်းစာပေ



ဆောင်းလုလင်

# ပွင့်တုရှက်တု

စာမူခွင့်ပြုချက်အမှတ် > ၅၀၀၈၈၀၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် > ၅၀၁၀၆၇၁၀၁၀

□□

ပထမအကြိမ် ပုံနှိပ်ခြင်း (၂၀၁၁ ဇန်နဝါရီလ)
အုပ်ရေ > (၅၀၀)

□□

မျက်နှာဖုံး > ရှမ်းမိုင်းအောင်
ကွန်ပျူတာစာစီ > *Quality*
အတွင်းဖလင် > *Quality*

□□

ပုံနှိပ်သူ
နော်ဆဲဒနေမူး(ရွှေညီနောင်ပုံနှိပ်တိုက်)၊(၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

□□

ထုတ်ဝေသူ
မခင်မာရွှေ(၀၃၉၀၅)(မြ)၊
အမှတ် ၅၀၈/၅၁၂(ပထမထပ်)၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ရန်ကုန်မြို့

□□

တန်ဖိုး > ၁၅၀၀ - ကျပ်

ဆောင်းလုလင် ၉၉၅.၈၃
မှင့်တုရှက်တု
ဆောင်းလုလင် - ရန်ကုန်၊
ဆိုပြည်စုံထွန်းတာဝေ၊ ၂၀၁၀၊
၁၈၅ - စာ၊ ၁၃ x ၂၀.၅ စင်တီ
(၁) မှင့်တုရှက်တု

# အပိုင်း ( ၁ )

## ၁ ၁ ၁

စင်မြင့်တစ်ခုလုံးကို အမှောင်ချထားသည်။ တီးဝိုင်းမှတီးလုံးသံများကိုလည်း ရပ်ဆိုင်းထားသဖြင့် တစ်ခန်းလုံးတိတ်ဆိတ်နေ၏။

အခန်းမျက်နှာကြက်ဆီမှ ဆလိုက်မီးရောင်က စင်မြင့်ထက်ဆီသို့ ဖြာကျလာသည်။ စင်အောက်မှလူများ၏အာရုံက စင်မြင့်ဆီသို့ ရောက်သွားကြလေသည်။

ငြိမ့်ညောင်းသောတီးလုံးသံ ပေါ်ထွက်လာသည်။

တီးလုံးသံ၏သံစဉ်အလိုက်နှင့်အတူ စင်၏ညာဘက်ထောင့်မှ အမျိုးသမီးကာစ်ဦးက တစ်လှမ်းချင်းလျှောက်လှမ်းလာလေသည်။ သူမ အပြုံးက ဆလိုက်မီးရောင်အောက်ဝယ် လင်းလက်တောက်ပနေ၏။ ပြုံးထားသောကြောင့် ဘယ်ဘက်ပါးမှပါးချိုင့်လေးက ထင်းထင်းရှင်းရှင်း ပေါ်လွင်နေသည်။

သူမကား မြန်မာနိုင်ငံတွင် ကျော်ကြားထင်ရှားမှုအရှိဆုံး Presenter (ခေါ်) စီစဉ်တင်ဆက်သူတစ်ယောက်ဖြစ်သည့် ယဉ်မျိုးသွင်း ဖြစ်ပါသည်။

ယဉ်မျိုးသွင်က စင်အလယ်တည့်တည့်သို့ အရောက်တွင် ရပ်လိုက်သည်။ ပွဲကြည့်ပရိသတ်ကို ဦးညွှတ်အရိုအသေ ပြုလိုက်သည်။

ထို့နောက် ယဉ်မျိုးသွင်က သူမ၏သာယာချိုအေးသောအသံလေးဖြင့် ကြေညာလိုက်လေသည်။

"ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များရှင့်... အခုအချိန်က စလို့ နိုင်ငံကျော် စတီရီယိုတေးသံရှင် မာလာမေဖော့ရဲ့ ဖျော်ဖြေမှု အစီအစဉ်ကို စတင်တော့မှာ ဖြစ်ပါတယ် မာလာမေဖော့ဟာဆိုရင်..."

ယဉ်မျိုးသွင်က စကားလုံးတချို့ကို ဆက်ပြောနေသည်။

စင်အောက်တွင်ထိုင်ကြည့်နေသော လူသုံးယောက်ထဲမှ ... အသက်အကြီးဆုံးတစ်ယောက်က လက်ပြလိုက်သည်။

စင်ပေါ်မှယဉ်မျိုးသွင်က သူမပြောနေသောစကားများကို ရောက်သည့်နေရာမှာပင် ရပ်နားလိုက်လေ၏။

အခန်းတစ်ခန်းလုံး မီးရောင်များထိန်လင်းသွားလေသည်။

●

စင်ပေါ်မှယဉ်မျိုးသွင်၏ တင်ဆက်မှုကို စင်အောက်မှ ထိုင်ကြည့်နေသည့်ပရိသတ်မှာ သုံးဦးတည်းသာရှိပါသည်။

ဒေါက်တာဖရက်ဒီခန့်၊ ဒေါက်တာမျိုးထိုက်နှင့် ဦးအောင်သွင်ဆိုသူတို့ပင်ဖြစ်သည်။

မကြာခင်ကထွက်ပေါ်ခဲ့သောတီးလုံးသံများမှာ တီးဝိုင်းတစ်ခုမှ တီးမှုတ်နေခြင်းမဟုတ်။ အသံသွင်းထားပြီးတေတ်ပြားကို ဖွင့်ထားခြင်းသာဖြစ်ပါသည်။

ဤပွဲသည် နိုင်ငံကျော်တေးသံရှင် မာလာမေဖော့အမှန် တကယ်ဖျော်ဖြေနေသောပွဲလည်း မဟုတ်ပါ။ စင်မြင့်နှင့်တကွ အားလုံးသော အဖြင်အဆင်များမှာ တကယ့်ပွဲနှင့်တူအောင် တုပပြင်ဆင်ထားခြင်းသာ ဖြစ်ပါသည်။

မီးများလင်းအလာတွင် ... ဒေါက်တာဖရက်ဒီခန့်က ဦးအောင်သွင်ဖက်သို့လှည့်၍ မေးလိုက်သည်။

"ဘယ့်နှယ်လဲ ဦးအောင်သွင်၊ ကျေနပ်ရဲ့လား"

"ဟာ ... ကျေနပ်တာပေါ့ဆရာကြီးရယ် ... ကျွန်တော်တော့ ဒီလောက်အထိ တထပ်တည်းတူညီလိမ့်မယ်လို့ မထင်မိဘူးဗျာ၊ သိပ်ကိုအံ့ဩမိပါတယ်၊ တကယ်ပါပဲဗျာ"

သူတို့စကားပြောနေစဉ် စင်ပေါ်မှဆင်းလာသော ယဉ်မျိုးသွင်က သူတို့အနီးသို့ ရောက်လာလေသည်။

"ယဉ်မျိုးသွင် ... ထိုင် .."

ဒေါက်တာဖရက်ဒီခန့်က ထိုင်ခုံတစ်လုံးကိုညွှန်ပြရင်း ပြောလိုက်ရာ ယဉ်မျိုးသွင်က ဒေါက်တာညွှန်ပြသောခုံတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ... ဦးအောင်သွင် ... ကျွန်တော်တို့ ယဉ်မျိုးသွင်ရဲ့ တကယ်ပွဲနဲ့ အခုန မြင်ခဲ့ရတာတွေ ဘယ်လောက်တူမတူ တိုက်ကြည့်ရအောင်"

ဒေါက်တာဖရက်ဒီခန့်က မေးဆတ်ပြလိုက်သည့်အခါ.. ဒေါက်တာမျိုးထိုက်သည် အနီးတွင်ရှိသည့်ဗီဒီယိုပြစက်ထဲသို့ စီဒီ ဓာတ်ပြားတစ်ချပ်ကို ထည့်လိုက်လေသည်။

တီဗီမြင်ကွင်းပေါ်တွင် စတီရီယိုတေးသံရှင်မာလာမေဖော့၏ဖျော်ဖြေမှု အစီအစဉ်ပေါ်ထွက်လာသည်။ တီဗီထဲမှပေါ်ထွက်လာသော မြင်ကွင်းများကား မကြာခင်က သူတို့တွေမြင်ခဲ့ရသော စင်မြင့်ပေါ်မှမြင်ကွင်းနှင့် တထပ်တည်း တူညီနေလေ၏။

ပြသနေသောစီဒီဓာတ်ပြားမှာ လွန်ခဲ့သောသုံးလက ပြုလုပ်ခဲ့သော အဆိုကျော်မာလာမေဖော့၏ စင်မြင့်ဖျော်ဖြေပွဲကို ရိုက်ကူးထုတ်လုပ်ထားသော ဓာတ်ပြားဖြစ်ပါသည်။

ထိုပွဲတွင် စီစဉ်တင်ဆက်သူအဖြစ် ယဉ်မျိုးသွင်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကြွရောက်လာကြတဲ့ ညှိပရိသတ်များရှင် ... အခုအချိန်ကစလို့ နိုင်ငံကျော် စတီရီယိုတေးသံရှင် မာလာမေဖော့ရဲ့ ဖျော်ဖြေမှု အစီအစဉ်ကို စတင်တော့မှာ ဖြစ်ပါတယ် .... မာလာမေဖော့ဟာဆိုရင် ..."

တီဗီထဲမှ ယဉ်မျိုးသွင်ပြောနေသည့်စကားလုံးများမှာ မကြာမီက ယဉ်မျိုးသွင်စင်မြင့်ပေါ်တွင်ပြောသွားသည့် စကားလုံးများပင် ဖြစ်ပါသည်။

တီဗီထဲတွင်မြင်တွေ့နေရသော စီစဉ်တင်ဆက်သူအမျိုးသမီးလေးမှာ **ယဉ်မျိုးသွင်အစစ်**ပင် ဖြစ်လေသည်။

တီဗီထဲက ယဉ်မျိုးသွင်အစစ်နှင့် မိမိရှေ့တွင်ထိုင်နေသော **ယဉ်မျိုးသွင်အတု**တို့၏ ရုပ်ရည်၊ အမူအရာ၊ အသံ၊ လေယူလေသိမ်း၊ မျက်နှာပေး စသည်တို့မှာ အားလုံးတူညီနေသည့်အတွက် ဦးအောင်သွင် ဆိုသူက တီဗီကိုတစ်လှည့်၊ ဘေးတွင်ထိုင်နေသော ယဉ်မျိုးသွင်ကိုတစ်လှည့် ကြည့်ရင်း အံ့သြနေလေသည်။

ယခုမြင်နေရသော ယဉ်မျိုးသွင်၏မေးဖျားမှ မှဲ့နီနီကလေးမှာ ထင်းနေသည်။ ယဉ်မျိုးသွင်အစစ်တွင်လည်း မေးဖျား၌ မှဲ့နီနီကလေး တစ်လုံးရှိပါသည်။ ယဉ်မျိုးသွင်အတုတွင် ရှိသောနေရာအတိုင်း တစ်သဝေမတိမ်း တူညီအောင် ရှိနေခြင်းဖြစ်သည်။

"ဆရာကြီးရဲ့ပညာကိုတော့ ကျွန်တော်မအံ့သြဘဲ မနေနိုင်တော့ဘူး ဆရာကြီး။ ကျွန်တော် အလုပ်သာအပ်ခဲ့ရတယ်၊ ဒါလောက်ထိ ထပ်တူထပ်မျှ တူတဲ့ ယဉ်မျိုးသွင်အတုတစ်ယောက် ပေါ်လာလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူးဗျာ အခုတော့ ..."

ဦးအောင်သွင်၏ချီးကျူးစကားကို ဒေါက်တာဖရက်ဒီခန့်က ပြုံးနေသည်။

"ကျုပ် ... သူ့ကို ယဉ်မျိုးသွင်အစစ်နီးပါးဖြစ်အောင် လေ့ကျင့်ပေးထားပါတယ်"

ဒေါက်တာဖရက်ဒီခန့်၏အသက်မှာ ခုနစ်ဆယ်နီးပါးရှိနေပြီး ပါးလုပ်လုပ်သာရှိသော ဆံပင်များဖြူနေကာ၊ ပါးရေနားရေများလည်း တွဲကျနေပြီ၊ သို့သော် သူ့အပြုံးကတော့ နုပျိုလတ်ဆတ်နေသည်။ သူ၏ အောင်မြင်သောတီထွင်မှုအတွက် ဂုဏ်ယူဟန်အထင်းသား ပေါ်နေသည်။

"ယဉ်မျိုးသွင် ..."

ဒေါက်တာဖရက်ဒီခန့်က ယဉ်မျိုးသွင်အတုကို ခေါ်လိုက်သည်။

"ရှင် ... ဆရာကြီး"

"သူဘယ်သူလဲ ... သူ့ကိုမင်း သိသလား"

ဒေါက်တာဖရက်ဒီခန့်က ဦးအောင်သွင်ကိုလက်ညှိုးထိုးပြကာ မေးလိုက်ခြင်းဖြစ်သည်။

"သိပါတယ် ဆရာကြီး ... ဒါ ယဥ်ရဲ့အန်ကယ် ဦးအောင်သွင်ပါရှင် ယဥ်ဖေဖေ ဦးမင်းသွင်ရဲ့ညီ ... ယဥ်ရဲ့ဦးလေး ဦးအောင်သွင်ပါ ဆရာကြီး"

"ဟင် ... သူက သိတယ်၊ သူက အဲဒီလိုမျိုးသိနေတယ်၊ ဟုတ်လား ဆရာကြီး"

ယဥ်မျိုးသွင်အတု၏ စကားဆုံးသည်နှင့် ဦးအောင်သွင်က တအံ့တဩ မေးလိုက်လေသည်။

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ ..."

ဒေါက်တာဖရက်ဒီခန့်က ရယ်လိုက်လေသည်။

ပြီးနောက် အနီးမှ သူ၏တပည့်ဒေါက်တာမျိုးထိုက်အား ပြောလိုက်သည်။

"မောင်မျိုးထိုက် ... ယဥ်မျိုးသွင်ကို သူ့နေရာသူ ပြန်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဒေါက်တာမျိုးထိုက်က ထိုင်ခုံမှထလိုက်သည်။ ယဥ်မျိုးသွင် ထိုင်နေသည့်နေရာသို့ လျှောက်သွားကာ ...

"လာ ... ယဥ်မျိုးသွင် ... ကိုယ်တို့ မင်းနေတဲ့အခန်းကို ပြန်ကြရအောင်"

ဒေါက်တာမျိုးထိုက်နှင့် ယဥ်မျိုးသွင်တို့ ထထွက်သွားကြသည်။

ကျန်ခဲ့သူနှစ်ယောက်က ယဥ်မျိုးသွင်တို့ကို မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ခဲ့ကြ၏။

အခန်းထောင့်ချိုးတွင် ယဉ်မျိုးသွင် ဝင်ရောက်ပျော့ယဉ်မျိုးသွင်ရဲ့ မှပင် ... ဦးအောင်သွင်က ဒေါက်တာဖရက်ဒီခန့်ကို လှည့်၍ပြောရ

"တကယ်ပါပဲဗျာ ... တကယ်ပါပဲ ... သူဟာ တကယ့် ယဉ်မျိုးသွင်အစစ်ပါပဲ ဆရာကြီးရယ်"

ဦးအောင်သွင်ချီးကျူးမည်ဆိုလျှင်လည်း ... ချီးကျူးလောက်ပါပေသည်။ သူ့မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသောမိန်းကလေးမှာ သူတွေ့မ ယဉ်မျိုးသွင်အစစ်နှင့် အစအဆုံးရာရာမှာ ခွဲမရအောင် တူနေလေ၏။ မေးဖျားက မှဲ့နီနီလေးကအစ တူညီနေပါသည်။

ယဉ်မျိုးသွင်အစစ်နှင့် ချွတ်စွပ်တူသောမိန်းကလေးကို ဖန်တီးထားသူမှာ ဒေါက်တာဖရက်ဒီခန့်ပင် ဖြစ်ပါသည်။

တူလှပါသည်ဟု ဦးအောင်သွင်ချီးကျူးခြင်းခံရသည့် မိန်းကလေးမှာ တကယ်တော့ လူအစစ်တစ်ယောက် မဟုတ်ပါ။ ဒေါက်တာဖရက်ဒီခန့် တီထွင်ထားသော **လူအတုတစ်ယောက်သာလျှင်** ဖြစ်ပါ၏။

မှန်ပါသည်။ မနုဿဗေဒပညာရှင် ပရော်ဖက်ဆာဒေါက်တာ ဖရက်ဒီခန့်ကိုယ်တိုင် စမ်းသပ်ဖန်တီးထားသော လူအတုတစ်ယောက် ဖြစ်ပါ၏။

သူမသည် ယဉ်မျိုးသွင်အစစ်၏ခန္ဓာကိုယ်မှ အပိုင်းအစတစ်ခု ကိုယူ၍ ပုံတူမျိုးပွားထားသော ယဉ်မျိုးသွင်ကိုယ်ပွားဖြစ်ပါသည်။ ယဉ်မျိုးသွင်၏ **'ပုံတူကလုန်း' Clone** တစ်ခုသာဖြစ်ပါလေသည်။

● ● ●

ဒေါ်

၁၁၂

"သူက ကျွန်တော့်ကို သူဦးလေးဖြစ်မှန်း ဘယ်လိုသိနေတာလဲ ဆရာကြီး။ ကလုန်းတွေဟာ သူတို့တုပထားတဲ့ လူအစစ်ရဲ့အကြောင်းကို ဒီလိုပဲ အလိုလိုသိနေကြသလား ဆရာကြီး"

"မဟုတ်ပါဘူး ဦးအောင်သွင်၊ သူဟာ ယဉ်မျိုးသွင်အစစ်ရဲ့ အသွေး အသားတစ်ခုကနေ ပုံတူမျိုးပွားထားတာမို့ ပုံတူဆိုတဲ့အတိုင်း ပုံသဏ္ဍာန်ပဲ ခွဲမရအောင်တူပါတယ်၊ ယဉ်မျိုးသွင်အစစ် သိထားတတ်ထား နားလည် ထားတာတွေကိုတော့ သူဟာနားမလည် မတတ်ကျွမ်းနိုင်ပါဘူး"

"ဟင် ... ဒါဖြင့်"

"ဦးအောင်သွင်ကို သူဦးလေးလို့ သိနေတာကတော့ ကျုပ်က ပြောပြထားလို့ပါ"

"ဩော် ..."

"တကယ်တော့ သူဟာ လူအတုတစ်ယောက်သာ ဖြစ်တယ်လေ၊ လူအစစ်လို တဖြည်းဖြည်းကြီးပြင်းပြီးမှ အရွယ်ရောက်လာတာ မဟုတ်ဘူး။ သူ့ကိုစမ်းသပ်အောင်မြင်တာ သုံးလပဲရှိသေးတယ်၊ သူ လူ့လောကကို ရောက်လာတာ လူဖြစ်လာတာ သုံးလပဲရှိသေးတယ် ဆိုတဲ့သဘောပေါ့၊ သူ့အနေနဲ့ သာမန်ကလေးတစ်ယောက်လောက်တောင် ဟောဒီလောကကြီး

ထဲမှာ နေချိန်မရှိသေးပါဘူး။ ကျုပ်က ဦးအောင်သွင် ပေးထားတဲ့ ယဉ်မျိုးသွင်ရဲ့ ဘိုင်အိုဂရပ်ဖီကိုဖတ်ပြီး သူ့ကိုပြောပြထားလို့ သိနေတာပါ''

''ဪ ... ဒီလိုကိုး ...''

''ယဉ်မျိုးသွင်ပါတဲ့ ဗီဒီယိုခွေတွေပြတယ်၊ ခင်ဗျားလို အနီး စပ်ဆုံးဆွေမျိုးတွေရဲ့ ဓာတ်ပုံတွေကိုလည်း ပြတယ်၊ ပြီးတော့ ဘယ်သူနဲ့ ဘယ်လိုတော်စပ်တယ်ဆိုတာတွေ မှတ်နိုင်းတယ်၊ အဲဒါကြောင့် အခုနက ယဉ်မျိုးသွင်အနေနဲ့သဏ္ဌာန်လုပ် သရုပ်ဆောင်ပြတဲ့အပိုင်းမှာ ယဉ်မျိုးသွင် အစစ်လို့ထင်ရအောင် ရှုညီနေတာပေါ့ ဦးအောင်သွင်''

''ဒါဖြင့် ကျွန်တော် သူ့ကိုခေါ်သွားလို့ရပြီလား ဆရာကြီး''

''နိုး ... နိုး ... မရသေးပါဘူးဦးအောင်သွင်၊ လုံးဝမရသေး ပါဘူး''

''ဗျာ ... ဘာဖြစ်လို့''

''သူဟာ လူ့ပုံအလယ်ထဲဝင်ပြီး ယဉ်မျိုးသွင်အစစ်အဖြစ် ဟန်ဆောင် လှုပ်ရှားဖို့ အပြည့်အဝမပြီးစီးသေးပါဘူး ဦးအောင်သွင်၊ သူ့ကိုဆက်ပြီး လေ့ကျင့်ပေးဖို့ လိုပါသေးတယ်၊ သူ့ကို ယဉ်မျိုးသွင်အစစ်နဲ့ခွဲမရအောင် တူနိုင်ဖို့အတွက် ယဉ်မျိုးသွင်အစစ်နဲ့ အတူတူထားပြီး လေ့ကျင့်ဖို့လိုပါတယ်''

''အတူတူ ထားရမယ်''

''ဟုတ်ပါတယ် ဦးအောင်သွင်၊ ဒါမှသာ ယဉ်မျိုးသွင်အစစ်ရဲ့ဗိညာဉ် ဟာ သူ့ကိုကူးစက်ပြီး သူဟာ ယဉ်မျိုးသွင်အစစ်ဘဝကို တကယ်ရောက်သွားပါ လိမ့်မယ်၊ ဒီတော့ ဦးအောင်သွင်အနေနဲ့ ယဉ်မျိုးသွင်အစစ်ကို ကျုပ်ဆီခေါ်လာ ဖို့ လိုပါလိမ့်မယ်''

''ကျွန်တော့်တူမယဉ်မျိုးသွင်ကို ခေါ်လာရမယ်၊ ဟုတ်လား''

''ဟုတ်ပါတယ်၊ အကြာကြီးမဟုတ်ပါဘူး။ ကလုန်းယဉ်မျိုးသွင် ကို ယဉ်မျိုးသွင်အစစ်နဲ့ အတူတူထားပြီး ယဉ်မျိုးသွင်အစစ်ရဲ့ ဝလေ့စရိုက်နဲ့ သဘောသဘာဝတွေကို မှတ်သားနိုင်းရပါမယ်၊ ဒါမှသာ ... ဘယ်လူသား

တစ်ယောက်ကမျှ ကလုန်းကို ယဥ်မျိုးသွင်အတုလို့ သံသယမဝင်ဘဲ ... ယဥ်မျိုးသွင်အစစ်ရယ်လို့ လက်ခံကြမှာပါ''

''ဒါပေါ့ဗျာ .. ဒါပေါ့ .. ဒါဖြင့်ရင် ကျွန်တော့်မှာ ကျွန်တော့်တူမ ယဥ်မျိုးသွင်ကို ဒီကိုအရောက်ပါလာအောင် စီစဥ်ရမယ့်တာဝန်တစ်ခု ပိုသွားပြန်တာပေါ့ဆရာကြီး''

''မှန်ပါတယ် ဦးအောင်သွင်''

''ဟုတ်ကဲ့ ... ကျွန်တော့်တူမယဥ်မျိုးသွင်ကို ဟောဒီဓာတ်ခွဲခန်းထဲအထိပါလာအောင် ကျွန်တော် ခေါ်လာပေးပါမယ်၊ သုံးနာရီလောက်ပဲနော် ဆရာကြီး''

''ဟုတ်ပါတယ်''

''ဒီတစ်ဆင့်ပြီးရင်တော့ ကျွန်တော့်ရည်မှန်းချက်တွေ အောင်မြင်ပြီပေါ့နော် ... ဆရာကြီး''

''မှန်ပါတယ်ဦးအောင်သွင် ကလုန်းကို ယဥ်မျိုးသွင်အစစ်နဲ့ တစ်နာရီလောက် အတူတူထားပြီး လေ့ကျင့်ပေးလိုက်တာနဲ့ ဦးအောင်သွင်ရဲ့စီမံချက် အောင်မြင်သွားပါပြီဗျာ''

ဒေါက်တာဖရက်ဒီခန့်၏စကားကြောင့် ဦးအောင်သွင်မျက်နှာက ပြုံးနေလေသည်။

● ● ●

# အပိုင်း ( ၂ )

# ၂ ၁ ၁

အမျိုးသမီးတစ်ယောက်သည် ရုပ်ရည်လည်းချောမောလှပသည်။ ခင်မင်နှစ်လိုဖွယ်လည်း ကောင်းသည်။ သူမကို လူတကာကလည်း ချစ်ခင်ကြသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ထိုအမျိုးသမီးကို မသိသူမရှိ။

သို့သော် သူမသည် ရုပ်ရှင်မင်းသမီးတစ်ယောက် မဟုတ်ပါ။

ထိုအမျိုးသမီးကို စင်မြင့်ဖျော်ဖြေပွဲများမှာလည်း တွေ့မြင်နိုင်သည်။ အထူးသဖြင့် ဂီတဖျော်ဖြေပွဲစင်မြင့်ပေါ်တွင် သူမကို ထင်ရှားစွာတွေ့မြင်ရနိုင်ပေသည်။ သူမသည် ပရိသတ်၏အားပါးတရ လက်ခုပ်တီးသြဘာပေးခြင်းကိုလည်း ခံရသည်။

သို့သော် သူမသည် အဆိုတော်တစ်ယောက်မဟုတ်ပါ။

သူမကို နိုင်ငံတော်ပွဲလမ်းသဘင်များ၊ ကုမ္ပဏီဖွင့်ပွဲ၊ ကုန်တိုက်ဖွင့်ပွဲ၊ ဆိုင်ဖွင့်ပွဲများတွင်လည်း ... အရေးပါ အရာရောက်သည့်နေရာ၌ တွေ့မြင်နိုင်လေသည်။

သူမကား ... ယဉ်မျိုးသွင်ပင် ဖြစ်လေသည်။

ယဉ်မျိုးသွင် ...

ယဉ်မျိုးသွင်၏ထင်ပေါ်ကျော်ကြားမှုကား ထူးခြားလှပေသည်။ ယဉ်မျိုးသွင်လိုအမျိုးသမီးမျိုး ယခင်က မြန်မာနိုင်ငံတွင် မရှိခဲ့ဖူးချေ။

ယဉ်မျိုးသွင်သည် လှပချောမောသည်။ သူမကိုလူတကာ သိသည်။ ထင်ပေါ်ကျော်ကြားသည်။ လူတိုင်းကချစ်ခင်သည်။ ပွဲလမ်းသဘင်တိုင်းလိုလိုတွင် ယဉ်မျိုးသွင်ပါဝင်သည်။ သို့သော် ယဉ်မျိုးသွင်သည် ရုပ်ရှင်မင်းသမီးတစ်ဦးလည်းမဟုတ်ပါ။ မော်ဒယ်တစ်ဦးလည်း မဟုတ်ပါ။ အဆိုကျော်တစ်ဦးလည်းမဟုတ်ပါ။

သူမသည် ပွဲလမ်းသဘင်များတွင် စီစဉ်တင်ဆက်သူ Presenter တစ်ယောက်သာဖြစ်ပါသည်။

ယဉ်မျိုးသွင်၏ လှပချောမောမှုကြောင့် သူမကို ရုပ်ရှင်ရိုက်ရန် စကားကမ်းလှမ်းမှုများ အများအပြားရှိခဲ့သည်။ သို့သော် ယဉ်မျိုးသွင်က သရုပ်ဆောင်အလုပ်ကိုဝါသနာမပါ၍ ငြင်းဆန်ခဲ့သည်ချည်း ဖြစ်သည်။

ယဉ်မျိုးသွင်သည် အနုပညာပါသော စီမံခန့်ခွဲမှုကို ငယ်စဉ်ကတည်းကပင် ဝါသနာပါသည့်အတွက် ဤလုပ်ငန်းကို စမ်းသပ်လုပ်ကိုင်ရာမှ အောင်မြင်လာခြင်း ဖြစ်လေသည်။

ယခုဆိုလျှင် စင်မြင့်ဖျော်ဖြေပွဲများ၌ သီဆိုဖျော်ဖြေသူအား ပရိသတ်နှင့်မိတ်ဆက်ပေးသူမှာ ယဉ်မျိုးသွင်။ သရုပ်ပြပွဲများ၌ စီစဉ်ဆောင်ရွက်ပေးသူမှာ ယဉ်မျိုးသွင်။ လုပ်ငန်းသစ်တစ်ခုတည်ထောင် ဖွင့်လှစ်ရာတွင် ဖွင့်ပွဲ၌ ထိုလုပ်ငန်း၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသူမှာ ယဉ်မျိုးသွင်။

ယဉ်မျိုးသွင်ကို ဗီဒီယိုပေါ်၌ အမြဲတစေ မြင်တွေ့နေရတတ်ပါသည်။

အဆိုတော်တစ်ဦး၏ ဖျော်ဖြေမှုအစီအစဉ်ကိုမှတ်တမ်းတင်ထားသော ဗီစီဒီတစ်ချပ်ဖြစ်စေ အဆိုတော်အများအပြား ပါဝင်ဖျော်ဖြေသော အစီအစဉ်ကိုမှတ်တမ်းတင်ထားသည့် ဗီစီဒီတစ်ချပ်ကိုဖြစ်စေ ဖွင့်ကြည့်လိုက်ပါက စီစဉ်တင်ဆက်သူအဖြစ် ယဉ်မျိုးသွင်ကို တွေ့မြင်နိုင်လေသည်။

ယုတ်စွအဆုံး မြန်မာနိုင်ငံအတွင်း ခရီးထွက်ခွာလျှင်ပင် သင်လိုက်ပါသည့်အဝေးပြေးကား၏ တီဗီမြင်ကွင်းပေါ်မှတစ်ဆင့် "မင်္ဂလာပါရှင် ..." ဟု ခရီးသည်များအား နှုတ်ခွန်းဆက်သသံနှင့်အတူ . "လူကြီးမင်းတို့စီးနင်း

လာတဲ့မော်တော်ယာဥ်ဟာ . . .''စသည်ဖြင့် ရှင်းလင်းတင်ပြသောစကားသံများကို ယဥ်မျိုးသွင်၏ရုပ်သွင်ဖြင့် မြင်တွေ့နိုင်ပါသေးသည်။

ထို့ကြောင့် ယဥ်မျိုးသွင်သည် ဖျော်ဖြေမှုမီဒီယာလမ်းကြောင်းပေါ်ဝယ် . . . မင်းသမီးတစ်ဦး၊ အဆိုကျော်တစ်ဦး မဟုတ်သည့်တိုင် သူမကို လူတကာက သိရှိနေကြခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း . ယဥ်မျိုးသွင်၏ ထင်ပေါ်ကျော်ကြားမှုက တစ်မျိုးထူးခြားသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ယဥ်မျိုးသွင်ထက်စော၍ Presenter လုပ်ဆောင်နေသူ မြန်မာနိုင်ငံတွင် ယခင်ကမရှိခဲ့ပါ။ ထိုလုပ်ငန်းတွင် ယဥ်မျိုးသွင်က အစောဆုံးဖြစ်သည်။ ယခုအချိန်အထိလည်း ယဥ်မျိုးသွင်တစ်ဦးတည်းသာ ပြိုင်ဘက်မရှိ ထိုလုပ်ငန်း ကိုလုပ်ဆောင်နေသူဖြစ်ပါသည်။

●

ယဥ်မျိုးသွင်သည် ခရစ်ယာန်ဘာသာကိုးကွယ်သောမိသားစုမှပေါက်ဖွားလာသည့် မြန်မာအမျိုးသမီးလေးတစ်ဦး ဖြစ်သည်။ သူမ၏ အဘေးဖြစ်သူမှာ နာမည်ထဲတွင် ''သွင်''ပါသော သူဌေးကြီးတစ်ဦးဖြစ်သည်။ ယဥ်မျိုးသွင်တို့တစ်ဆွေလုံးတစ်မျိုးလုံးပင် ယဥ်မျိုးသွင်လက်ထက်တိုင်အောင် နာမည်ထဲတွင် ''သွင်''ပါအောင် ထည့်၍ မှည့်ခေါ်ကြလေ၏။

ယဥ်မျိုးသွင်၏ဖခင်မှာ **ဦးမင်းသွင်ဖြစ်သည်။** ဦးမင်းသွင်မှာ ထင်ရှားသော ဆောက်လုပ်ရေးကန်ထရိုက်တာတစ်ဦးဖြစ်ပါသည်။

ယဥ်မျိုးသွင်ငယ်စဥ်ကပင် သူမ၏မိခင်မှာကွယ်လွန်ခဲ့ပြီး ဖခင်လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ ဖခင်ကြီးဦးမင်းသွင်သည် နောက်အိမ်ထောင်မထူဘဲ ယဥ်မျိုးသွင်ကို ပြုစုမျိုးထောင်ပေးခဲ့သည်။

ယဥ်မျိုးသွင်အတွက် ကံဆိုးသည်မှာ . . . သူမဆယ်တန်းအောင်သည့်နှစ်မှာပင် ဖခင်ကြီးဦးမင်းသွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ဦးမင်းသွင်မှာ နဂိုကပင် နှလုံးရောဂါရှိ၍ ရောဂါဖောက်ကာ ရုတ်တရက်ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။ သို့သော် ဦးမင်းသွင်၏ ဆွေမျိုးများကမှ တစ်စုံတစ်ခုသောပယောဂကြောင့် ဦးမင်းသွင် စောစီးစွာ ကွယ်လွန်သွား

ရခြင်းဖြစ်သည်ဟု ယုံကြည်နေကြသည်။ ထိုပယောဂကို ဖန်တီးသူကိုလည်း လူသတ်သမားအဖြစ် ယိုးစွပ်ခဲ့ကြပေသည်။

အမြော်အမြင်ရှိသော ဦးမင်းသွင်သည် ခရစ်ယာန်တစ်ဦး ဖြစ်သည့်အားလျော်စွာ သူမသေခင်ကပင် ယဉ်မျိုးသွင်အတွက် 'သေတမ်းစာ' ရေးသားထားခဲ့ပေသည်။ သေတမ်းစာအရ ယဉ်မျိုးသွင်၏အမွေကို အုပ်ထိန်းခွင့်ရသူမှာ ဦးမင်းသွင်၏ညီဖြစ်သူ ဦးအောင်သွင်ပင် ဖြစ်လေသည်။

ဦးအောင်သွင်က အစ်ကိုဖြစ်သူဦးမင်းသွင် သေဆုံးသွားချိန်တွင် တူမဖြစ်သူယဉ်မျိုးသွင်၏ အမွေထိန်းဖြစ်လာသည့်အားလျော်စွာ ယဉ်မျိုးသွင်အား သူ့အိမ်တွင်ပြောင်းရွှေ့နေထိုင်ရန် အကြံပြုခဲ့သည်။ မိန်းကလေးအပျိုရွယ် တစ်ဦးတည်းဖြစ်၍ သင့်လျော်အောင် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ယဉ်မျိုးသွင်က ဖခင်ကြီးနှင့်အတူနေခဲ့သောအိမ်မှာပင် ဆက်လက်နေထိုင်ခဲ့လေ၏။ အင်းလျားလမ်းရှိ တစ်ထပ်တိုက်ကလေးတွင် မိခင်လက်ထက်ကတည်းကရှိခဲ့သော သစ္စာရှိအိမ်ဖော်မကြီး ဒေါ်နော်ခမ်းနှင့် အတူ နှစ်ယောက်တည်း နေထိုင်ခဲ့ခြင်းဖြစ်သည်။

ယဉ်မျိုးသွင်ကား . . . ငယ်ရွယ်စဉ်ကတည်းပင် သူမ မှန်ကန်သည် ထင်ရာကို ရဲရဲတင်းတင်း ဆုံးဖြတ်လုပ်ကိုင်တတ်သော အာဂမိန်းကလေးတစ်ယောက်ပင် ဖြစ်ပါ၏။ သတ္တိလည်းရှိသည်။

ယဉ်မျိုးသွင်သည် ဆယ်တန်းအောင်ပြီးနောက် နည်းပညာ တက္ကသိုလ်တွင် ဆက်လက်တက်ရောက်သင်ကြားခဲ့သည်။ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်ခဲ့သူဖြစ်သည်။

ယဉ်မျိုးသွင်၏နေထိုင်စားရိတ်နှင့် ကျောင်းစရိတ်များကို အမွေထိန်း ဦးအောင်သွင်က အရစ်ကျထုတ်ပေးထောက်ပံ့ခဲ့ရသည်။

ယဉ်မျိုးသွင်အရွယ်ရောက်လာလေ ဦးလေးဖြစ်သူဦးအောင်သွင်နှင့် ပဋိပက္ခက ပိုမိုကြီးမားလာလေ ဖြစ်ခဲ့သည်။

ယဉ်မျိုးသွင်နှင့် ဦးအောင်သွင်မှာလည်း မည်သည့်နေရာမှာမျှ စိတ်သဘောထား တူညီသည်ဟူ၍ မရှိခဲ့ကြပါပေ။

ဦးလေးနှင့်တူမဖြစ်သူတို့ ပဋိပက္ခ၊ အငြင်းအခုန်များကို အမြဲတစေ ဝင်ရောက်ဖြေရှင်းပေးနေရသူမှာ ဦးအောင်သွင်၏ဇနီး ဒေါ်မော်လီကောင်းမြတ် ပင်ဖြစ်လေသည်။

ဦးအောင်သွင်နှင့်မော်လီကောင်းမြတ်တို့မှာ သားသမီးမထွန်းကား သဖြင့် ဒေါ်မော်လီက ယဉ်မျိုးသွင်ကို ချစ်ခင်သည်။ ယဉ်မျိုးသွင်နှင့် ဦးအောင်သွင် ပဋိပက္ခဖြစ်သည့်အခါတိုင်း ယဉ်မျိုးသွင်ဖက်က ရပ်တည်တတ် သည်။ ပြီးမှ ယဉ်မျိုးသွင်ကို အကျိုးသင့် အကြောင်းသင့် ဆုံးမပဲ့ပြင်တတ်လေ၏။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်လုပ်နေသောလုပ်ငန်းကို လုပ်ခါစ ကတည်းကပင် မနှစ်သက်ခဲ့ချေ။

● ● ●

# ၂ း ၂

"တို့အမျိုးထဲမှာ ဖက်ခွက်စားမရှိဘူး ဆိုတော့ .. ဒါမျိုးလုပ်မှာကို အန်ကယ်သဘောမကျဘူး"

"ယဥ်က ရုပ်ရှင်မင်းသမီးလုပ်မှာလည်း မဟုတ်ဘူး၊ အဆိုတော်လုပ်မှာလည်း မဟုတ်ဘူး။ ရုပ်ရှင်မင်းသမီး,အဆိုတော်ဆိုတာကိုလည်း ဖက်ခွက်စားလို့ မသုံးသင့်ပါဘူး အန်ကယ်"

"မင်းလုပ်မယ့်အလုပ်ကရော ဘာထူးသလဲဆိုတော့ ... ရုပ်ပြစားရမယ့်အလုပ်ပဲ မဟုတ်လား။ လူရှေ့သူရှေ့မှာ ရုပ်လုံးပြပြီးမှ ပိုက်ဆံ ရှာစားတာမျိုး တို့အမျိုးထဲမှာ မရှိဘူး။ အန်ကယ် သဘောမတူနိုင်ဘူး"

"ခက်ပါလား အန်ကယ်ရယ် ... ယဥ်တွင်ထားတဲ့ လမ်းကြောင်းက တစ်မျိုးပါ၊ ယဥ်လုပ်မယ့်အလုပ်မျိုးကို ဒီနိုင်ငံမှာ ဘယ်သူမျှ မလုပ်ကြသေးဘူး အန်ကယ်၊ အဲဒါကြောင့် ယဥ်က လုပ်ကြည့်ချင်တာပါ"

"အန်ကယ်ကတော့ လုံးဝကို သဘောမတူဘူး။ ဘယ်သူမျှ မလုပ်ဖူးသေးတဲ့လုပ်ငန်းအသစ်မို့ ပိုပြီးတော့တောင် သဘောမတူသေးတယ်၊ မင်းလုပ်ငန်းက အောင်မြင်နိုင်ပါ့မလား။ မင်းကို ဘယ်သူက ငှားမှာလဲ၊ မင်းလုပ်မယ့်အလုပ်ကို ဘယ်သူကနားလည်မှာလဲ၊ လက်ခံမှာလဲ ဆိုတော့"

ထုံးစံအတိုင်း ဒေါ်မော်လီက တူဝရီးကြားတွင် ဝင်၍ ဖျောင်းဖျခဲ့ရသည်။ နှစ်သိမ့်ခဲ့ရပါသည်။

●

ယဉ်မျိုးသွင်၏ပထမဆုံးပွဲမှာ မော်ဒယ်ရှိုးပွဲတစ်ပွဲ ဖြစ်ပါသည်။

မော်ဒယ်ရှိုးကို မော်ဒယ်ဘွိုင်း မော်ဒယ်ဂဲလ်များ ကိုယ်ဟန်ပြလမ်းလျှောက်သည့် သမားရိုးကျပွဲမျိုးအဖြစ်မှ လမ်းလွဲကာ ယဉ်မျိုးသွင်က သူမ၏အစွမ်းအစကို ပြသခဲ့လေသည်။

ယဉ်မျိုးသွင်က စင်ပေါ်မှာရှိနေသည်။ ကိုယ်ဟန်ပြရန် တက်လာသောမော်ဒယ်များကို တစ်ဦးချင်း နာမည်နှင့်တကွ ပရိသတ်ကို မိတ်ဆက်ပေးသည်။ မော်ဒယ်များကလည်း သူတို့၏ နာမည်၊ အသက်နှင့်တကွ ခန္ဓာကိုယ်အချိုးအစားကိုပါ မေးမြန်းမိတ်ဆက်ပေးသဖြင့် ကျေနပ်ကြသည်။

ယဉ်မျိုးသွင်က ဆက်လက်ပြီး ဝတ်ဆင်ထားသော အဝတ်အစားကို မည်သူချုပ်လုပ်သည်၊ မိတ်ကပ်ကို မည်သူလိမ်းပေးသည်တို့ကို မေးခွန်းများမေး၍ ဖော်ထုတ်သွားလေသည်။ ထိုအခါ ဖက်ရှင် ဒီဇိုင်းပညာရှင်များ၊ မိတ်ကပ်ပညာရှင်များကလည်း သူတို့ကိုကြော်ငြာပေးသလိုဖြစ်၍ ကျေနပ်ကြလေသည်။

ယဉ်မျိုးသွင် တီထွင်ဆန်းသစ်လိုက်သော မော်ဒယ်ပွဲကား မြန်မာနိုင်ငံတွင် ထူးခြားသောပွဲတစ်ပွဲ ဖြစ်ခဲ့ပါသည်။

နောက်တစ်ပွဲက ဂီတဖျော်ဖြေပွဲ။ ဂီတဖျော်ဖြေပွဲကိုလည်း ယဉ်မျိုးသွင်က ကိုယ်တိုင်စင်ပေါ်တက်ရောက်ကာ အစွမ်းပြခဲ့လေသည်။

ယခင်က ဂီတဖျော်ဖြေပွဲများတွင် "အဆိုတော် ဘယ်သူ ဘယ်ဝါက ဘယ်သီချင်းကို သီဆိုဖျော်ဖြေပါတော့မယ်"ဆိုတာကို စင်အောက်မှ ရိုးရိုးတန်းတန်းကြေညာကာ အဆိုတော်က တက်ဆိုခြင်းသာဖြစ်သည်။ အဆိုတော်ကလည်း နောက်ထပ် ဆက်ဆိုသည့်သီချင်းကို "ဘယ်သီချင်းဆက်ဆိုပါ့မယ်"လို့ ကိုယ့်ဘာသာကြေညာကာ ဆက်ဆိုသွားသည်ပင်ဖြစ်သည်။

ယဉ့်မျိုးသွင်က သီဆိုမည့်အဆိုတော် မည်သူဖြစ်သည်ဆိုတာကို ဖွဲ့ကြည့်ပရိသတ်စိတ်ဝင်စားအောင် အဆိုတော်တက်မလာခင်ကတည်းက ကြိုတင်မိတ်ဆက်ပေးထားသည်။ အဆိုတော်ကိုလည်း သီဆိုမည့်သီချင်းနှင့် ပတ်သက်ပြီး မေးမြန်းသည်။ သီချင်းရေးသားသူ အမည်နှင့်တကွ သီချင်း အပေါ်ထားသည့်သဘောထားကိုပါမေးမြန်း မိတ်ဆက်ပေးသည်။

ယဉ့်မျိုးသွင် Presenter အဖြစ်ဆောင်ရွက်လိုက်သော ထိုဂီတပွဲ သည် ယခင်ပွဲများထက် တစ်မူထူးခြားကာ ပရိတ်သတ် စိတ်ဝင်စားခံခဲ့ရပါ သည်။ ထိုဂီတပွဲကို ရိုက်ကူးထားသည့် ဗီစီဒီကိုဖြန့်ချိသည့်အခါ တစ်နိုင်ငံလုံး သောင်းသောင်းဖျဖျ ဝယ်ယူအားပေးကြည့်ရှုကြသည်။

ပွဲတစ်ပွဲကို ပရိသတ်ပိုမိုစိတ်ဝင်စားအောင် ဖန်တီးပေးသည့် တင်ဆက်သူ၏အခန်းကဏ္ဍ အရေးပါအရာရောက်ပုံကိုလည်း ပွဲစီစဉ်သူများ နားလည်သဘောပေါက်သွားကြသည်။

ယဉ့်မျိုးသွင်သည် ပွဲလမ်းသဘင်အမျိုးမျိုးအတွက် လက် မလည်အောင် ငှားရမ်းခံရတော့သည်။

နောက်ပိုင်းတွင် ယဉ့်မျိုးသွင်ကဲ့သို့ Presenter လုပ်သူများ ပေါ်ထွက် လာပါသေးသည်။ သို့သော် ယဉ့်မျိုးသွင်ကို မမီ။ ယဉ့်မျိုးသွင်လောက် အလုပ်အပေါ်မှာ ရာနှုန်းမဝင်ကြ။ တကယ်တော့ ထိုသူများမှာ ယဉ့်မျိုးသွင်၏ အောင်မြင်မှုကို အားကျကာ ခါတော်မီ ထလုပ်ကြခြင်းပင် ဖြစ်ပါသည်။ ယဉ့်မျိုးသွင်လို ဝါသနာရင်းခံ၍ လေ့လာမှု မရှိသောကြောင့် မအောင်မြင် ကြခြင်းပင်ဖြစ်သည်။ မကြာခင်မှာပင် ထိုသူများ ကွယ်ပျောက်သွားကြသည်။

ယခုအခါ ယဉ့်မျိုးသွင်သည် မြန်မာနိုင်ငံတွင် တစ်ဦးတည်း သောPresenter အဖြစ် ကျော်ကြားထင်ရှားကာ လူတကာသိသော အောင်မြင်သည့် အမျိုးသမီးတစ်ဦး ဖြစ်နေပါလေပြီ။

●

ယဉ်မျိုးသွင်အောင်မြင်လာသည့်အခါ ... ယဉ်မျိုးသွင်၏ ရုပ်ရည်၊ ခန္ဓာကိုယ်အချိုးအစားတို့ကြောင့် ရုပ်ရှင်ရိုက်ရန် စကားကမ်းလှမ်းမှုများ ရှိလာခဲ့သည်။

ယဉ်မျိုးသွင်က အားလုံးကို ငြင်းပယ်ခဲ့ပါသည်။ သူမသည် ကင်မရာရှေ့တွင် အမူအရာလုပ်သရုပ်ဆောင်တတ်သူ မဟုတ်တာကို သူ့ကိုယ်သူသိသည်။

သူမသည် နာမည်ကျော်ကြားပြီးပြီဆိုလျှင် ဘာမဆိုလုပ်လို့ရတယ်၊ ရုပ်ရှင်ရိုက်ရိုက် ... သီချင်းဆိုဆို ... ဝတ္ထုရေးရေး ... လုပ်ချင်တာလုပ်လို့ရပြီဟုထင်နေသော အူကြောင်ကြောင် အတန်းအစားမျိုးထဲက မဟုတ်ပါ။

သူမ ဘာလုပ်ချင်သည်၊ သူမ ဘာဖြစ်ချင်သည်၊ သူမ ကျွမ်းကျင်သောအရာက ဘာဖြစ်သည်ဆိုတာကို သိနားလည်သော လူတစ်ယောက်ဖြစ်ပါသည်။

ယဉ်မျိုးသွင်သည် မိမိမှာရှိသည့်အရည်အချင်းကို အသုံးချကာ ကိုယ်ရောက်လိုသောပန်းတိုင်ကို လမ်းကြောင်းတည့်တည့်လျှောက်လှမ်းတတ်သော ပညာတတ်မိန်းမတစ်ဦးဖြစ်ပါ၏။

ယဉ်မျိုးသွင်၏ လမ်းကြောင်းရွေးချယ်မှု မှန်ကန်သည့်အတွက်လည်း ယခုအချိန်တွင် ယဉ်မျိုးသွင်သည် အောင်မြင်ထင်ရှား လူသိများကာ ပွဲများအဆက်မပြတ်လက်ခံနေရသော တင်ဆက်သူတစ်ယောက်ဖြစ်နေခြင်းပင် ဖြစ်တော့သည်။

● ● ●

## ၂၁၃

"စိမ်းလဲ့ဝေ စိမ်းလဲ့ဝေပါတဲ့ရှင်"

ယဉ်မျိုးသွင်က နောက်ဆုံးသီဆိုမည့် အဆိုတော်အမျိုးသမီးလေးကို ဩသတ်နှင့် မိတ်ဆက်ပေးခဲ့ပြီး စင်ပေါ်မှဆင်းခဲ့သည်။

အဆင်းလှေကားအောက်ခြေတွင် ကိုဒီက အသင့်စောင့်ကြိုနေ၏။ ကိုဒီကမ်းပေးသောလက်ကို အားပြုကာ အောက်ကိုဆင်းလိုက်သည်။

"ကိုယ့်ကား အင်ဂျင်ဖောက်လာလို့ ဝပ်ရှော့ပို့ထိုးလိုက်ရတယ် ယဉ် ... အပြန်ကျ ယဉ့်ကားနဲ့ပဲ ကိုဒီလိုက်ရတော့မယ်"

"ရပါတယ် ကိုဒီ .. ယဉ့်ကိုအရင်လိုက်ပို့ ပြီးတော့ ကားကို ကိုဒီ ယူသွားပေါ့"

"ဖြစ်ပါ့မလား ယဉ် .. မနက်ကျ ယဉ် အသုံးလိုရင် သုံးစရာမရှိပဲ နေမယ်"

"ကိုဒီ မနက်ပြန်လာပို့မှာ မဟုတ်လား"

"အဲဒါပြောတာပေါ့၊ ကိုယ်က အိပ်ရာထနောက်ကျမှာဆိုတော့ ယဉ့်အတွက် အခက်အခဲရှိနေမှာစိုးလို့"

"ကိစ္စမရှိဘူး ကိုဒီ၊ ယဉ်လည်း မနက်ဖြန် အအားရတယ်၊ ဘာ အစီအစဉ်မှမရှိဘူး။ အိပ်ရေးဝအောင် အိပ်ပစ်လိုက်ဦးမယ်"

"အိုကေ ... ဒါဆို ယဉ်ကို အရင်လိုက်ပို့ပြီး ကားကို ကိုယ်ယူသွားလိုက်မယ်"

အိမ်အပြန်ကိစ္စကို ညှိနှိုင်းနေကြခြင်း ဖြစ်ပါသည်။

ကိုဒီဆိုသူမှာ နိုင်ငံကျော်အဆိုတော်တစ်ယောက်ဖြစ်သည်။ နာမည်ရင်းက **ဒီလှိုင်းသစ်**။ ထိုမျှလှသည့် နာမည်ရင်းရှိသော်လည်း အဆိုတော်လုပ်သည့်အခါတွင်တော့ **ဒီလုံး**ဆိုသည့်နာမည်ကို ယူထားလေသည်။ စာလုံးပေါင်းရာတွင်လည်း ယခုခေတ်စားနေသည့်အတိုင်း အင်္ဂလိပ်လိုတစ်ဝက် ဗမာလိုတစ်ဝက် ပေါင်းထားသေးသည်။

**D လုံး ... တဲ့။**

ဒီလှိုင်းသစ်ခေါ် ဒီလုံးနှင့် ယဉ်မျိုးသွင်တို့ တက္ကသိုလ်မှာကတည်းက သူငယ်ချင်းများ ဖြစ်ကြသည်။

ဒီလုံးက ကျောင်းမှာကတည်းက သီချင်းဆိုနေပြီ၊ အဆိုတော်ဖြစ်နေပြီ။ နာမည်လည်း ရနေပြီ။ ယဉ်မျိုးသွင် Presenter ဖြစ်လာမှ ... စင်မြင့်ဖျော်ဖြေပွဲများမှာ ပြန်တွေ့ကြခြင်းဖြစ်သည်။

ယခုအခါတွင် ဒီလုံးနှင့်ယဉ်မျိုးသွင်မှာ ချစ်သူရည်းစားများ ဖြစ်နေကြပါပြီ။

ဦးလေးဖြစ်သူဦးအောင်သွင် မကြည်ဖြူသည့်အချက်ထဲတွင် ဒီလုံးအား ချစ်သူအဖြစ် ရွေးချယ်လိုက်ခြင်းလည်း ပါဝင်လေ၏။

●

စတိတ်ရှိုးအပြီးတွင် ယဉ်မျိုးသွင်ကားကို ဒီလုံးက မောင်းကာ အတူပြန်လာခဲ့ကြပါသည်။

စင်နောက်မှအထွက်တွင် အဆိုတော်များကိုမြင်ရရန် ရပ်စောင့်နေသောပရိသတ်များကို စုစုရုံးရုံးကြီး တွေ့ရသည်။ ကားဆီသို့ အသွားတွင် မနည်းပင်ရောက်အောင်သွားရ၏။ အဆိုတော်များအနီးသို့ တိုးကပ်လာကာ နှုတ်ဆက်သူများ အော်ဟစ်ရေးခိုင်းသူများဖြင့် ရှုပ်ယှက်ခတ်နေသည်။

ဒီလုံးနှင့်ယဉ်မျိုးသွင်တို့အနီးကိုလည်း ပရိသတ်များ တိုးဝှေ့လာကြသည်။

ဒီလုံးက ယဉ်မျိုးသွင်လက်ကိုကိုင်ကာ လူအုပ်ကြားမှ တွန်းတိုက်ပြီး ခေါ်လာခဲ့သည်။

ယဉ်မျိုးသွင်နှင့်ဒီလုံးတို့အချစ်ရေးကိစ္စကို ပရိသတ်အားလုံး က သိပြီးကြပြီ။ ဂျာနယ်များကောင်းမှုဖြင့် ဒီလုံးနှင့်ယဉ်မျိုးသွင် ချစ်ကြိုက်နေကြသည့် သတင်းများက ပလူပျံအောင်ပါပြီးဖြစ်သည်။ ''ဘယ်တော့လက်ထပ်မှာလဲ''ဆိုသည့်အမေးကို ပြန်ဖြေထားသည့် နှစ်ဦးစလုံး၏အဖြေများနှင့် နှစ်ယောက်တွဲဓာတ်ပုံများက ဂျာနယ်အတော်များများမှာ မကြာခဏပါဝင်ခဲ့ပြီးဖြစ်၍ ပရိသတ်က သိထားပြီးဖြစ်ပါသည်။

သူတို့နှစ်ဦးကို လိုက်ဖက်ညီသောစုံတွဲအဖြစ် ဂီတလောကကရော ပရိသတ်များကပါ အသိအမှတ် ပြုထားကြလေသည်။

အတော်တွန်းတိုက်ထွက်မှပင် ယဉ်မျိုးသွင်၏ကားဆီသို့ ရောက်သွားကြသည်။

ယဉ်မျိုးသွင်က ကားသော့ကို ထုတ်ပေးလိုက်၏။

ဒီလုံးက ဒရိုင်ဘာခုံတွင်ဝင်ထိုင်ကာ ကားကို မောင်းထွက်လာခဲ့လေသည်။

''ဒီလုံး ... ဒီလုံး ...''

''ယဉ်မျိုးသွင် ... မမျိုး ...''

ပရိသတ်တချို့ထံမှ အော်ဟစ်နှုတ်ဆက်သံများက နောက်တွင် ကျန်ခဲ့လေသည်။

●

အင်းလျားလမ်းရှိ ယဉ်မျိုးသွင်ခြံရှေ့အရောက်တွင် ဒီလုံးက ကားဟွန်းကိုတီးလိုက်သည်။

အိမ်ထဲမှ အိမ်ဖော်မလေးထွေးခင် ချက်ချင်းထွက်လာကာ ဝင်းတံခါးကို သော့ဖွင့်ပေး၏။ ထွေးခင်နောက်မှ ဒေါ်နော်ခမ်းပါလာသည်။ ဒေါ်နော်ခမ်း

သည် ယဉ်မျိုးသွင်ပြန်အလာကို မအိပ်သေးပဲ အသင့်စောင့်ကြိုနေခြင်း ဖြစ်သည်။

ဒေါ်နော်ခမ်းက ယဉ်မျိုးသွင်မိဘများရှိစဉ်ကတည်းက နေခဲ့သော ကရင်အမျိုးသမီးကြီး။ အိမ်ဖော်ဆိုသော်လည်း ယဉ်မျိုးသွင်အပေါ်တွင် ငယ်စဉ်ကတည်းက အတူနေခဲ့သောကြောင့် သံယောဇဉ်ကြီးလှသည်။ ယဉ်မျိုးသွင်ကလည်း ဒေါ်နော်ခမ်းကို အမိုးလို့ခေါ်ကာ မိခင်တစ်ယောက် သဖွယ် အိမ်မှာထားခဲ့သည်။

ထွေးခင်ဆိုသည်က ဒေါ်နော်ခမ်းအသက်ကြီးလာ၍ ဒေါ်နော်ခမ်း ကိုအကူအညီရအောင် လွန်ခဲ့သောတစ်နှစ်ခန့်ကမှ ခေါ်ထားသော အိမ်ဖော် မလေးဖြစ်သည်။ အသက်၁၅နှစ်လောက်ပဲ ရှိပါသေးသည်။

"ခြံထဲအထိမပို့နဲ့တော့ ကိုဒီ"

"ကိုယ် ကားဟွန်းတီးလိုက်တာ စောသွားတယ်ကွာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဟွန်းသံကြားကြားချင်း ဒေါ်နော်ခမ်းကြီးတို့ ထွက်လာလို့ပေါ့၊ ယဉ့်ကို အနမ်းလက်ဆောင် မပေးရတော့ဘူး။ ဒီလိုမှန်းသိ . . ယဉ့်ကို အနမ်းလက်ဆောင်ပေးပြီးမှ ဟွန်းကိုတီးပါတယ်ကွာ"

"အို . . သွားစမ်းပါ"

ယဉ်မျိုးသွင်က ဒီလုံးပခုံးကိုလက်သီးနှင့်လုပ်းထိုးပြီး ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။

ယဉ်မျိုးသွင်ခြံထဲရောက်ပြီး ခြံတံခါးပိတ်ပြီးမှ ဒီလုံးက ကားကို မောင်းထွက်သွားလေ၏။

● ● ●

## ၂၁၄

"ယဉ်ယဉ် .. သမီးလေး .. အောက်မှာ ဦးအောင်သွင်တို့ လင်မယား ရောက်နေတယ်ကွယ့်"

ဒေါ်နော်ခမ်းက ယဉ်မျိုးသွင်ပခုံးကို ညင်သာစွာလှုပ်ယမ်းရင်း အိပ်နေရာမှ နှိုးလိုက်သည်။

ယဉ်မျိုးသွင် အိပ်မှုန်စုံမွှားဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ အိပ်ရာက နိုးလိုက်ရ၍ အားနာနေသော ဒေါ်နော်ခမ်းမျက်နှာကို မြင်လိုက်ရသည်။

"သူတို့က အမိုးကို အတင်းနှိုးခိုင်းကြလို့ပါ ယဉ်ယဉ်"

ဒေါ်နော်ခမ်းက တောင်းပန်စကား ပြောလိုက်သည်။

ယဉ်မျိုးသွင် စားပွဲပေါ်မှနာရီလေးကို လှမ်းကြည့်လိုက်တော့ မနက်ရနာရီထိုးနေပါပြီ။

"ကိစ္စမရှိပါဘူး အမိုး၊ ရှစ်နာရီတောင် ထိုးနေပြီပဲ၊ ဒါပေမဲ့ အန်ကယ်တို့လာတာ စောတယ်နော်"

"ယဉ်ယဉ်ကို တစ်ခုခုပြောစရာရှိပုံရတယ်"

"ကောင်းပြီ အမိုး၊ မျက်နှာသစ်ပြီး ယဉ်ဆင်းခဲ့မယ်လို့ သွားပြောထား လိုက်ပါ"

"ကောင်းပါပြီကွယ်"

●

ယဉ်မျိုးသွင်အောက်ကို ဆင်းလာတော့ ဦးအောင်သွင်နှင့် ဒေါ်မော်လီကောင်းမြတ်တို့က စောင့်ကြိုနေကြသည်။

ထွေးခင်က ကော်ဖီနှင့်မုန့်များချ၍ ညှ့ခံထားနှင့်၏။

ယဉ်မျိုးသွင်နှင့်မျက်နှာချင်းဆိုင်မိသည်နှင့် ဦးအောင်သွင်က သူပြောလိုရာကို ပြောချလိုက်၏။

"ဘယ်လိုလဲ ဆွိုတီ.. မင်းလုပ်ပုံတွေ ကောင်းသေးရဲ့လား။ တစ်ည မကူးသေးဘူး။ မင်းတို့သတင်းတွေက ပြန့်နေပြီ၊ ဒါ ... ဂျာနယ်တွေထဲမှာ ပါမလာဘူးလို့ မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ အန်ကယ် .. ဘာကိုပြောတာလဲ"

ယဉ်မျိုးသွင်က တကယ်ပင်နားမလည်၍ ပြန်မေးလိုက်၏။

"ဘာရမလဲကွ.. မင်း မနေ့ကညက ဒီလုံးကားပေါ်မှာ ပါသွားတယ်လို့ သတင်းထွက်နေတဲ့ကိစ္စပေါ့"

"ရှင် ... တကယ်တော့ ယဉ်က ကိုဒီ့ကားပေါ်ပါသွားတာ မဟုတ်ဘူး အန်ကယ်၊ ကိုဒီကသာ ယဉ့်ကားပေါ်ပါလာတာပါ၊ ကိုဒီ့ကို ယဉ့်ကား ပေးလိုက်တာပါ"

"အေး ... ဘယ်သူ့ကားပေါ် ဘယ်သူပါပါ.. အပြင်မှာ သတင်းတွေက ထွက်နေပြီ၊ မင်းတို့နှစ်ယောက် နီးပြေးကြပြီတဲ့၊ မင်းက ဒီလုံးနဲ့အတူတူ ညလိုက်အိပ်တယ်တဲ့၊ ကောင်းသေးရဲ့လားကွ ဆွိုတီ၊ ကောင်းသေးရဲ့လား"

"အို ... မောင်ကလည်း ဒီလိုကိစ္စမျိုးကို အေးအေးဆေးဆေး ပြောစမ်းပါ၊ ဆွိုတီ့ကို မော်လီမေးပါရစေဦး"

ဒေါ်မော်လီကောင်းမြတ်က ကြားဝင်လိုက်သည်။

"ဒီလိုဆွိုတီရေ ... မနေ့ကညက ဆွိုတီတို့ စတိတ်ရှိုးပွဲ ရှိတယ်ဆို၊ ပွဲကအပြန်မှာ ဆွိုတီနဲ့ဒီလုံး ကားတစ်စီးတည်းနဲ့အတူတူ ပြန်သွားကြတယ်တဲ့၊ အဲဒါကိုမြင်တဲ့လူက ဆွိုတီ့အန်ကယ်ကို ဖုန်းဆက်ပြောတယ်လေ၊ အဲဒါကြောင့် ဆွိုတီ့အန်ကယ်က စိတ်ဆိုးနေတာ"

''ဒီလိုပါ အန်တီ ကိုဒီကား ဝပ်ရှော့ပို့ထားရလို့ ကိုဒီက ယဥ့်ကို သူ့အိမ်လိုက်ပို့ပေးဖို့ ပြောတာပါ၊ ယဥ်က ယဥ့်အိမ်ကိုအရင် ပြန်ပြီးနေခဲ့မယ်၊ ကားကို ကိုဒီယူသွားဆိုပြီး စီစဥ်လိုက်တာပါ အန်တီ''

''ဩော် ... ဒီလိုလား''

''ယဥ်အိမ်မှာဆင်းနေခဲ့ပြီး ကိုဒီ ကားကိုယူသွားတာ၊ ကားကို ခြံထဲအထိတောင် မောင်းမဝင်လိုက်ဘူး။ မယုံရင် အမိုးကိုမေးကြည့်လေ''

ယဥ်မျိုးသွင်က အနားမှာရပ်နေသော ဒေါ်နော်ခမ်းကို တိုင်တည် လိုက်သည်။

''ဟုတ်ပါတယ် ဦးအောင်သွင်၊ ညက ယဥ်ယဥ်ပြန်ရောက်တာ ည၁၂နာရီ၁၅မိနစ်ပါ၊ မောင်ဒီလုံးက အိမ်ရှေ့အထိလိုက်ပို့ပြီး ယဥ်ယဥ့်ကား ကို မောင်းယူသွားတာပါ၊ ဒေါ်နော်ခမ်းလည်း ယဥ်ယဥ့်ကို ထွက်ကြိုနေခဲ့ ပါတယ်၊ ဒါ ... အမှန်ပါပဲ ဦးအောင်သွင်''

ဦးအောင်သွင်ကတော့ ကျေနပ်ပုံမရသေး။

''ဘာပဲဖြစ်ဖြစ်လေ. မင်းတို့နှစ်ယောက် အတူတူပြန်သွားတာကို မြင်လိုက်တဲ့လူကအများကြီး၊ အချိန်ကလည်း ညကြီးမင်းကြီး၊ ဒီတော့. လူတွေက ထင်ရာမြင်ရာပြောကြမှာပဲဆို့တီ၊ ဂျာနယ်တွေထဲမှာ ဒီအကြောင်း ပါလာရင် သွားပြီ၊ ငါတို့မျက်နှာ မားနဲ့လှီးပစ်ဖို့ပဲ ရှိတော့တယ်''

''အန်ကယ်ရယ် တကယ်ဟုတ်မှ မဟုတ်ပဲ၊ ဂျာနယ်ထဲပါစရာ အကြောင်းမရှိပါဘူး၊ ပါခဲ့ရင်လည်း ယဥ်က ဂရုမစိုက်ပါဘူး၊ ကိုယ့်ဘက်က အမှားမှ မရှိပဲ''

''ဂရုမစိုက်လို့ရမလား၊ ပတ်ဝန်းကျင်အထင်အမြင်ဆိုတာ ဂရုမစိုက်လို့မရဘူး ဆို့တီ၊ မင်းရောက်နေတဲ့အသိုင်းအဝိုင်းကိုက မကောင်း တာ၊ လူရှုပ်လူပွေ လူရမ်းကားတွေ၊ ပြက်ချော်ချော်လူတွေချည်းပဲ ...''

''အန်ကယ် ...''

''အို ... မောင်ကလည်း တော်စမ်းပါ၊ ဒီလိုချည်း တစ်ဖက် သတ်ပြောလို့ ဘယ်ဖြစ်မှာလဲ''

"မောင်ပြောတာ မမှန်လို့လား မော်လီရဲ့၊ ဒီမယ် ... ဆွိုတီ၊ မင်းလုပ်ချင်တဲ့အလုပ်ကိုလုပ်ခဲ့တာ ခုလောက်ဆို ကျေနပ်လောက်ရောပေါ့၊ တော်ပါတော့၊ တော်လိုက်ပါတော့၊ ဒီအလုပ်ကို ဆက်မလုပ်ပါနဲ့ တော့ ဆွိုတီ၊ ဒီလုံးဆိုတဲ့ကောင်နဲ့လည်း အဆက်ဖြတ်လိုက်ပါ၊ တကယ်တော့.. သူ့အဖေက မင်းအဖေကိုသတ်ခဲ့တယ်ဆိုတာလည်း မင်းမေ့ထားဖို့ မကောင်းဘူးဆွိုတီ"

"အန်ကယ်.. ကိုဒီ့အဖေက ယဉ်ဒက်ဒီကိုသတ်တယ်ဆိုတာ အန်ကယ့်စွပ်စွဲချက်ပါအန်ကယ်၊ အခြေအမြစ်မရှိပါဘူး၊ လူတစ် ယောက် နှလုံးရောဂါနဲ့သေတာကို သူ့စီးပွားပြိုင်ဘက်က စိတ်ဆင်းရဲ အောင်လုပ်လို့ သေရတာပါဆိုပြီး တစ်ဖက်ကိုလူသတ်သမားစွပ်စွဲနေရင် မှားမှာပေါ့အန်ကယ်၊ ဒီစကားကိုကြားရင် တစ်ဖက်က ကိုယ့်ကိုပြန်ပြီး တရားစွဲလို့တောင်ရတယ် အန်ကယ်"

"တော်စမ်း ဆွိုတီ၊ ငါ့ကို ဝိကျောင်းမင်းရေကင်းပြမနေနဲ့၊ ငါက မင်းရဲ့ဦးလေး၊ မင်းကိုအုပ်ထိန်းခွင့်ရထားတဲ့ မင်းရဲ့အမွေထိန်း၊ ငါ့မှာ ဆိုဆုံးမ ပိုင်ခွင့်ရှိတယ်။ ဒီတော့ ဒီအချိန်ကစပြီး မင်းရဲ့ သိက္ခာမရှိတဲ့ အလုပ်ကြီးကို ရပ်တန်းကရပ်ပါ"

"သိက္ခာမရှိတဲ့ အလုပ်"

"ဟုတ်တယ် ဆွိုတီ မင်းအလုပ်ဟာ လူတကာကို ရှေ့ကနေ ကြော်ငြာပေးနေရတဲ့အလုပ်၊ သိက္ခာမရှိတဲ့အလုပ်ကြီးပဲ၊ ဒါကို ရပ်တန်းက ရပ်ပါတော့၊ ဂုဏ်သရေရှိတဲ့လူတစ်ယောက်နဲ့ လက်ထပ် ပြီး ငါ့ထိန်းသိမ်းထားရတဲ့အမွေတွေကို လွှဲယူပေတော့ဆွိုတီ"

"ယဉ်လက်ထပ်ပြီးတဲ့အခါ ယဉ်ရပိုင်ခွင့်ရှိတဲ့အမွေတွေကို လွှဲယူမှာပါအန်ကယ်၊ ဂုဏ်သရေရှိတဲ့လူတစ်ယောက်နဲ့လက်ထပ်ရမယ် ဆိုတာက ဘာကိုဆိုလိုတာလဲ၊ ယဉ်ချစ်သူ.. ကိုဒီ.. ကိုဒီလှိုင်းသစ် ကလည်း လူကောင်းတစ်ယောက်ပါ၊ ပညာတတ် မျိုးရိုးကောင်း.."

"တော်- တော်စမ်းဆွိုတီ၊ အဲဒီမျိုးရိုးဆိုတာကိုပဲ ငါက မကြိုက်တာ၊ ဒီလုံးအဖေက မင်းအဖေကိုသတ်ခဲ့တာ မင်းမေ့ပစ်တော့မလို့လား။ မင်းအဖေကို

အမလွန်မှာ ရင်ကွဲအောင်ထပ်လုပ်ဦး မလို့လား။ တော်ပြီ ... ဒီလုံး အကြောင်းဆက်မပြောနဲ့၊ အဲဒီကောင်နဲ့လည်း သဘောမတူနိုင်ဘူး။ မင်း ...မောင်ဖေယျာဦးနဲ့ပဲ လက်ထပ်ရမယ်၊ မင်းကို ဖေယျာဦးနဲ့ပဲ သဘောတူတယ်၊ ဒါပဲ ..."

"ယဉ်မှ ဖေယျာဦးကိုမချစ်တာ"

ဒေါ်မော်လီ ကြားဝင်ရပြန်သည်။

"ဒီလိုပါဆွိုတီ၊ ဆွိုတီ့အန်ကယ်က ဆွိုတီ့ကိုချစ်လို့ပြောနေ တာပါကွယ်၊ ဆွိုတီ့အမွေတွေကိုထိန်းသိမ်းထားရတာလည်း ကြာပြီ ဆိုတော့.. ဆွိုတီ့ကိုလွှဲပေးချင်ပြီလေ၊ ဆွိုတီ့ဒက်ဒီရဲ့ သေတမ်းစာအရ ဆိုရင်.. ဆွိုတီအိမ်ထောင်ပြုမှ အမွေတွေကိုလွှဲပေးရမှာမဟုတ်လား။ ဒါကြောင့်.. ဆွိုတီ့အန်ကယ်က ဆွိုတီ့ကိုအမွေတွေလွှဲပေးချင်လို့ ပြောနေ တာပါကွယ်"

"ဟုတ်တယ် ဆွိုတီ.. မင်းကို အိမ်ထောင်ရက်သားကျပြီး တည်တည်ငြိမ်ငြိမ် ငါမြင်ချင်ပြီ၊ ဒီလုံးဆိုတဲ့ကောင်နဲ့တော့ သဘောမတူနိုင်ဘူး။ ဒီတော့ အန်ကယ်ပြောတာတွေကို ဆွိုတီ ခေါင်းအေးအေးနဲ့ စဉ်းစားထားပါ။ အန်ကယ်ကောင်းအောင်စီစဉ်တာတွေကို ဖျက်မယ်ဆိုရင်တော့ ... နောက် မှ အန်ကယ့်ကို အပြစ်မဆိုနဲ့ဆွိုတီ"

ထိုစဉ် ခြံရှေ့မှ ကားဟွန်းတီးသံကို ကြားလိုက်ရ၏။

ဟွန်းသံကြားရုံနှင့် သူမ၏ကားမှန်း ယဉ်မျိုးသွင်က သိလိုက်သည်။ ကိုဒီ ကားကိုပြန်လာပို့ခြင်းဖြစ်သည်။

ထွေးခင်က အိမ်ရှေ့သို့ပြေးထွက်သွားကာ ခြံတံခါးကို ဖွင့်ပေးနေ၏။

အန်ကယ်တို့ရှိချိန်မှာ ဒီလုံးရောက်လာသည့်အတွက် ယဉ်မျိုးသွင်က စိတ်ညစ်သွားလေသည်။

ဟွန်းသံကြောင့် ဦးအောင်သွင်က အိမ်ရှေ့ကို လှမ်းကြည့်လိုက်ရာ.. ယဉ်မျိုးသွင်ကားကိုမောင်းဝင်လာသော ဒီလုံးကိုမြင်လိုက်လေ၏။

"တဲ့

"ထို့ ဒီကောင်နဲ့မျက်နှာချင်းဆိုင်ရရင် သူ့ကိုငါသတ်မိလိမ့်မယ်၊ ပြန်ကြစို့ မော်လီ၊ ဆိုတီ ... အန်ကယ်ပြောတာတွေကို မင်း ကောင်းကောင်း စဉ်းစားထားပါ"

ဦးအောင်သွင်က ယဉ်မျိုးသွင်ကို အားရအောင်ဆူပြောပြီး အိမ်ထဲမှ ထွက်သွားလေတော့သည်။

ယဉ်မျိုးသွင်သက်ပြင်းချရင်း ကျန်ရစ်ခဲ့ရ၏။

● ● ●

## ၂ ၀ ၉

"ဘာတွေသက်ပြင်းချနေတာလဲ ယဉ်၊ ကေနှ ဘိုးတော်ကြီးက ယဉ့်ကို ဆူသွားပြန်ပြီထင်တယ်"

အိမ်ထဲဝင်လာလာချင်း မျက်နှာညှိုးနေသော ယဉ်မျိုးသွင်ကိုကြည့်ကာ ဒီလုံးက ပြောလိုက်လေသည်။

"ဟုတ်တယ် ကိုဒီ ညက ယဉ်နဲ့ကိုဒီ အတူတူပြန်လာကြတာကို ကိုဒီနဲ့အတူတူ ယဉ် ညလိုက်အိပ်တယ်လို့ အပြင်မှာ နာမည်ကြီးနေတယ်တဲ့"

"ဟင် ... မဖြစ်နိုင်တာ ယဉ်ရယ်"

"ယဉ်တို့ကတော့ ကိုယ့်လိပ်ပြာကိုယ် လုံပြီးသားပဲလေ၊ ဘေးလူတွေ ပြောချင်လည်း ပြောမှာပေါ့"

"နေပါဦးယဉ်ရဲ့ မလိုတမာ သတင်းလွှင့်တယ်ပဲ ထားဦးတော့၊ သတင်းက ပြန့်လွယ်လှချည်လား။ ညကကိစ္စကို အခုမနက်ပဲ လူသိများကုန်ပြီဆိုတော့ ဖြစ်နိုင်ပါ့မလား ယဉ်"

"အန်ကယ့်ဆီကို သူ့မိတ်ဆွေတစ်ယောက်က ဖုန်းလှမ်းဆက်ပြီးပြောတာတဲ့"

"အဲဒီလိုဖြစ်ပါလိမ့်မယ် ယဉ်၊ သူပြောသလို သတင်းပြန့်တယ် ဆိုတာတော့ မဖြစ်နိုင်ပါဘူး"

"ဒီသတင်း ... ဗျာနယ်တွေထဲပါလာမှာစိုးတယ်တဲ့ ကိုဒီရယ်"

"မဖြစ်နိုင်တာကွာ"

"အန်ကယ်ကတော့ ကိုဒီနဲ့ယဉ်ကြားမှာ ဒီလိုပဲ ဝင်ရှုပ်နေတော့ မှာပဲ ကိုဒီ၊ ကိုဒီ့ကို ယဉ်နဲ့သဘောမတူနိုင်ဘူးတဲ့၊ ယဉ့်ဒက်ဒီ သေရတာ ကိုဒီ့အဖေကြောင့်ဆိုတဲ့ သူပြနေကျ အကြောင်းပြချက်ကြီးနဲ့ သဘောမတူနိုင် ဖြစ်နေရတာလေ"

"ခက်ပါလား ဒီအကြောင်းကို ကိုယ် ဖေဖေ့ကို မေးကြည့် ပြီးပါပြီ ယဉ်၊ ဖေဖေနဲ့ယဉ့်အဖေဦးမင်းသွင်တို့ လုပ်ငန်းပြိုင်ဘက်တွေဖြစ်တာ မှန်ပေမဲ့ ရန်သူတွေ မဟုတ်ကြပါဘူးတဲ့၊ အဲဒီတုန်းက ကန်ထရိုက်ကို ယဉ့်ဖေဖေရမယ် လို့ နာမည်ထွက်နေတာလဲ အမှန်ပဲတဲ့၊ တင်ဒါသွင်းတဲ့နေရာမှာ ဖေဖေက ပြိုင်ဘက်တွေ မမျှော်မှန်းတဲ့နှုန်းကို ပေးလိုက်လို့ ကန်ထရိုက်ကို ဖေဖေ ရသွားတာပါတဲ့၊ ကိုယ့်ကို ရှင်းပြတယ် ယဉ်၊ ယဉ်လည်း သံသယရှင်းအောင် ယဉ့်ကို ဖေဖေနဲ့တွေ့ ပေးချင်တယ်"

"ယဉ် နဂိုကတည်းက သံသယရှင်းပြီးသားပါကိုဒီ၊ ဒက်ဒီ့မှာ နှလုံးရောဂါရှိတယ်၊ စိတ်ဆင်းရဲစရာတစ်ခုကြောင့် ရုတ်တရက် နှလုံးရောဂါ ဖောက်ပြီး ဆုံးရတယ်၊ အဲဒါကို ပြိုင်ဘက်ကြောင့်ပါလို့ လက်ညှိုးထိုးပြီး ဒိ ဒီ့အဖေကို လူသတ်သမားလို့စွပ်စွဲနေတာကို စကတည်းက ယဉ် လက်မခံခဲ့ပါ ဘူး၊ သဘာဝမကျဘူးဆိုတာလည်း ယဉ်သိပြီးသားပါ"

"အန်ကယ်ဦးအောင်သွင် လက်ခံအောင် ကိုယ် ဘယ်လို ကြိုးစား ရမလဲ ယဉ် ...ဖေဖေ့ကို အန်ကယ်ဦးအောင်သွင်နဲ့ သွားတွေ့ပြီး ရှင်းနိုင်းပေးရမလား"

"အို ... ဒီလိုလုပ်ရင် ပိုရှုပ်ကုန်မှာပေါ့ ကိုဒီ၊ အန်ကယ်က တစ်ယူသန် တစ်ဖွတ်ထိုးကြီး၊ သူ့အထင်အမြင်ကို ဘယ်လိုမှ ပြောင်းမှာ မဟုတ်ဘူး"

"ဒါဖြင့် ... ကိုယ်တို့ဘယ်လို စီစဉ်ကြမလဲ"

"လောလောဆယ် ဒီတိုင်းနေရုံပါပဲ ကိုဒီ၊ အန်ကယ်ကတော့ ယဉ့်အမွေတွေကိုထိန်းထားရတာ ခေါင်းခဲလှပြီတဲ့၊ ယဉ့်ကိုအိမ်ထောင်ပြုပြီး အမွေတွေကိုလွှဲယူစေချင်ပြီတဲ့"

"ဒါဆိုလည်း ရှင်းသားပဲ ယဉ်ရယ် ကိုယ်တို့လက်ထပ်လိုက်ကြတာပေါ့"

ယဉ်မျိုးသွင်က သက်ပြင်းချလိုက်သည်။

"ယဉ် လက်မထပ်ချင်သေးလို့ ခက်နေတာပေါ့ကိုဒီ၊ ယဉ့် အောင်မြင်မှုက ခုမှအစရှိသေးတယ်၊ Presenter ဆိုတဲ့လမ်းကြောင်းတစ်ခု မြန်မာနိုင်ငံမှာ ပီပီပြင်ပြင်ဖြစ်သွားအောင် လမ်းစဖော်ပေးချင်သေးတယ်၊ ဒါ ... မြန်မာနိုင်ငံရဲ့ မီဒီယာလမ်းကြောင်းတစ်ခုလုံးအတွက် ယဉ်ပြောတာပါ၊ ယဉ်ကြီးကျယ်တာ မဟုတ်ပါဘူး။ ယဉ် အိမ်ထောင် မပြုချင်သေးဘူး ကိုဒီ၊ ဒါပေမဲ့ ... စိတ်ချပါ၊ ယဉ် အိမ်ထောင်ပြုရင် ယဉ့်ရဲ့အိမ်ဦးနတ်က ကိုဒီပဲ ဖြစ်ရမှာပါ"

"ကိုယ်ယုံပါတယ် ယဉ်"

"ဒါပေမဲ့ .. ကိုဒီနဲ့လက်ထပ်မယ်ဆိုရင်လည်း အန်ကယ်က ပြဿနာရှာဦးမှာလေ"

"ကိုယ်တော့ အန်ကယ်ဦးအောင်သွင်ကို အံ့ဩတယ်၊ ယဉ့် အမွေတွေကို ထိန်းထားရလို့ သူ့မှာ ဘာများ အပန်းကြီးသွားလို့လဲ ယဉ်ရယ်။ ကိုယ်တော့ မစဉ်းစားတတ်အောင်ပဲ၊ ပခုံးပေါ်မှာ ထမ်းထားရတာမှ မဟုတ်တာ"

"အဓိကကတော့ ကိုဒီ့ဖေဖေနဲ့ပတ်သက်တာပါပဲ ကိုဒီရယ်၊ အန်ကယ်က သူ့အစ်ကိုသေရတာ ကိုဒီ့အဖေကြောင့်လို့ သူ့ စိတ်ထဲမှာ စွဲနေတယ်လေ"

"ဒါဖြင့် ... ယဉ်နဲ့လက်ထပ်မယ့်သူဟာ ကိုယ်မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင် အန်ကယ်ဦးအောင်သွင် ခုလိုရစ်နေမှာ မဟုတ်ဘူးပေါ့နော်၊ အဲဒီလိုရော ဖြစ်နိုင်ပါ့မလား ယဉ်"

"ကိုဒီရယ် ... ယဉ်လည်း ဘာမျှမပြောတတ်တော့ပါဘူး"

အန်ကယ်က အန်တီမော်လို့တူ ဖေယျာဦးနဲ့သဘောတူနေတယ် ဆိုတာကိုတော့ ကိုဒီစိတ်ဆင်းရဲမှာစိုး၍ ယဉ်မျိုးသွင်က ပြောပြမနေတော့ပါ။

● ● ●

# ၂ ၁ ၆

သည်နေ့တစ်နေ့လုံး ယဉ်မျိုးသွင်မှာ ပြင်ပကိစ္စများ သွားစရာမရှိပါ။

ယဉ်မျိုးသွင်သည် နံနက်ဆယ်နာရီတွင် သူမ၏အေဂျင်စီ ရုံးခန်း ဖွင့်လှစ်ထားရာသို့ လာခဲ့သည်။

ယဉ်မျိုးသွင်၏ရုံးခန်းမှာ ဟိုတယ်ကြီးတစ်ခု၏ တတိယထပ်တွင်ရှိသည်။

ယဉ်မျိုးသွင်၌ ဝန်ထမ်းများများစားစားမရှိပါ။ ထားရန်လည်း မလိုအပ်ပါ။ ထက်ထက်နိုင်ဆိုသူ အမျိုးသမီးလေးကို ရုံးခန်းတာဝန်ခံအဖြစ် ခန့်ထားသည်။ ထက်ထက်နိုင်သည် ယဉ်မျိုးသွင်၏ သူငယ်ချင်းဖြစ်သူ သက်သက်နိုင်၏ညီမ ဖြစ်သည်။ စီးပွားရေးဘွဲ့ရထားသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ ယဉ်မျိုးသွင်အတွက် အလုပ်နှင့်ဆိုင်သောအချိန်း အချက်များကို ထက်ထက်နိုင်က တာဝန်ယူလုပ်ပေးရသည်။ ယဉ်မျိုးသွင်ကို တင်ပြရသည်။

ပြင်ပတွင်ချိန်းဆိုထားသော အလုပ်ကိစ္စများမရှိပါက နံနက် ဆယ်နာရီဆိုလျှင် ယဉ်မျိုးသွင် အလုပ်ခန်းသို့ ရောက်လာမြဲဖြစ်သည်။

ကိုးနာရီထိုးတွင် ရုံးလာဖွင့်သည့် ထက်ထက်နိုင်ကလည်း ထိုအချိန်တွင် ရောက်နေပြီးဖြစ်ပါသည်။

"ဘာထူးသေးလဲ ထက်ထက်"

ရုံးခန်းထဲသို့ဝင်ဝင်ချင်း ယဉ်မျိုးသွင်က ထက်ထက်နိုင်ကို မေးလိုက်သည်။

"မန္တလေးက မုန့်တိုက်တစ်ခုဖွင့်ပွဲအတွက် မမကို လာငှားပါတယ်၊ မမနဲ့ညှိနိုင်းဖို့ နေ့လယ်တစ်နာရီကို ပြန်ချိန်းလိုက်ပါတယ်၊ လုပ်ငန်းရှင်နဲ့ သက်ဆိုင်တဲ့အချက်အလက်တွေကို မမစားပွဲပေါ်မှာ တင်ထားပြီးပါပြီ"

"ကောင်းပြီ ထက်ထက်၊ ကျေးဇူးပဲ"

ယဉ်မျိုးသွင်က သူမအခန်းထဲဝင်သွားပြီး မန္တလေးမှ မုန့်တိုက်အသစ်နှင့်ပတ်သက်သောအချက်အလက်များကို ဖတ်နေလိုက်သည်။ မုန့်တိုက်ဖွင့်ပွဲကို ရွှေ့အပတ်လောက်မှာလုပ်ဖို့ လျာထားထားသည်။ ဖွင့်ပွဲတွင် ယဉ်မျိုးသွင်က အခမ်းအနားတင်ဆက်သူအဖြစ် ဆောင်ရွက်ပေးဖို့ လာငှားခြင်း ဖြစ်ပါသည်။

ယဉ်မျိုးသွင်က ယခုလအတွက်စီစဉ်ထားသော အစီအစဉ်ဇယားကို ပြန်ကြည့်လိုက်သည်။ ရွှေ့အပတ်တွင် ဗုဒ္ဓဟူးတစ်ရက်သာ မော်ဒယ်ရှိုးတစ်ခုအတွက် ချိန်းထားတာရှိသည်။ မုန့်တိုက်ဖွင့်ပွဲကို လက်ခံနိုင်ပါသည်။ လုပ်ငန်းရှင်ရောက်လာလျှင် ရက်ချိန်းအတိအကျနှင့် ဆောင်ရွက်ခတို့ သဘောတူသတ်မှတ်နိုင်ပါက အလုပ်ကို လက်ခံနိုင်ပါလိမ့်မည်။

ယဉ်မျိုးသွင် စာဖတ်နေစဉ် ထက်ထက်နိုင် အခန်းထဲသို့ ဝင်လာ၏။

"ဧည့်သည်တစ်ယောက် ရောက်လာပါတယ် မမယဉ်၊ ဝင်ခွင့်ပေးရမလား"

"ဘယ်သူလဲ ထက်ထက်"

"ကိုဇေယျာဦးပါတဲ့၊ မမယဉ်ရဲ့ဆွေမျိုးထဲကလို့ ပြောပါတယ်"

ယဉ်မျိုးသွင် မျက်ခုံးပင့်သွားလေသည်။

ဖေယျာဦး။ အန်ကယ်ဦးအောင်သွင်က သူမနှင့်သဘောတူပါတယ်ဆိုတဲ့ ဖေယျာဦး။ ဒေါ်မော်လီကောင်းမြတ်၏တူ။ သူ ဘာလာလုပ်ပါလိမ့်။

ယဉ်မျိုးသွင်က သက်ပြင်းချရင်း ထက်ထက်နိုင်ကို ပြန်ပြောလိုက်သည်။

"လွှတ်လိုက်ပါ ထက်ထက်"

ထက်ထက်နိုင်က အခန်းထဲမှ လှည့်ထွက်မည်အပြု...

"ခဏထက်ထက် ... သူ့ကိုတစ်ခါတည်း ကြိုပြောလိုက်ပါ၊ မမှာ အပ္ပိုင့်မင့်တစ်ခုရှိလို့ ဆယ့်ငါးမိနစ်ပဲ စကားပြောလို့ရမယ်လို့"

"ဟုတ်ကဲ့ မမ"

●

ကိုဖေယျာဦးအခန်းထဲသို့ ဝင်လာသည်။

"မင်္ဂလာပါ ယဉ်"

ဖေယျာဦးက ယဉ်မျိုးသွင်ကို နှုတ်ဆက်လိုက်သည်။

"ကိုဖေယျာဦးပါလား။ ဘာကိစ္စများရှိလို့ပါလိမ့်၊ ယဉ်ဆီ ကိုမလာဖူး"

"အန်ကယ်ကလွှတ်လို့ ... အဲလေ ... ကျွန်တော်လည်း ယဉ်ကို တွေ့ချင်တာနဲ့ ဝင်လာလိုက်တာပါ"

ယဉ်မျိုးသွင်က ပြုံးချင်စိတ်ကို ထိန်းထားလိုက်ရသည်။

"ယဉ်ကို တွေ့ချင်တယ်.. ဟုတ်လား။ ဘာကိစ္စများပါလိမ့် ရှင်"

"ဟို ... ဒီလိုပါ၊ ယဉ်သွားစရာလာစရာရှိရင် ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဖေယျာဦးစကားပြောပုံက ဦးအောင်သွင်နှင့်ဒေါ်မော်လီ သင်ပေးလိုက်တဲ့အတိုင်း ပြောနေမှန်း သိသာလှပါသည်။

"ယဉ်သွားစရာရှိရင် လိုက်ပို့မယ် ... ဟုတ်လား၊ ဒါနဲ့ ... ကိုဖေယျာဦးက ကုမ္ပဏီထောင်ထားတာဆို"

"ဟုတ်ပါတယ်၊ ထုတ်ကုန်သွင်းကုန်ကုမ္ပဏီ ထောင်ထားပါတယ်၊ ကျွန်တော်က မန်နေဂျင်းဒါရိုက်တာပါ"

ဖေယျာဦးက ဂုဏ်ယူဟန်ဖြင့် ပြောလိုက်သည်။

"ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျင်းဒါရိုက်တာတစ်ယောက်က ယဉ်ကို သွားစရာရှိတိုင်း လိုက်ပို့နေမယ်ဆိုရင် ကိုဖေယျာဦးအလုပ်တွေ လစ်ဟင်း ကုန်မှာပေါ့ရှင်၊ ပြီးတော့ ယဉ့်အလုပ်က မန်နေဂျင်းဒါရိုက်တာ အလုပ် ထက်တောင် များသေးတယ်၊ အချိန်အကန့်အသတ်ဆိုတာလည်း မရှိဘူး။ ရှင် ဘယ်လိုလိုက်ပို့လို့ ဖြစ်မလဲ"

"ရပါတယ်ယဉ် ... ယဉ့်အတွက်ဆိုရင် ကိုယ့်မှာ အချိန်ရှိရမှာပေါ့၊ အချိန်ပေးနိုင်ရမှာပေါ့၊ အလုပ်က တခြားလူနဲ့လွှဲထားလို့လည်း ရပါတယ်"

"ယဉ်သွားစရာရှိတိုင်း ကိုဖေယျာဦးကို လှမ်းခေါ်ရမှာ အားနာ ပါတယ်လေ၊ မလိုအပ်ပါဘူး ကိုဖေယျာဦး"

"ဒီလို ဘယ်ဟုတ်မလဲ ယဉ်၊ ကိုယ် အခုလာတာ ယဉ့်ဆီကို အလည်သက်သက် မဟုတ်ပါဘူး။ ကိုယ့်မှာ ယဉ့်ကိုပြောစရာစကားတွေ အများကြီးရှိပါတယ် ယဉ်"

"ဆောရီး ကိုဖေယျာဦး။ ယဉ့်မှာ အပ္ပိုင့်မင့်တွေ ရှိနေပါတယ်၊ ကိုဖေယျာဦးအချိန်ပေးနိုင်ပေမဲ့ ယဉ် အချိန်မပေးနိုင်ပါဘူး"

"အခု အချိန်မပေးနိုင်လည်း ... ဒီနေ့ည ဒင်နာကိုတော့ ကိုယ်ကျွေးပါရစေ ယဉ်၊ ကိုယ့်မှာ ယဉ့်ကိုပြောစရာတွေရှိလို့ပါ"

"ညပိုင်း ယဉ်မအားပါဘူး။ ပွဲတစ်ပွဲရှိနေပါတယ်၊ ခဏနေရင် ... မန္တလေးကဧည့်သည်တွေ လာတော့မယ် ကိုဖေယျာဦး။ ဧည့်သည်တွေမလာခင် ငါးမိနစ်လောက် အချိန်ရတဲ့အတွင်းမှာ ... ကိုဖေယျာဦး ပြောစရာရှိတာလေး တွေ ပြောလိုက်ပါလား"

ဖေယျာဦးက သက်ပြင်းချလိုက်သည်။

"ကိုယ်ပြောမယ့်စကားက ရုံးခန်းထဲမှာ တက်သုတ်ရိုက် ပြောရမယ့် စကားမျိုး မဟုတ်ပါဘူး ယဉ်၊ အဲ.. ဒါပေမဲ့.. ကိုယ် ဘာပြောမယ်ဆိုတာ

ယဉ်သိချင်ရင်တော့ ပဏာမအနေနဲ့ ကိုယ် ပြောခဲ့ပါ့မယ်၊ ကိုယ် ယဉ့်ကို စိတ်ဝင်စားနေတယ် ယဉ်၊ ယဉ့်ကို လက်ထပ်ခွင့်တောင်းဖို့အထိ ကိုယ်စဉ်းစားထားတယ်''

ယဉ်မျိုးသွင်က ပြုံးလိုက်သည်။

''ဒီစကားတွေပြောချင်လို့ ယဉ့်ကို ဒင်နာဖိတ်ရတာပါယဉ်၊ ကိုယ့်ကို နားလည်ပေးပါ''

ယဉ်မျိုးသွင်က အပြုံးတစ်ဝက်ဖြင့် ဓေယျာဦးကို ပြန်ပြောလိုက်လေသည်။

''ကိုဓေယျာဦးပြောမယ်ဆိုတဲ့စကားတွေက အန်ကယ်ဦး အောင်သွင် နှုတ်တိုက် သင်ပေးထားတဲ့စကားတွေများ ဖြစ်နေမလား ရှင် ... ဟင်း ... ဟင်း ...''

''ဟာ ... ယဉ်ရယ် ...''

ဓေယျာဦးက ကုလားထိုင်နောက်မှီကို အားလျော့စွာ မှီချလိုက်သည်။

ယဉ်မျိုးသွင်၏စကားက သူ့အတွက် အရှိက်ကို ထိသွားသလို ဖြစ်နေသောကြောင့်ပင်။

ထိုစဉ် ထက်ထက်နိုင်က အခန်းထဲသို့ နောက်တစ်ခေါက် ပြန်ဝင်လာကာ ပြောလိုက်သည်။

''မန္တလေးကဧည့်သည်တွေ ရောက်လာပါပြီ မမယဉ်''

''သီးသန့်ဧည့်ခန်းထဲမှာ စောင့်နိုင်းထားလိုက်ပါ ထက်ထက်''

''ဟုတ်ကဲ့၊ စောင့်နိုင်းထားပြီးပါပြီ မမ''

''ကဲ ... ကိုဓေယျာဦး၊ ကြားတဲ့အတိုင်းပဲ၊ ယဉ် ချိန်းထားတဲ့ ဧည့်သည်တွေရောက်လာလို့ ယဉ့်ကိုခွင့်ပြုပါဦး''

ယဉ်မျိုးသွင်က ထိုင်ရာမှ ထရင်း ပြောလိုက်သည်။

ဓေယျာဦးကလည်း ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

ထက်ထက်နိုင် ထွက်အသွားတွင် ဓေယျာဦးက ကိုယ်ကိုကိုင်းကာ ယဉ်မျိုးသွင်တစ်ယောက်တည်း ကြားသာရုံ ပြောလိုက်လေ၏။

"ကိုယ် ပဏ္ဍာမပြောခဲ့တဲ့စကားကို စဉ်းစားပေးပါဦး ယဉ်၊ ကိုယ့်ရင်ထဲက စကားတွေကိုလည်း အသေးစိတ်ပြောချင်ပါသေးတယ်၊ ယဉ်အားမယ့်နေ့မှာ ထပ်ချိန်းပါဦးမယ်၊ ကိုယ့်ကို ခွင့်ပြုပါဦး"

ဇေယျာဦးက ယဉ်မျိုးသွင်ထံမှ တုံ့ပြန်စကားကိုမစောင့်တော့ဘဲ . . . အခန်းထဲမှထွက်သွားလေ၏။

ယဉ်မျိုးသွင်သည် ဇေယျာဦး၏နောက်ကျောကိုကြည့်ရင်း . . နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။

"တော်တော်ကြောင်တဲ့ လူပဲ"

● ● ●

## ၂၁၇

"မင်းကွာ ... ခေတ်လူငယ်တစ်ယောက် လုပ်နေပြီး မိန်းကလေး တစ်ယောက် နားဝင်အောင် မပြောတတ်ဘူးလား ဇေယျာ၊ ညံ့ပါ့ကွာ"

ဦးအောင်သွင်က ဇေယျာဦးကို အထင်အမြင်သေးစွာကြည့်ရင်း ပြောလိုက်သည်။

"အန်ကယ့်တူမ ယဉ်မျိုးသွင်က သာမန်မိန်းကလေးတစ်ယောက်မဟုတ်ပါဘူး အန်ကယ်"

ဇေယျာဦးက ခေါင်းငုံ့ထားရင်းမှ မဝံ့မရဲ ပြန်ပြောလိုက်လေသည်။

"အေး.. သာမန်မိန်းကလေးမဟုတ်လို့ပဲ မင်းနဲ့လက်တွဲစေချင်တာပေါ့ ဇေယျာ၊ အန်ကယ်က ဆွိတို့ကို သူလုပ်နေတဲ့အလုပ်မျိုး လုပ်နေတာမကြိုက်ဘူး၊ စီးပွားရေးလုပ်ငန်းကိုပဲ တွင်တွင်ကျယ်ကျယ် လုပ်စေချင်တယ်၊ မင်းတို့နှစ်ယောက်ပူးပေါင်းပြီး မင်းရဲ့ကုမ္ပဏီကို ထူထောင်လိုက်မယ်ဆိုရင်.. အများကြီး ထောင်တက်သွားနိုင်တယ်၊ ဒါကြောင့်.. မင်းကို ဆွိတိကြည်ဖြူလာအောင် ကြိုးစားပါလို့ အန်ကယ်က တိုက်တွန်းနေရတာ ဇေယျာ"

ဖေယျာဦးက သက်ပြင်းလေးလေးတွဲ့တွဲ့ ချလိုက်သည်။

"ဟုတ်ကဲ့ … အန်ကယ်၊ ကျွန်တော် ကြိုးစားပါဦးမယ်"

"မင်း … စိတ်ရောပါရဲ့လား ဖေယျာ"

"ဗျာ …"

"အန်ကယ်တိုက်တွန်းလို့သာ ဆွိတ်ကို ချဉ်းကပ်နေတာလား။ မင်းကိုယ်တိုင်ရော ဆွိတ်ကို စိတ်ဝင်စားမှုရှိရဲ့လားလို့ မေးတာပါ"

"ကျွန်တော် … ကျွန်တော် … ယဉ်ကို ချစ်ပါတယ် အန်ကယ်"

ဦးအောင်သွင်က ပြုံးလိုက်သည်။

"အေးလေ … ဒါ လိုရင်းပဲ၊ ယောက်ျားဆိုတာ ကိုယ်လိုချင်တာကို ရအောင် ကြိုးစားနိုင်ရတယ်ကွ"

●

ဦးအောင်သွင်အနေဖြင့် … ဖေယျာဦးကို မြှောက်ပင့်ပေးလိုက်ရသော်လည်း သိပ်တော့ စိတ်မချလှချေ။ ဖေယျာဦးက လူအေး လူပျော့ ဖြစ်သည်။ မိန်းကလေးဖြစ်သော ယဉ်မျိုးသွင်က ဆန့်ကျင်ဖက်၊ သိပ်ပြီး ထက်မြက်နေသည်။

ဦးအောင်သွင်အဖို့ … ယဉ်မျိုးသွင်ကို အဆိုတော်ဒီလုံးနှင့် လုံးဝ သဘောမတူနိုင်ပါ။ ဒီလုံးဖခင်နှင့် သူ့အစ်ကိုတို့ စီးပွားပြိုင်ဖက်ဖြစ်ခဲ့စဉ်က ဒီလုံးဖခင်ပညာပြလိုက်၍ အစ်ကိုကြီးဦးမင်းသွင် ရောဂါတွေတိုးကာ သေတဲ့ အထိဖြစ်ခဲ့ရတာကို ဦးအောင်သွင် မမေ့နိုင်သေး။

ဦးအောင်သွင်မှာ ယဉ်မျိုးသွင်ကို ဒီလုံးနှင့်သာမဟုတ်။ ဘယ်ယောက်ျားနဲ့ပဲဖြစ်ဖြစ် သဘောမတူနိုင်ပေ။

ဦးအောင်သွင်သည် အစ်ကိုဖြစ်သူဦးမင်းသွင်၏ သေတမ်းစာအရ တူမယဉ်မျိုးသွင်၏ တရားဝင်အမွေထိန်းဖြစ်နေသည်။ သေတမ်းစာပါ မှာကြားချက်အရ ယဉ်မျိုးသွင် မင်္ဂလာဆောင်ပြီးလျှင် သူမ ရသင့်သည့် အမွေအားလုံးကို လွှဲပြောင်းပေးရမည်ဖြစ်သည်။

ဦးအောင်သွင်၏စီးပွားရေးလုပ်ငန်းများမှာလည်း အလွန်ပင် အောင်မြင်ခဲ့ပါသည်။ ဦးအောင်သွင်သည် ရေထွက်ပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့သော လုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ ဦးအောင်သွင်ပိုင် ငါးဖမ်း စက်လှေများ များစွာရှိသည်။ စီးပွားလည်း ဖြစ်ခဲ့သည်။

သို့သော် ကမ္ဘာ့စီးပွားပျက်ကပ်နှင့် ကြုံရသောအချိန်တွင် အခြား သော စီးပွားရေးလုပ်ငန်းရှင်ကြီးများနည်းတူ ဦးအောင်သွင်လည်း ခံခဲ့ရပါ သည်။ အရှုံးနှင့် ရင်ဆိုင်ရသည်။ ငွေသားများ လုပ်ငန်းထဲတွင် မြုပ်နေသည်။ အချို့အရင်းအနှီးများကို ပြန်ဖော်ထုတ်လို့မရတော့။ စွန့်လွှတ်လိုက်ရသည်။

ယခင်က တူမလေး၏အမွေပစ္စည်းများကို မျက်စောင်းပင် ထိုးမကြည့် ခဲ့သော ဦးအောင်သွင်သည် စီးပွားပျက်တဲ့အချိန်မှာတော့ အရင်းအနှီးပြန်လည် မတည်ဖို့ စဉ်းစားလာရပြီ။ ယဉ်မျိုးသွင်၏အမွေအနှစ်များကို သုံးစွဲရင်းနှီးဖို့ လိုအပ်လာခဲ့သည်။

ယဉ်မျိုးသွင်ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောကာ အရင်းအနှီး စိုက်ထုတ် ပေးဖို့ ဆွေးနွေးမည်ဆိုလျှင်လည်း ရပါသည်။

ယဉ်မျိုးသွင်တစ်ဦးတည်းဆိုလျှင် ကိစ္စမရှိသေး။ ယဉ်မျိုးသွင်က ချစ်သူရည်းစားရှိနေပြီ။ အချိန်မရွေး လက်ထပ်သွားနိုင်သည်။ ယဉ်မျိုးသွင် လက်ထပ်ပါက ဥပဒေအရ အမွေအနှစ်များကို ယဉ်မျိုးသွင်အား လွှဲပေးရပေ တော့မည်။

ပြီးတော့ ယဉ်မျိုးသွင်ရဲ့ချစ်သူမှာ အစ်ကိုကြီးဦးမင်းသွင်ကို သတ်ခဲ့တဲ့ လူသတ်သမားလို့ ယုံးစွပ်ထားသူ၏သား ဖြစ်နေသည်။ ယဉ်မျိုးသွင်ကို ဒီလုံး (ခေါ်)ဒီလှိုင်းသစ်နှင့် လုံးဝသဘောမတူနိုင်ပါ။

ယဉ်မျိုးသွင်အမွေများကို အရင်းအနှီးလုပ်ဖို့ စဉ်းစားချင့်ချိန်နေရတဲ့ အထဲ ... ယဉ်မျိုးသွင်က ရန်သူ၏သားကို ချစ်သူတော်စပ်လိုက်သည့်အခါ ဦးအောင်သွင်တစ်ယောက် ''ပြာ''သွားရလေ၏။

ယဉ်မျိုးသွင်ကို ဘယ်ယောကျ်ားနဲ့မှ လက်ထပ်ခွင့်မပေးနိုင်သေးပါ။ အထူးသဖြင့် ဒီလုံးနှင့်လက်ထပ်မှာကို လုံးဝသဘောမတူနိုင်။

ဦးအောင်သွင်အဖို့ ယဉ်မျိုးသွင်အမွေများကို လက်မလွှတ်ရအောင် လမ်းစရှာကြံရတော့သည်။

ဗေယျာဦးသည် ဦးအောင်သွင်၏ဇနီးဖြစ်သူ ဒေါ်မော်လီကောင်းမြတ်၏ တူဖြစ်သည်။ ပညာတတ်သည်၊ ရည်မွန်သည်။ စီးပွားရေးလုပ်ငန်းရှိသည်။ ဗေယျာဦးကို ယဉ်မျိုးသွင်နှင့်လက်ထပ် ပေးလိုက်ပါက "ဖိတ်ချင်းဖိတ် ... ကိုယ့်အိတ်ထဲဖိတ်" ဆိုသလို ဖြစ်လာနိုင်ပေ၏။ ဗေယျာဦးမှာ လူကြီးမိဘစကားကို နာခံတတ်သော လူလိမ္မာလေးတစ်ယောက် ဖြစ်ပါ၏။

ဗေယျာဦးသာ ယဉ်မျိုးသွင်ခင်ပွန်းဖြစ်ခဲ့လျှင် ယဉ်မျိုးသွင်၏ အမွေအနှစ်များကို ဦးအောင်သွင် ထင်သလိုခြယ်လှယ်နိုင်မည် ဖြစ်သည်။

ဒါ့ကြောင့်လည်း ဦးအောင်သွင်က ဗေယျာဦးကို ယဉ်မျိုးသွင်ဆီသို့ မကြာခဏစေလွှတ်ကာ လူပျိုလှည့်နိုင်းနေခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် ဗေယျာဦးက အဖြစ်မရှိလှ။ ဗေယျာဦးအဖြစ် မရှိသလို ယဉ်မျိုးသွင်ကလည်း ဗေယျာဦးကို အထင်ကြီးဟန် မတူပေ။

ဗေယျာဦးနဲ့ ယဉ်မျိုးသွင်အဆင်ပြေဖို့ကို မိမိကိုယ်တိုင် ဝါယမစိုက်ထုတ်မှပင်ဖြစ်တော့မည်ကို ဦးအောင်သွင် သဘောပေါက်လိုက်လေသည်။

• • •

# အပိုင်း ( ၃ )

# ၃ ၁ ၁

ဦးအောင်သွင်သည် ယဥ်မျိုးသွင်ကို စိတ်တိုင်းကျကိုင်တွယ်နိုင်မည့်နည်းလမ်းကို ''တော်တော်နှင့် ရှာမတွေ့ခဲ့ပေ။

ဦးအောင်သွင်ကိုယ်တိုင် ယဥ်မျိုးသွင်ကို ... ဒီလုံးနှင့်အဆက်ဖြတ်ဖို့ ဇေယျာဦးကိုအိမ်ထောင်ဖက်ရွေးဖို့ • တည့်တည့်တစ်မျိုး၊ သွယ်ဝိုက်၍တစ်မျိုး ... စည်းရုံးတိုက်တွန်းခဲ့သော်လည်း အချည်းနှီးသာ။ ယဥ်မျိုးသွင်သည် တစ်ဖက်သား ကြိုးကိုင်ခြယ်လှယ်သမျှကို ခေါင်းညိတ်နာခံမည့်မိန်းကလေးမျိုး မဟုတ်ပေ။

ဦးအောင်သွင် ခေါင်းခဲခဲ့ရ၏။

ထိုသို့ ယဥ်မျိုးသွင်ကို ကိုင်တွယ်ထိန်းချုပ်ဖို့ အခက်အခဲ တွေ့နေဆဲအချိန် –

လွန်ခဲ့သော ခြောက်လက –

ဦးအောင်သွင်သည် ဒေါက်တာဖရက်ဒီခန့်ဆိုသူနှင့် အမှတ်မထင်ရင်းနှီးသိကျွမ်းခဲ့ရခြင်းဖြစ်ပါ၏။

ဒေါက်တာဖရက်ဒီခန့်မှာ ယခုအခါ အသက်ရ၀အရွယ်ရှိပြီး အသက်သုံးဆယ်အရွယ်ကတည်းက မြန်မာနိုင်ငံမှထွက်ခွာကာ ဥရောပနိုင်ငံ တက္ကသိုလ်များတွင် ဆေးပညာရပ်များကို လှည့်လည်ဆည်းပူးခဲ့သော ဆရာဝန် လူပျိုကြီးတစ်ယောက်ဖြစ်ပါ၏။

ယခုအချိန်တွင် ဒေါက်တာဖရက်ဒီခန့်သည် မျိုးရိုးဗီဇဆိုင်ရာ မနုဿဗေဒပညာရပ်တွင် တစ်ဖက်ကမ်းခတ်ပါရဂူတစ်ဦး ဖြစ်နေခဲ့ပြီ။ ပရော်ဖက်ဆာဒေါက်တာဖရက်ဒီခန့်သည် မြန်မာနိုင်ငံတွင် အခြေချနေထိုင်ရန် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။

ဒေါက်တာဖရက်ဒီခန့် မြန်မာနိုင်ငံပြန်ရောက်လာသည်မှာ တစ်နှစ်ခန့်ရှိပါပြီ။ ပရော်ဖက်ဆာအနေဖြင့် သုတေသနလုပ်ငန်းများကို မစတင်နိုင်သေးပါ။ လောလောဆယ်တွင် မိမိဆည်းပူး လေ့လာခဲ့သည့် ပညာရပ်များကို ဟောပြောပွဲများကျင်းပကာ ဟောပြောပို့ချခြင်းဖြင့်သာ အချိန်ကုန်လွန်နေပေ၏။

ဦးအောင်သွင်နှင့်ပရော်ဖက်ဆာတို့ ဆုံစည်းခဲ့ခြင်းမှာလည်း ပရော်ဖက်ဆာဖရက်ဒီခန့်၏ ဟောပြောပွဲတစ်ခုကို တက်ရောက်နားထောင်ရာမှ သိကျွမ်းရင်းနှီးလာရခြင်းဖြစ်ပါသည်။

ဦးအောင်သွင် တက်ရောက်နားထောင်ခဲ့သည့်ပွဲတွင် . . . ဒေါက်တာဖရက်ဒီခန့် ဟောပြောပို့ချခဲ့သော ဘာသာရပ်၏ ခေါင်းစဉ်မှာ. . . "ပုံတူမျိုးပွားခြင်း"! . . . ဟူ၍ ဖြစ်ပါသည်။

ဒေါက်တာဖရက်ဒီခန့်သည် ပုံတူမျိုးပွားပညာရပ်ကို ကမ္ဘာပေါ်တွင် စတင်စမ်းသပ်သည့်အချိန်မှစ၍ ပါဝင်ဆောင်ရွက်ခဲ့သော ပညာရှင်တစ်ဦးဖြစ်သည်။

ဦးအောင်သွင်သည် ပရော်ဖက်ဆာဟောပြောခဲ့သော ပုံတူမျိုးပွားပညာရပ်ကို ပညာရပ်တစ်ခုအနေဖြင့် စိတ်ဝင်စားခဲ့ရုံမက. . . မိမိကြုံတွေ့နေရသော ပြဿနာကို ဖြေရှင်းနိုင်မည့်နည်းလမ်းတစ်ခု ဖြစ်နိုင်ကြောင်းကိုပါ ဆင်ခြင်မိလေသည်။

သို့ဖြင့် ပရော်ဖက်ဆာဒေါက်တာဖရက်ဒီခန့်ကို ဆက်သွယ်ကာ သူ၏အကြံအစည်ကို တင်ပြအကူအညီတောင်းခဲ့ခြင်း ဖြစ်ပါ၏။

●

ဒေါက်တာဖရက်ဒီခန့်သည် ... ရန်ကုန်မြို့အပြင်ဘက်တွင် ကျယ်ဝန်းသော ခြံတစ်ခုဝယ်ယူကာ ... သုတေသနလုပ်ငန်းများလုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အသက်သုံးဆယ်အရွယ်ခန့်ကတည်းက မြန်မာနိုင်ငံမှထွက်ခွာသွားသော ဖရက်ဒီခန့်အဖို့ မြန်မာနိုင်ငံတွင် ဆွေမျိုးအနည်းငယ်သာ ရှိပါတော့သည်။ ညီမဖြစ်သူမှမွေးဖွားသော တူမတစ်ဦးတည်းသာရှိပြီး ညီမမှာလည်း ဆုံးပါးသွားပါပြီ။ တူမမှမွေးဖွားသော သားတစ်ယောက်က ဆရာဝန်ဖြစ်နေသည်။ ဒေါက်တာမျိုးထိုက်ဖြစ်ပါ၏။

ဖရက်ဒီခန့် မြန်မာနိုင်ငံပြန်အရောက်တွင် တူမမှမွေးသော မြေးဖြစ်သူ မောင်မျိုးထိုက်ကိုသာ အဖော်ပြုရပါတော့၏။ မောင်မျိုးထိုက်မှာလည်း ဆရာဝန်တစ်ဦးဖြစ်နေ၍ ဒေါက်တာဖရက်ဒီခန့်၏လုပ်ငန်းများအတွက် အကူအညီရခဲ့ပါသည်။

ဦးအောင်သွင်က ဒေါက်တာမျိုးထိုက်ကို ဦးစွာမိတ်ဖွဲ့ကာ ဒေါက်တာဖရက်ဒီခန့်ကို ချဉ်းကပ်ခဲ့သည်။

ဒေါက်တာဖရက်ဒီခန့်အား သူ၏အကြံအစည်ကို တင်ပြခဲ့သည်။

ကြားခါစက ဒေါက်တာဖရက်ဒီခန့်သည် ဦးအောင်သွင်၏တင်ပြချက်ကို ခါးခါးသီးသီး ငြင်းဆန်ခဲ့လေသည်။

''မဖြစ်ဘူး ဦးအောင်သွင် ... မဖြစ်ဘူး။ ကျုပ်တတ်ကျွမ်းထားတဲ့ ပုံတူမျိုးပွားပညာဟာ လူအတုတစ်ခုဖန်ဆင်းပြီး အစားထိုးလိမ်ညာဖို့ မဟုတ်ဘူး။ ဦးအောင်သွင်ရဲ့အကြံအစည်က သိပ်ပြီးအောက်တန်းကျလွန်းပါတယ်၊ ဒီပညာကိုအသုံးချပြီး ကျုပ်မကူညီနိုင်ဘူးဗျာ''

ဦးအောင်သွင်က အားမလျှော့ဘဲ ဒေါက်တာဖရက်ဒီခန့်ထံ အကြိမ်ကြိမ်အခါခါ သွားရောက်ကာ အရေးဆိုခဲ့ပေသည်။

ဦးအောင်သွင်တင်ပြသည့်အထဲတွင်.. တူမဖြစ်သူယဉ်မျိုးသွင်မှာ ခေါင်ဖြစ်သူကို သေကြောင်းကြံခဲ့သူ၏သားနှင့် ချစ်ကြိုက်နေသည့်အတွက် ဦးလေးတစ်ယောက်အနေဖြင့် စိတ်ဆင်းရဲနေရကြောင်း။ ဒီလိုး ကလည်း ယဉ်မျိုးသွင်ကို တကယ်ချစ်ကြိုက်ခြင်းမဟုတ်ပဲ.. ယဉ်မျိုးသွင် အမွေအနှစ်များကို မျှော်ကိုးပြီး ချစ်ကြိုက်ဟန် ဆောင်နေခြင်းဖြစ် ကြောင်း။ ယဉ်မျိုးသွင်ကို အမှန်အတိုင်းပြောပြ နားချသော်လည်း ယဉ်မျိုးသွင်မှာ နားမလည်နိုင်ဘဲ ခေါင်းမာနေကြောင်း၊ ယဉ်မျိုးသွင်နေရာတွင် ယဉ်မျိုးသွင်ပုံတူကို အစားထိုးရခြင်းမှာလည်း.. မိမိသဘော တူသူနှင့်ပေးစားပြီး အမွေလွှဲပေးလို၍ဖြစ်ကြောင်း၊ မိမိဆန္ဒအတိုင်း အမွေခွဲဝေပြီးပါက ယဉ်မျိုးသွင်ကို နဂိုနေရာတွင် ပြန်ထားမည်ဖြစ် ကြောင်း.. နားဝင်အောင်အကြိမ်ကြိမ် ပြောကြားခဲ့လေသည်။

ဦးအောင်သွင် သုံးလတိတိ မနားမနေသွားရောက်တွေ့ဆုံပြီး ဒေါက်တာဖရက်ဒီခန့်သနားအောင် အကြိမ်ကြိမ်တောင်းပန်ပြောဆို ပြီးသည့်အခါ.. ဒေါက်တာဖရက်ဒီခန့်က အကူအညီပေးရန် သဘော တူလိုက်လေ၏။

ဒေါက်တာဖရက်ဒီခန့်က ဦးအောင်သွင်ထံမှ ကတိတစ်ခုကို တော့ တောင်းခံခဲ့လေ၏။

"အမွေကိစ္စအားလုံးနဲ့ ယဉ်မျိုးသွင်ရဲ့မင်္ဂလာကိစ္စအားလုံး ပြီးစီးရင်တော့.. ယဉ်မျိုးသွင်ကို နဂိုနေရာမှာ ပြန်ပြီးထားပေးဖို့ ကတိ ပေးပါဦးအောင်သွင်"

"ဟုတ်ကဲ့ဆရာကြီး ကတိပေးပါတယ်"

"ကျုပ်ကူညီလိုက်တဲ့ကိစ္စကြောင့် မိန်းကလေးမှာ နစ်နာ သွားတာမျိုး မဖြစ်စေချင်ဘူး။ အခုလိုကူညီရတာက ဦးအောင်သွင်ရဲ့ ဦးလေးတစ်ယောက် အနေနဲ့ခံစားချက်ကို လေးစားလို့ပါဦးအောင်သွင်"

"စိတ်ချပါဆရာကြီး၊ တူမလေးရဲ့မင်္ဂလာကိစ္စကို ကျွန်တော် စိတ်တိုင်းကျ စီမံခန့်ခွဲပြီးတာနဲ့ တူမလေးကို အားလုံးရှင်းပြပြီး သူ့ရဲ့

## ၃၁၂

ဒေါက်တာဖရက်ဒီခန့်က ယဉ်မျိုးသွင်၏ ပုံတူကလုန်းကို အကောင်အထည်ဖော်ပေးဖို့ သဘောတူလိုက်ပြန်တော့လည်း ဦးအောင်သွင်အဖို့ ယဉ်မျိုးသွင်ဆီက အသွေးအသားအပိုင်းအစတစ်ခုခုကို ယူဆောင်ပေးဖို့ တာဝန်ရှိလာပြန်သည်။

တွေးကြည့်လျှင် အလွယ်လေးဟု ထင်စရာရှိသော်လည်း ခန္ဓာကိုယ်နှင့်ဆက်စပ်နေသည့် အသွေးအသား အပိုင်းအစတစ်ခုခုကို ရအောင်ယူဖို့ဆိုသည်မှာ မလွယ်ကူပါချေ။

ဦးအောင်သွင်သည် ဤကိစ္စကို မိမိတစ်ယောက်တည်း ကျိတ်၍ကြံစည်နေခြင်းဖြစ်သည်။ ဇနီးဖြစ်သူဒေါ်မော်လီကောင်းမြတ်ကို အသိပေးမထားပါ။ ဖေယျာဦးကိုလည်း အသိမပေးပါ။ ယဉ်မျိုးသွင်လူတူကလုန်းအကောင်အထည်ပေါ်လာသည့်အခါ ... မည်သူ့ကိုမျှ အသိမပေးဘဲ ... ကလုန်းကို ယဉ်မျိုးသွင်ဟန်ဆောင်ခိုင်းပြီး မိမိလိုသလို ဇာတ်ကွက်ဆင်ဖန်တီးသွားမည်ဖြစ်သည်။

ထို့ကြောင့် ယဉ်မျိုးသွင်ထံမှ အသွေးအသားအပိုင်းအစ တစ်ခုခုကို ရအောင်ယူရမည့်ကိစ္စတွင် ဦးအောင်သွင်တစ်ယောက်တည်း ခေါင်းစားရလေတော့သည်။

ယဉ်မျိုးသွင်နှင့် အနီးကပ်နေထိုင်သူနှစ်ယောက်ထဲက ဒေါ်နော်ခမ်းကတော့ ဦးအောင်သွင်အတွက် အကူအညီရမည် မဟုတ်ပေ။ ဒေါ်နော်ခမ်းက ယဉ်မျိုးသွင်လူ။ ယဉ်မျိုးသွင်နှင့် ငယ်စဉ်ကတည်းက နေလာတဲ့ သစ္စာရှိလူယုံကြီး။ ဒေါ်နော်ခမ်းဆီက အကူအညီမရနိုင်သည့်အပြင် သည်ကိစ္စကို ဒေါ်နော်ခမ်းရိပ်မိလို့ မဖြစ်ပါ။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်မရှိသည့်အချိန်တွင် ယဉ်မျိုးသွင်အိမ်ကိုသွားလည်ကာ အိမ်ဖော်မလေးထွေးခင်ကို စည်းရုံးခဲ့သည်။

"ထွေးခင် ... နင့်ကိုငါ မုန့်ဖိုးပေးမယ်၊ နင့်မမယဉ်ဆီက သူ့ခန္ဓာကိုယ်နဲ့ကပ်လျက် ပစ္စည်းတစ်ခုခုကို အရယူပေးစမ်း"

"ရှင် ..."

"ဒီကိစ္စ ဘယ်သူမျှသိလို့ မဖြစ်ဘူးနော်၊ နှုတ်လုံပစေ၊ ဒေါ်နော်ခမ်းလည်း မသိစေနဲ့ နင့်မမယဉ်ဆီက ခြေသည်းလက်သည်း လို့ပြီးသားဖြစ်ဖြစ်၊ ဖြတ်ထားတဲ့ဆံပင်ဖြစ်ဖြစ် ငါ့ကို ရအောင် ယူပေးစမ်း"

ထွေးခင်က ဦးအောင်သွင်ခိုင်းသလို ကြိုးစားခဲ့သော်လည်း တကယ်တမ်းကျ အဆင်မပြေပါ။

"မမယဉ်က ခုတစ်လော ခြေသည်းလက်သည်းအိမ်မှာညှပ်တာ မတွေ့ဘူး ဦးလေး။ ဆိုင်သွားပြီး ပြင်တာ၊ ဆံပင်လည်း မတွေ့ဘူး"

"ခက်ပါလား"

ယဉ်မျိုးသွင်ဆီက ခန္ဓာကိုယ်ဆက်စပ်ပစ္စည်း တစ်ခုခုမရသည့်အတွက် ကလုန်းကိစ္စကို ချက်ချင်းအကောင်အထည်မဖော်နိုင်ပဲ ရှိနေခဲ့သည်။

တစ်နေ့တွင် ထွေးခင်က ဦးအောင်သွင်၏လက်ကိုင်ဖုန်းကို လှမ်းဆက်ပြောသည်။

"ဦးလေး ညက မမယဉ် သွားသိပ်ကိုက်လို့ ဆေးခန်းသွား ပြရတယ်၊ အံဆုံးကို နှုတ်လိုက်ရတယ်၊ နှုတ်ပစ်လိုက်တဲ့သွားကို ဘယ်သူမျှ မသိအောင် ကျွန်မယူထားတယ်၊ ဦးလေး ယူခိုင်းတဲ့ ခြေသည်း လက်သည်းတို့ ဆံပင်တို့တော့ မရဘူး၊ အဲဒီ သွားဆိုရင်ကော ဖြစ်မလား"

ယဉ်မျိုးသွင်နှင့် အနီးကပ်နေထိုင်သူနှစ်ယောက်ထဲက ဒေါ်နော်ခမ်းကတော့ ဦးအောင်သွင်အတွက် အကူအညီရမည် မဟုတ်ပေ။ ဒေါ်နော်ခမ်းက ယဉ်မျိုးသွင်လူ။ ယဉ်မျိုးသွင်နှင့် ငယ်စဉ်ကတည်းက နေလာတဲ့ သစ္စာရှိလူယုံကြီး။ ဒေါ်နော်ခမ်းဆီက အကူအညီမရနိုင်သည့်အပြင် သည်ကိစ္စကို ဒေါ်နော်ခမ်းရိပ်မိလို့ မဖြစ်ပါ။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်မရှိသည့်အချိန်တွင် ယဉ်မျိုးသွင်အိမ်ကိုသွားလည်ကာ အိမ်ဖော်မလေးထွေးခင်ကို စည်းရုံးခဲ့သည်။

''ထွေးခင် ... နင့်ကိုငါ မုန့်ဖိုးပေးမယ်၊ နင့်မမယဉ်ဆီက သူ့ခန္ဓာကိုယ်နဲ့ကပ်လျက် ပစ္စည်းတစ်ခုခုကို အရယူပေးစမ်း''

''ရှင် ...''

''ဒီကိစ္စ ဘယ်သူမျှသိလို့ မဖြစ်ဘူးနော်၊ နှုတ်လုံပစေ၊ ဒေါ်နော်ခမ်းလည်း မသိစေနဲ့၊ နင့်မမယဉ်ဆီက ခြေသည်းလက်သည်း လိုးပြီးသားဖြစ်ဖြစ်၊ ဖြတ်ထားတဲ့ဆံပင်ဖြစ်ဖြစ် ငါ့ကို ရအောင် ယူပေးစမ်း''

ထွေးခင်က ဦးအောင်သွင်ခိုင်းသလို ကြိုးစားခဲ့သော်လည်း တကယ်တမ်းကျ အဆင်မပြေပါ။

''မမယဉ်က ခုတစ်လော ခြေသည်းလက်သည်းအိမ်မှာညှပ်တာ မတွေ့ဘူး ဦးလေး၊ ဆိုင်သွားပြီး ပြင်တာ၊ ဆံပင်လည်း မတွေ့ဘူး''

''ခက်ပါလား''

ယဉ်မျိုးသွင်ဆီက ခန္ဓာကိုယ်ဆက်စပ်ပစ္စည်း တစ်ခုခုမရသည့်အတွက် ကလုန်းကိစ္စကို ချက်ချင်းအကောင်အထည်မဖော်နိုင်ပဲ ရှိနေခဲ့သည်။

တစ်နေ့တွင် ထွေးခင်က ဦးအောင်သွင်၏လက်ကိုင်ဖုန်းကို လှမ်းဆက်ပြောသည်။

''ဦးလေး ညက မမယဉ် သွားသိပ်ကိုက်လို့ ဆေးခန်းသွား ပြရတယ်၊ အံဆုံးကို နှုတ်လိုက်ရတယ်၊ နှုတ်ပစ်လိုက်တဲ့သွားကို ဘယ်သူမျှ မသိအောင် ကျွန်မယူထားတယ်၊ ဦးလေး ယူခိုင်းတဲ့ ခြေသည်း လက်သည်းတို့ ဆံပင်တို့တော့ မရဘူး၊ အဲဒီ သွားဆိုရင်ကော ဖြစ်မလား''

"သိပ်ဖြစ်တာပေါ့ ထွေးခင်၊ နင် ဘယ်ကနေ ဆက်နေတာလဲ"

"ဈေးလာရင်း ဈေးထိပ်ကဆက်တာပါ ဦးလေး"

"သွားက နင့်လက်ထဲမှာလား"

"ဟုတ်တယ်၊ ညကတည်းက မမယဉ်အိပ်တုန်း ကျွန်မ ယူထားတာ"

"ငါ အိမ်ကိုလာခဲ့မယ်၊ သူ့သွားကို ဘယ်သူမှမမြင်အောင် ငါ့လက်ထဲ ထည့်ပေး"

ယင်းသို့ဖြင့် ယဉ်မျိုးသွင်ပုံတူကလုန်းလုပ်ရန်အတွက် ယဉ်မျိုးသွင်၏ အံသွားကို ဒေါက်တာဖရက်ဒီခန့်အား အပ်နိုင်ခဲ့သည်။

ဒေါက်တာဖရက်ဒီခန့်သည် ယဉ်မျိုးသွင်၏အံသွားကိုအသုံးပြု၍ ယဉ်မျိုးသွင်လူတူတစ်ယောက်ပွားခဲ့ရာ သုံးလကြာမြင့်ခဲ့ပေ၏။

● ● ●

# ၃ ၁ ၃

ယဉ်မျိုးသွင်လူတူကို ပုံတူမျိုးပွားနေသည့်ကာလအတွင်း . . .

ဦးအောင်သွင်သည် ရန်ကုန်မြို့အပြင်ဘက်ရှိ . . . ဒေါက်တာဖရက်ဒီခန့်၏ဓာတ်ခွဲခန်းသို့ နေ့စဉ်သွားရောက်ခဲ့ပေသည်။ ဦးအောင်သွင်အနေဖြင့် ဒေါက်တာဖရက်ဒီခန့်၏ပညာကို ယုံကြည်သော်လည်း လူတစ်ယောက်၏သွားကလေးတစ်ချောင်းမှ ထိုသူနှင့်ချွတ်စွပ်တူသော လူတစ်ယောက်ကို တွေ့မြင်ရမည်ဆိုသောအခါ မယုံမရဲဖြစ်မိလေသည်။ စိတ်ဝင်စားခြင်းနှင့်အတူ စိုးရိမ်ထိတ်လန့်ခြင်းလည်း ဖြစ်မိပေသည်။

သို့သော် ဦးအောင်သွင်သည် ဒေါက်တာဖရက်ဒီခန့် ယဉ်မျိုးသွင်၏ပုံတူကို မျိုးပွားနေပုံအား လက်တွေ့ကြည့်ရှုခွင့်မရခဲ့ပါ။ ဒေါက်တာဖရက်ဒီခန့်က ဓာတ်ခွဲခန်းအတွင်းသို့ ဝင်ခွင့်မပြုခဲ့။ သာမန်လူတို့ ကြည့်ရှုရန် မသင့်လျော်သောကိစ္စဖြစ်၍ ဒေါက်တာဖရက်ဒီခန့်က ကြည့်ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဖရက်ဒီခန့်သည် မြေးဖြစ်သူ ဒေါက်တာမျိုးထိုက်၏အကူအညီကိုယူကာ နေ့မအား ညမနား ပုံတူမျိုးပွားခြင်းကို လုပ်ဆောင်ခဲ့ပေ၏။

"စိတ်ချပါအန်ကယ် ယဉ်မျိုးသွင်ကလုန်းဟာ တစ်စတစ်စ ရုပ်လုံးပေါ်လာပါပြီ၊ မကြာခင် ပြီးပြည့်စုံတဲ့အထိ အောင်မြင်တော့မှာပါ။ ကလုန်းကို မြင်ရတဲ့အခါ တကယ့်ယဉ်မျိုးသွင်နဲ့ မခြားအောင် အန်ကယ် တွေ့ပါလိမ့်မယ်။ မကြာတော့ပါဘူး"

ဒေါက်တာမျိုးထိုက်က ဦးအောင်သွင်ကို နှစ်သိမ့်ခဲ့ပေသည်။

●

ယင်းသို့ဖြင့် ယဉ်မျိုးသွင်၏အံသွားကိုအသုံးပြုကာ ပုံတူမျိုးပွားပညာဖြင့် ပြုလုပ်ထားသော ယဉ်မျိုးသွင်အတုကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါပြီ။

ယဉ်မျိုးသွင်အတုသည် ယဉ်မျိုးသွင်အစစ်နှင့် မခြားအောင် ဦးအောင်သွင်ရှေ့တွင် သရုပ်ဆောင်ပြခဲ့သည်။ ကလုန်းယဉ်မျိုးသွင်၏ သရုပ်ဆောင်ပိုပြင်မှုကို ဦးအောင်သွင်သာမက ကလုန်းကိုဖန်တီးထုတ် လုပ်လိုက်သည့် ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့ ကိုယ်တိုင်ပင် အံ့အားသင့်မိလေသည်။

ယခုတော့ ကလုန်းကို ယဉ်မျိုးသွင်အစစ်နှင့် လူစားထိုး လဲလှယ်နိုင်သည့်အဆင့်အထိ အဆင်သင့်ဖြစ်နေပါပြီ။

ယဉ်မျိုးသွင်အစစ်ကို ဒေါက်တာဖရက်ဒီခန့်၏ခတ်ခွဲခန်းသို့ ရောက်အောင်ခေါ်လာဖို့ပဲ လိုတော့သည်။

● ● ●

# အပိုင်း ( ၄ )

## ၄ ၁ ၁

ယဉ်မျိုးသွင်ကို ဒေါက်တာဖရက်ဒီခန့်၏ ခေတ်ခွဲခန်းသို့ ခေါ်မသွားမီ ဦးအောင်သွင်မှာ အလုပ်ရှုပ်လိုက်ရသေးသည်။

ယဉ်မျိုးသွင်နေရာတွင် ကလုန်းကို အစားထိုးပြီးပါက ယဉ်မျိုးသွင် အစစ်အား ဖွက်ထားရမည်ဖြစ်ရာ၊ ယဉ်မျိုးသွင်ကို ဖွက်နိုင်မည့်နေရာကို စီစဉ်ရခြင်းဖြစ်သည်။

ယဉ်မျိုးသွင်သည် ထက်မြက်သည့်မိန်းကလေးတစ်ယောက် ဖြစ်ပေရာ သူမနေရာတွင် လူအတုကို အစားထိုးပြီး သူမကို ဖမ်းချုပ်ထား ကြောင်းသိရပါက ငြိမ်နေမည်မဟုတ်ပေ။ တတ်နိုင်သမျှ တုံ့ပြန်မည်ဖြစ်သည်။ ယဉ်မျိုးသွင်ကို ဖမ်းချုပ်သိမ်းဖွက်ထားမည့်နေရာသည် လုံခြုံဖို့လိုသည်။ လူသူ လေးပါးနှင့် အဆက်အသွယ်ပြတ်တောက်ဖို့လိုသည်။ ယဉ်မျိုးသွင် လုံးဝထွက် ပြေးလို့မရနိုင်သောနေရာမျိုးလည်း ဖြစ်ရမည်။

နောက်ဆုံးတော့ ဦးအောင်သွင်သည် ယဉ်မျိုးသွင်ကို ချုပ်နှောင် ထားရမည့်နေရာအဖြစ် သူပိုင်ဆိုင်သော အပျော်စီးသင်္ဘောကို သတ်မှတ် လိုက်လေသည်။

ဦးအောင်သွင်သည် ရေထွက်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့သော လုပ်ငန်းကို လုပ်ဆောင်လျက်ရှိရာ ကိုယ်ပိုင် ငါးဖမ်းစက်လှေများ၊ မော်တော်ဘုတ်များ ဦးအောင်သွင်တွင် ရှိပြီးဖြစ်ပါသည်။

အပျော်စီးသင်္ဘောမှာ အပျော်စီးအဖြစ်လည်း အသုံးပြုပြီး လုပ်ငန်းများစစ်ဆေးရန်အတွက် ခရီးထွက်ရာတွင်လည်း အသုံးပြုသည့် ရေယာဉ်တစ်ခုဖြစ်ပါ၏။

ယဉ်မျိုးသွင်ကို ထိန်းသိမ်းသိုဝှက်ထားရမည့်နေရာသည် အပျော်စီးသင်္ဘောသာ အသင့်တော်ဆုံးဖြစ်ကြောင်း ဦးအောင်သွင် တွက်ဆမိပေ၏။

ဦးအောင်သွင်က ယဉ်မျိုးသွင်အား ဒေါက်တာဖရက်ဒီခန့်သီ ခေါ်မသွားမီ အပျော်စီးသင်္ဘောကို လိုအပ်သောပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ထားလိုက်သည်။.

●

တကယ်တမ်းကျတော့ . . . ယဉ်မျိုးသွင်ကို ဒေါက်တာဖရက်ဒီခန့်၏ မာတ်ခွဲခန်းရောက်အောင် ခေါ်လာသည့်ကိစ္စမှာ သိပ်တော့ မခဲယဉ်းခဲ့ချေ။

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်ပါ၏။

ယဉ်မျိုးသွင်သည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည့် အားလျော်စွာ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွား၍ ဘုရားဝတ်ပြုလေ့ရှိပါသည်။

ယဉ်မျိုးသွင်တက်သောဘုရားကျောင်းနှင့် ဦးအောင်သွင်တို့ လင်မယားတက်သောဘုရားကျောင်းမှာ တစ်ကျောင်းတည်းပင်ဖြစ်သည်။

ထိုနေ့က ဦးအောင်သွင်သည် ဒေါ်မော်လီကောင်းမြတ်ကို ဘုရားကျောင်းသို့အရင်သွားနိုင်းလိုက်ပြီး သူကတော့ ယဉ်မျိုးသွင်ကို သွားခေါ်မည်ဆိုကာ တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

ယဉ်မျိုးသွင်အိမ်ရောက်တော့ ယဉ်မျိုးသွင်က ဘုရားကျောင်းသွားဖို့ အဆင်သင့်ဖြစ်နေကာ အိမ်ကထွက်ဖို့ပင် ပြင်နေပေပြီ။

ယဉ်မျိုးသွင်သည် အနားတွင်ဇာဖောက်ထားသော အဖြူရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ ဇာပန်းထိုးပဝါအဖြူလေးကို ခြုံထားသည်။ ယဉ်မျိုးသွင်မှာ လှချင်တိုင်းလှနေပေ၏။

"ဆွိုတီ ... ချာ့ချာ့သွားတော့မလိုလား။ အန်ကယ် ဆွိုတီ့ကို လာခေါ်တာ"

ဦးအောင်သွင်စကားကြောင့် ယဉ်မျိုးသွင် အံ့ဩသွားလေသည်။

"ဒီလိုပါဆွိုတီ အော်စီမှာရောက်နေတဲ့ အန်ကယ်တို့ဆွေမျိုး မစ္စတာ ဖရက်ဒီခန့်ဆိုတာ မြန်မာပြည်ကို ခဏလာလည်တယ်၊ သူ မြန်မာနိုင်ငံ မြန်မရောက်တာ အနှစ်၃၀ကျော်ပြီလေ၊ ဆွိုတီ့တစ်သက် ဘယ်ကမလဲ၊ အဲဒါ သူက ဆွိုတီ့သတင်းတွေကြားတော့ ဆွိုတီ့ကို တွေ့ချင်တယ်တဲ့"

"ဟင် ... ဟုတ်လား အန်ကယ်၊ မစ္စတာဖရက်ဒီခန့်၊ ယဉ် ဒီနာမည်မျိုး ကြားတော့ မကြားဖူးဘူး"

"ဘယ်ကြားဖူးမလဲ၊ ဖရက်ဒီက ဆွိုတီ့အဖေထက်တောင် အသက် ကြီးသေးတယ်၊ သူက ဟိုကို အပြီးထွက်သွားတာဆိုတော့ အန်ကယ်တို့ တောင်လည်း သူ့ကိုမေ့ထားကြတာလေ"

"ဪ ... မစ္စတာဖရက်ဒီခန့်က ယဉ်တို့နဲ့ ဘယ်လိုတော်တာ လဲ အန်ကယ်"

"အန်ကယ်တို့နေရာကကြည့်ရင် ဦးလေးတစ်ဝမ်းကွဲလို့ ပြောရ မှာပေါ့ဆွိုတီ၊ အန်ကယ်ကသာ ဆွိုတီ့အလုပ်ကိုအထင်မကြီးတာ၊ သူက ဆွိုတီ Presenter အနေနဲ့ ဒီနိုင်ငံမှာအောင်မြင်နေတယ်ဆိုတာ သိလိုက် တော့ သိပ်ဂုဏ်ယူနေတယ်၊ ဆွိုတီ Presenterလုပ်ထားတဲ့ စီဒီ တချို့ကိုလည်း သူကြည့်ပြီးပြီ၊ ဒီလုပ်ငန်းမျိုးက အောင်မြင်ဖို့သိပ်ခဲယဉ်းတယ်တဲ့၊ Presenter ဆိုတာ မီဒီယာထဲမှာ အရေးပါအရာရောက်တဲ့နေရာမှာ ရှိတယ်တဲ့"

ယဉ်မျိုးသွင်လုပ်ငန်းကို ဘယ်တုန်းကမျှအထင်မကြီးသည့် ဦးအောင် သွင့်နှုတ်က ထုတ်ဖော်ချီးကျူးလိုက်သည့်အခါ ယဉ်မျိုးသွင် မျက်လုံးများက

ကျေနပ်မှုဖြင့် တလက်လက် တောက်ပသွားလေ၏။ ထိုစကားတွေကို မစ္စတာဖရက်ဒီခန့်ဆိုသူ တကယ်ပြောခဲ့တာလို့လည်း ယုံကြည်သွားလေသည်။

''အန်ကယ်တို့ သူ့ကို အရင်ဝင်ခေါ်မယ်၊ ဘုရားကျောင်းကို သွားကြမယ်၊ ပြီးမှ မစ္စတာဖရက်ဒီခန့်နဲ့ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ဆွိတီ''

''ယဉ်ကလေး အန်ကယ့်ကားနဲ့ လိုက်ခဲ့ရမှာပေါ့''

''ဒါပေါ့ ဆွိတီ့ကားကို ယူမနေနဲ့တော့ အန်ကယ့်ကားနဲ့ပဲ လိုက်ခဲ့တော့''

''ဟုတ်ကဲ့ အန်ကယ်''

ဦးအောင်သွင်သည် ယဉ်မျိုးသွင်ကို အိမ်က အလွယ်တကူပင် ခေါ်ထုတ်နိုင်ခဲ့လေ၏။

• • •

## ၄ ၁ ၂

"ဝေးလုချည်လားအန်ကယ်၊ မစ္စတာဖရက်ဒီခန့်က ဘယ်မှာ တည်းနေတာလဲ၊ ဟိုတယ်တစ်ခုခုမှာ မတည်းဘူးလား"

"ဟိုတယ်မှာတည်းတာပါပဲ၊ ဒါပေမဲ့ ... သူ့မိတ်ဆွေဆရာဝန် တစ်ယောက်နဲ့အလုပ်စကားပြောစရာရှိလို့ အဲဒီအိမ်ကိုရောက်နေတယ်၊ ရောက်တော့မှာပါဆိုတော့"

ဦးအောင်သွင်က ကားကို မြို့အပြင်ဘက်အထိမောင်းလာသည့် အတွက် ယဉ်မျိုးသွင်က မေးလိုက်ခြင်းဖြစ်သည်။ ယဉ်မျိုးသွင်စိတ်ထဲမှာ ဘာသံသယမျှရှိမနေပါသဖြင့် ဦးအောင်သွင်ပြောစကားကို ယုံလိုက်လေသည်။

ဦးအောင်သွင်ကားလေးက ဒေါက်တာဖရက်ဒီခန့် ဓာတ်ခွဲခန်း မြှုလုပ်ထားသည့် ခြံကျယ်ကြီးထဲသို့ ရောက်လာလေ၏။

တိုက်ထဲသို့ဝင်သွားသည့်အခါ ချိန်းဆိုထားသည့်အတိုင်း ညှေ့ခန်း တွင်ထိုင်စောင့်နေသော ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာ မျိုးထိုက်ကို တွေ့ဆုံလိုက်ရလေသည်။

"မောနင်း ဆရာကြီး"

"မောနင်း ဦးအောင်သွင်"

ဦးအောင်သွင်နှင့် ဒေါက်တာဖရက်ဒီခန့်တို့က အပြန်အလှန် နှုတ်ဆက်လိုက်ကြသည်။

"ဆွိုက်တီ ... ဟောဒါ အန်ကယ်ပြောတဲ့ မစ္စတာဖရက်ဒီခန့်ပဲ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ငါ့တူမကြီးယဉ်မျိုးသွင်က အပြင်မှာ ပိုပြီးတောင် လှနေသေးတာပဲ"

ဒေါက်တာဖရက်ဒီခန့်က ယဉ်မျိုးသွင်ကို သေချာစိုက်ကြည့်ရင်း ပြောလိုက်လေသည်။

ဦးအောင်သွင်က ဒေါက်တာဖရက်ဒီခန့်သည် မိမိတို့ဆွေမျိုး ထဲကလို့ပြောထားတာကို ဖရက်ဒီခန့်ကိုယ်တိုင် သိမထားပါပေ။ ယဉ်မျိုးသွင်ကို ပဋိသန္ဓာရစကားဆိုလိုက်ခြင်းသာဖြစ်ပါ၏။

ဒေါက်တာဖရက်ဒီခန့်၏စကားကို ဆွေမျိုးအချင်းချင်းပြောတဲ့ စကားလို့ ယဉ်မျိုးသွင်က ယုံကြည်သွားလေ၏။

"တူမကြီး ... ဆရာကြီးနောက်ကို ခဏလိုက်ခဲ့ပါကွယ်"

ဒေါက်တာဖရက်ဒီခန့်က ယဉ်မျိုးသွင်အစစ်နှင့် ကလုံးကို လူလဲပေးရ မည့်ကိစ္စအမြန်ပြီးစီးရန် စိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

"ရှင် ..."

ယဉ်မျိုးသွင်က သူမ၏အဘိုးလေး တော်စပ်သည်ဆိုသော မစ္စတာ ဖရက်ဒီခန့်က သူ့ကိုယ်သူ ဆရာကြီး–လို့ သုံးနှုန်းလိုက်သည့်အတွက် အံ့ဩ သွားလေသည်။ သို့သော် ရိုင်းမည်စိုး၍ ဘာမျှပြန် မမေးဖြစ်လိုက်။

"လိုက်သွားလိုက်ပါ ဆွိုက်တီ၊ ဆရာကြီးက ဆွိုက်တီ့ကို ပြစရာရှိလို့ပါ"

ယခုအချိန်အထိ ယဉ်မျိုးသွင်သည် ဦးအောင်သွင်နှင့် ဖရက် ဒီခန့်တို့အပေါ်မှာ ဘာမျှ သံသယမဝင်သေးပါချေ။ ဒေါက်တာဖရက်ဒီခန့်၏ ခန့်ထည်သောဥပဓိရုပ်ကြောင့်လည်း လေးစားယုံကြည်နေမိသည်။

ထို့ကြောင့်ပင် ဘာအကြောင်းကြောင့်မှန်းမသိဘဲ လူချင်းတွေ့တွေ့ ချင်း အတွင်းခန်းထဲသို့ ခေါ်သွားသည်ကို မငြင်းဆန်ဘဲ လိုက်သွားခဲ့လေ သည်။

ဒေါက်တာဖရက်ဒီခန့်က ဦးဆောင်ကာ ဓာတ်ခွဲခန်းရှိရာဘက်သို့ ထွက်သွားလေသည်။ ယဥ်မျိုးသွင်က နောက်မှလိုက်ပါသွား၏။ သူတို့နောက်ကမှ ဒေါက်တာမျိုးထိုက်က တိတ်ဆိတ်စွာလိုက်ပါသွားလေသည်။

ဦးအောင်သွင်သည် သူ့ကို မည်သည့်အခါကမျှ ဓာတ်ခွဲခန်းတွင်းသို့ ဝင်ခွင့်မပြုခဲ့သည်မို့ ယခုလည်း ဧည့်ခန်း၌ပင် တစ်ယောက်တည်း ထိုင်ကာ ကျန်ရစ်ခဲ့လေ၏။

● ● ●

## ၄၁၇

ရှေ့မှဦးဆောင်သွားသောဒေါက်တာဖရက်ဒီခန့်က အတွင်းခန်းသံတခါးမကြီးကိုဆွဲဖွင့်လိုက်သည်။

''ဝင်ပါ ... မယဉ်မျိုးသွင်''

ဒေါက်တာမျိုးထိုက်က ပြောလိုက်ခြင်းဖြစ်သည်။

ယဉ်မျိုးသွင် အတွင်းသို့ရောက်သွားသည်နှင့် ဒေါက်တာမျိုးထိုက်က အခန်းတံခါးကိုပိတ်လိုက်လေ၏။

အခန်းကား ရှင်းလင်းနေပေသည်။ ဘာပရိဘောဂမျှလည်း မရှိ။ လေးဖက်လေးတန် မှန်များကာရံထားသော အခန်းကျယ်ကြီးတစ်ခုသာ ဖြစ်ပါသည်။ တကယ်တော့ ဓာတ်ခွဲခန်းကို ထိုအခန်းမှတစ်ဆင့် ဖြတ်သန်းသွားမှရောက်မည်ဖြစ်သည်။ ထိုအခန်းမှာ ဓာတ်ခွဲခန်းသို့ ကူးသွားနိုင်သော အလယ်အခန်းတစ်ခုသာဖြစ်ပါ၏။

ယဉ်မျိုးသွင်က အံ့ဩနေသည်။ အခန်းထဲကို ဦးအောင်သွင် လိုက်ပါမလာတာရော၊ အခန်းထဲအရောက်မှာ ဘာကိုမျှမမြင်မတွေ့ရတာကိုရော အံ့ဩနေမိသည်။ ပထမဆုံးအကြိမ်အဖြစ်လည်း သံသယ ဝင်သွားမိလေသည်။

"ယဥ်မှုကို ဘာအတွက် ဒီထဲခေါ်လာတာလဲဟင် အန်ကယ် အဲ ဆရာကြီး"

ယဥ်မျိုးသွင်က ဖရက်ဒီခန့်ကို အန်ကယ်ဟုခေါ်လိုက်ပြီးမှ ဦးအောင်သွင်က ဆရာကြီးလို့ခေါ်လိုက်တာကိုသတိရပြီး ပြောင်းခေါ်လိုက်သည်။

"မင်းရဲ့အန်ကယ်က တို့များကိုအလုပ်တစ်ခု အပ်ထားတယ်၊ အဲဒါကို ငါ့တူမကြီးသိအောင် ပြချင်လို့ပါ"

"ရှင် ... ဒါနဲ့ ... ဆရာကြီးက ယဥ်တို့နဲ့အမျိုးတော်တယ်ဆို၊ နိုင်ငံခြားမှာအနေကြာနေတဲ့ ယဥ်တို့ဆွေမျိုးထဲကလို့ အန်ကယ်ကပြောပါတယ်"

"ဪ ... ဦးအောင်သွင်က ဒီလိုပဲပြောထားသလား၊ ကိစ္စ မရှိပါဘူးလေ၊ ဒါက အရေးမကြီးပါဘူး"

"နေပါဦး ဆရာကြီး၊ အန်ကယ်ပြောသလို ဆရာကြီးက ယဥ်တို့ ဆွေမျိုးထဲက မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွယ်၊ ဆရာကြီးက ဦးအောင်သွင် အခပေးပြီး အပ်နှံထားတဲ့လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးနေတာပါ"

"ဒါဖြင့် အန်ကယ်က အမျိုးတော်တယ်လို့ ဘာလို့ပြောရတာပါလိမ့်"

ယဥ်မျိုးသွင်က မျက်မှောင်တွန့်စဥ်းစားရင်းမှ ပြောလိုက်လေသည်။

"ဒါကို မင်း မကြာခင်ရှင်းသွားပါလိမ့်မယ် ယဥ်မျိုးသွင်၊ ကဲ- မောင်မျိုးထိုက်ရေ၊ **ဗိုင်စီဝမ်း**ကို သွားခေါ်လိုက်ပါကွယ်၊ ယဥ်မျိုးသွင်ကို မြင်ရအောင်"

ဒေါက်တာဖရက်ဒီခန့်က တစ်ဆက်တည်း ဒေါက်တာမျိုးထိုက်ကိုလှည့်ပြောလိုက်လေသည်။

ဒေါက်တာမျိုးထိုက်က ဝင်လာသည့်အခန်းပေါက်နှင့်တည့်တည့် ရှိ မှန်နံရံကို ရမုတ်ကွန်ထရိုးတစ်ခုဖြင့် ဖွင့်လိုက်သည်။

မှန်နံရံနှစ်ခု ကွဲဟသွားမှပင် နံရံနောက်၌အခန်းတစ်ခုရှိနေသေး ကြောင်းကို ယဥ်မျိုးသွင် သဘောပေါက်လိုက်လေ၏။

ဒေါက်တာမျိုးထိုက်က ကွဲဟသွားသောမှန်ပေါက်မှ အတွင်းသို့ လှမ်းဝင်သွားသည်။ သူအတွင်းထဲရောက်သွားသည်နှင့် မှန်တံခါးနှစ်ချပ်က စေ့ပိတ်သွားလေသည်။

"အန်ကယ်က ဆရာကြီးကိုအလုပ်အပ်ထားတယ်ဆိုတာ ဘယ်လို အလုပ်မျိုးလဲဟင်"

ယဉ်မျိုးသွင်က မေးလိုက်သည်။

"ခဏစောင့်ပါဦးကွယ်၊ ခဏနေရင် မင်းသိရပါလိမ့်မယ်"

ဆရာကြီး၏စကားဆုံးသည်နှင့် ဒေါက်တာမျိုးထိုက်ဝင်သွားသော မှန်နံရံမှာ ပြန်ဟသွားလေသည်။

ဒေါက်တာမျိုးထိုက်နှင့်အတူ အမျိုးသမီးတစ်ဦးအတွင်းခန်းထဲမှ ထွက်လာလေ၏။

"ဟင် ..."

ထိုအမျိုးသမီးကိုအမြင်တွင် ယဉ်မျိုးသွင်နှုတ်မှ ဟန်မဆောင်နိုင်တော့တဲ့ အာမေဍိတ်သံ ထွက်သွားလေသည်။

"သူ ... သူက ဘယ်သူလဲဟင်၊ အို ... တူလှချေလား။ ယဉ်နဲ့ တူလှချေလား"

"သူ့ကို ဆရာကြီးတို့က ဗိုင်စီဝမ်းလို့ နာမည်မှည့်ပေးထားပါတယ် ယဉ်မျိုးသွင်"

"ဗိုင်စီဝမ်း ... သူက ..."

"သူဟာ လူစင်စစ်တစ်ယောက်မဟုတ်ပါဘူး ယဉ်မျိုးသွင်"

"ရှင် ... လူစင်စစ် မဟုတ်ဘူးဆိုတော့ ..."

"ကလုန်းဆိုတာ ငါ့တူမကြီးကြားဖူးသလား"

"ကလုန်း ..."

"ပုံတူမျိုးပွားတဲ့ ပညာရပ်တစ်ခုလေ"

"ကြားဖူးတယ်၊ အနည်းအကျဉ်းလည်း သိတယ်၊ ဟို ... သိုးမလေး ဒေါ်လီ"

"မှန်တာပေါ့၊ ဒေါ်လီဆိုတဲ့သိုးမလေးကို ပုံတူမျိုးပွားနိုင်တာ ကို ကမ္ဘာပေါ်မှာ ပုံတူမျိုးပွားပညာရဲ့ ပထမဆုံးအောင်မြင်မှုအနေနဲ့ မှတ်တမ်းတင်ထားကြတယ်၊ လူကိုပုံတူမျိုးပွားတဲ့အလုပ်ကိုတော့ တားမြစ်ထားလို့ ဘယ်သူမှမလုပ်ကြသေးဘူး။ ဒါပေမဲ့ . . ."

"ဆရာကြီး . ."

ဉာဏ်ထက်မြက်သော ယဉ်မျိုးသွင်က. . . အနေအထားကို ချက်ချင်းသဘောပေါက်သလို ရှိသွားသည်။

သူမနှင့်ချုတ်စွပ်တူသောမိန်းကလေးကို ခြေဆုံးခေါင်းဆုံး အသေအချာပြန်ကြည့်လိုက်သည်။ ရုပ်ရည်ချင်း၊ အရပ်အမောင်းချင်းတူရုံမက မေးဖျားက မှဲ့နီနီလေးပါတာပင် တူနေပါသေး၏။

ပိုင်စိမ်းဟုအမည်ပေးထားသောအမျိုးသမီးလေးက ယဉ်မျိုး သွင်ကို ပြန်၍ပြန်ကြည့်နေလေသည်။ ပိုင်စိမ်းက ဒူးဆစ်အထိပေါ်သော စကပ်တိုတိုနှင့် တီရှပ်ခပ်ပွပွကို ပေါ့ပေါ့ပါးပါးပင် ဝတ်ဆင်ထားလေသည်။

"ဆရာကြီးဟာ ကလုန်းပညာရပ်ကိုစတင်တီထွင်တဲ့သူတွေထဲ မှာ တစ်ယောက်အပါအဝင်ပေါ့ ယဉ်မျိုးသွင်"

"ဆရာကြီး"

"ပိုင်စိမ်းဟာ ကလုန်းပညာနဲ့ ဆရာကြီး ပထမဆုံးဖန်တီး လိုက်တဲ့ မင်းရဲ့ ပုံတူလူသားတစ်ယောက်ပါပဲ ယဉ်မျိုးသွင်"

"ရှင်. . . အိုး. . ."

"မင်းရဲ့အံသွားကိုအသုံးပြုပြီး ပုံတူမျိုးပွားထားတဲ့ ကလုန်း လူသားတစ်ယောက်ပါ"

"ကျွန်မရဲ့အံသွား"

"ဟုတ်တယ်၊ ဦးအောင်သွင်က မင်းရဲ့အံသွားကို ယူလာပေး ခဲ့တယ်၊ မင်းရဲ့အံသွားကိုအသုံးပြုပြီး ကလုန်းတစ်ခုလုပ်လိုက်တာ သုံးလ အကြာမှာ အောင်မြင်စွာပြီးစီးသွားတာပဲ၊ ကြည့်လေ. . . ပိုင်စိမ်းဟာ မင်းနဲ့ဘယ်လောက် တူသလဲ၊ မင်းကိုယ်မင်း မှန်ထဲမှာပြန်ကြည့်နေရတယ် လို့မခံစားရဘူးလား"

ယဉ်မျိုးသွင်သည် လွန်ခဲ့သောသုံးလေးလက အံဆုံးပေါက်၍ အံသွားကို သွားဆရာဝန်ဆီမှာ နုတ်ပစ်ခဲ့ရတာကို သတိရလိုက်မိသည်။

"ရှင်တို့.. ရှင်တို့.. ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

"ဦးအောင်သွင်က လုပ်ခိုင်းလို့ပါ"

"ဘာ.."

"မင်းရဲ့ဦးလေးဦးအောင်သွင်က မင်းကို သူနဲ့သဘောတူတဲ့လူ နဲ့ပေးစားချင်တယ်၊ မင်းကတော့ ခေါင်းမာနေတယ်တဲ့၊ မင်းကို စည်းရုံး လို့မရတဲ့အတူတူ မင်းရဲ့ကလုန်းဖန်တီးပြီး မင်းနေရာမှာ ခဏအစားထိုး ထားလိမ့်မယ် ယဉ်မျိုးသွင်"

"ဘာ..."

"ဒါဟာလည်း ခဏပါတဲ့၊ သူဖြစ်စေချင်တာတွေ စီမံပြီးတဲ့အခါ မင်းကို မင်းနေရာမှာ ပြန်ထားပေးပါမယ်တဲ့၊ ဦးအောင်သွင်က မင်းကို ဒုက္ခရောက်အောင်မလုပ်ပါဘူးလို့ ကတိအထပ်ထပ်ပေးလို့... အဲ... ပြီးတော့.. လုပ်ခလည်း ကောင်းကောင်းပေးလို့ ဆရာကြီးအနေနဲ့ မင်းရဲ့ကလုန်းကို ခုလိုဖန်တီးပေးရတာပဲ ယဉ်မျိုးသွင်"

"ရှင်တို့.. ရှင်တို့ ယုတ်မာလှချည်လား၊ ကျွန်မမသိဘဲ.. ကျွန်မ သဘောတူညီချက်မပါဘဲ ကျွန်မကလုန်းကို ဖန်တီးတယ်၊ ဒါဟာ ရာဇဝတ်မှုပဲ၊ မရဘူးရှင့်၊ မရဘူး။ ယဉ်မျိုးသွင်ကို ဒီလိုလုပ်လို့မရဘူး။ ရှင်တို့ရဲ့ယုတ်မာတဲ့ လုပ်ရပ်ကို ဖော်ထုတ်မယ်"

စကားဆုံးသည်နှင့် ယဉ်မျိုးသွင်သည် ဝင်လာသောအခန်း တံခါး ပေါက်ဆီသို့ တဟုန်ထိုးပြေးလေသည်။

"မယဉ်မျိုးသွင်"

ဒေါက်တာမျိုးထိုက်က လျှင်မြန်ဖြတ်လတ်စွာ ယဉ်မျိုးသွင်၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

ယဉ်မျိုးသွင်ကိုယ်သည် ဒေါက်တာမျိုးထိုက်ဆီသို့ ယိုင်သွားကာ ဒေါက်တာမျိုးထိုက်ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

''စိတ်ဓာမကြီးပါနဲ့ ငါ့တူမကြီး။ အားလုံးကို စီစဉ်လို့ပြီးနေပါပြီ။ စိတ်ကို လျှော့လိုက်ပါကွယ်''

''လွှတ် ... လွှတ် ... ကျွန်မကိုလွှတ်''

ယဉ်မျိုးသွင်က ဖမ်းချုပ်ထားသော ဒေါက်တာမျိုးထိုက်ရင်ခွင်ထဲမှ ရုန်းကန်ရင်း အသံကုန်အော်လိုက်လေသည်။

● ● ●

## ၄ ၁ ၄

ဦးအောင်သွင် ညှော်ခန်းထဲ၌ တစ်ယောက်တည်း ထိုင်စောင့်နေသည်မှာ တစ်နာရီကျော်ကျော်ပင် ကြာသွားလေ၏။

တစ်နာရီနှင့်ဆယ်မိနစ်ရှိမှပင် ယဉ်မျိုးသွင်တို့ ဝင်သွားသော အခန်းတံခါးကြီးက ပွင့်လာသည်။

အခန်းထဲမှ လူလေးယောက် ထွက်လာလေသည်။

ရှေ့ဆုံးမှဦးဆောင်လာသူက ယဉ်မျိုးသွင်။ ယဉ်မျိုးသွင်သည် အလာတုန်းက ဝတ်ဆင်ထားသော အဖြူရောင်ဝတ်စုံဖြင့်ပင် အခန်းထဲမှ ထွက်လာကာ… ဦးအောင်သွင်ကို နှုတ်ဆက်လိုက်သည်။

"မောနင်း အန်ကယ် …. ယဉ် အားလုံးအဆင်သင့် ဖြစ်ပါပြီ"

ယဉ်မျိုးသွင်နောက်မှ … ဒေါက်တာဖရက်ဒီခန့်၊ ဒေါက်တာမျိုးထိုက်တို့နှင့်အတူ ယဉ်မျိုးသွင်နှင့် ချွတ်စွပ်တူသော အမျိုးသမီးလေး တစ်ယောက်ပါလာလေ၏။

ဒေါက်တာဖရက်ဒီခန့်က ပြောလိုက်သည်။

"ဦးအောင်သွင် အခု ဦးအောင်သွင်ကို နှုတ်ဆက်လိုက်တဲ့ မိန်းကလေးက ကလုန်းပါ၊ ယဉ်မျိုးသွင်အစစ်နေရာမှာ တစ်ခါတည်း အစားထိုး

နိုင်အောင် ယဉ်မျိုးသွင်အစစ်ဝတ်လာတဲ့ အဝတ်အစားတွေကို လဲဝတ်နိုင်ထား တာပါ၊ ဒါမှ သူ့အိမ်ကိုပြန်ဝင်တဲ့အခါ အိမ်ကထွက် လာတဲ့အဝတ်အစား အတိုင်းဖြစ်မှ သဘာဝကျမှာမို့ပါ''

ဒေါက်တာဖရက်ဒီခန့် ရှင်းပြလိုက်မှပင် ဦးအောင်သွင် သဘော ပေါက်သွားလေ၏။ သူ့ကို ပြုံးရွှင်စွာနှုတ်ဆက်လိုက်သောမိန်းကလေးမှာ ပုံတူမျိုးပွားထားသော ကလုန်းပေပဲ။

ဦးအောင်သွင်က နောက်မှမျက်နှာညှိုးစွာပါလာသော ယဉ်မျိုးသွင် အစစ်ကို ကြည့်လိုက်သည်။

ယဉ်မျိုးသွင်နှင့် အကြည့်ချင်းအဆုံတွင် ယဉ်မျိုးသွင်က ပြောလိုက် လေ၏။

''အန်ကယ် ...၊ အကြံပက်စက်လှချည်လား အန်ကယ်၊ အန်ကယ့် အကြံကို ရပ်တန်းကရပ်ပါ အန်ကယ်၊ ယဉ်က ဒီအတိုင်း ငြိမ်နေမယ့်မိန်းမစား မဟုတ်ဘူး''

''ဆောရီး ဆွိတီ... အားလုံးကို အတိအကျစီစဉ်ပြီးနေပြီကွယ့်၊ ဒီလိုလုပ်ရတာကလည်း ဆွိတီက သိပ်ခေါင်းမာတာကို။ အန်ကယ့် အစီအစဉ် တွေအားလုံး ကမောက်ကမဖြစ်အောင် ဆွိတီခေါင်းမာနေလို့ အန်ကယ်စီစဉ် ရတာပါကွယ်''

''ဟုတ်ပါတယ်ကွယ်၊ ဦးအောင်သွင်က အားလုံးကို သူဖြစ်စေ ချင်သလိုစီစဉ်ပြီးတာနဲ့ ငါ့တူမကြီးကို နဂိုနေရာမှာပြန်ထားပေးဖို့ ဆရာ ကြီးကို သဘောတူထားပြီးသားပါ၊ အဲဒီကတိကြောင့်လည်း ဆရာကြီးက တူမကြီးရဲ့ ကလုန်းကို ဖန်တီးပေးရတာပါ''

ဒေါက်တာဖရက်ဒီခန့်က ပြေရာပြေကြောင်း ဝင်ပြောလိုက်၏။

''ဘာပဲဖြစ်ဖြစ် ယဉ်ကတော့ ဒီတိုင်းငြိမ်ခံနေမှာ မဟုတ်ဘူး အန်ကယ့်ကိုရော ဒေါက်တာတို့နှစ်ယောက်စလုံးကိုရော တရားဥပဒေအရ တရားစွဲရမှာပဲ''

ယဉ်မျိုးသွင်အစစ်၏ စကားကြောင့် ဒေါက်တာဖရက်ဒီခန့် မျက်နှာပျက်သွားလေသည်။

"ဖြစ်ပါ့မလား ဦးအောင်သွင်၊ သူ့ကို ဦးအောင်သွင်ပြန်ခေါ်သွားလို့ ဖြစ်ပါ့မလား။ အပြင်ကိုရောက်သွားရင် သူတစ်ခုခုကြံစည်မှာစိုးရိမ်ရတယ်၊ ဒီမှာပဲ ခဏထားခဲ့ပါလား။ ကျုပ်တို့ပဲ ကြည့်ထိန်းထားလိုက်ပါ့မယ်"

"ကိစ္စမရှိပါဘူး ဆရာကြီး။ သူ့ကိုလုံလုံခြုံခြုံ ထိန်းသိမ်းထားလို့ရမယ့်နေရာကို ကျွန်တော်စီစဉ်ထားပြီးသားပါ၊ ကျွန်တော် ခေါ်သွားပါ့မယ်၊ ဒီကအထွက်မှာသာ သူ ငြိမ်ငြိမ်သက်သက်လိုက်လာအောင် လုပ်ပေးလိုက်ပါ ဆရာကြီး"

"ဒါက လွယ်ပါတယ်"

ဒေါက်တာဖရက်ဒီခန့်က ဒေါက်တာမျိုးထိုက်ကို မျက်ခုံးပင့်ပြလိုက်သည်။

ဒေါက်တာမျိုးထိုက်က ခဓတ်ခွဲခန်းထဲကို ပြန်ဝင်သွားသည်။ ခဏအကြာတွင် ဆေးရည်များစုပ်ယူထားပြီး ဆေးထိုးအပ်တစ်ချောင်းကို ကိုင်ကာ ဒေါက်တာမျိုးထိုက် ပြန်ရောက်လာသည်။

"တစ်နာရီလောက် သူ ငြိမ်သက်သွားမယ့် ဆေးကို ထိုးပေးလိုက်ပါမယ် ဦးအောင်သွင်"

ဒေါက်တာမျိုးထိုက်က နှုတ်မှလည်းပြောရင်း ဆေးထိုးရန် ယဉ်မျိုးသွင်လက်မောင်းကို လှမ်းကိုင်လိုက်သည်။

"မလုပ်နဲ့"

ယဉ်မျိုးသွင်က ဒေါက်တာမျိုးထိုက်လက်မောင်းကို ပုတ်ထုတ်ရင်း ရှောင်တိမ်းလိုက်၏။

ယဉ်မျိုးသွင်၏အဝတ်အစားများကိုလဲဝတ်ထားသော ကလုန်းမိန်းကလေးက ယဉ်မျိုးသွင်အစစ်ဘေးသို့ လျင်မြန်ဖျတ်လတ်စွာ ကပ်လိုက်ကာ ယဉ်မျိုးသွင်အစစ်ကို ဖမ်းချုပ်လိုက်သည်။

ကလုန်းက ယဥ်မျိုးသွင်အစစ်ကို နောက်ဘက်မှသိုင်းဖက်ကာ ရင်ဘတ်နားမှလက်တစ်ဖက် ဗိုက်သားအထက်မှလက်တစ်ဖက်ဖြင့် ချုပ်နှောင်ထားလိုက်ခြင်းဖြစ်သည်။ ယဥ်မျိုးသွင် ရုန်းကန်သော်လည်း မလှုပ်ရှားနိုင်ပဲ ဖြစ်နေ၏။

"ကဲ ... ဆေးထိုးပေတော့ ကိုမျိုးရေ"

ကလုန်းမက ပြောလိုက်ခြင်း ဖြစ်လေသည်။

ကလုန်းမ၏အပြုအမူကိုကြည့်ကာ ဦးအောင်သွင်အံ့အားသင့်သွားရလေ၏။

ကလုန်းမချုပ်ကိုင်ထားသော ယဥ်မျိုးသွင်၏ လက်မောင်းကို ဒေါက်တာဖရက်ဒီခန့်က ကိုင်ပေးထားသည်တွင် ဒေါက်တာမျိုးထိုက်က ဆေးထိုးအပ်ဖြင့် ကျွမ်းကျင်စွာ ထိုးလိုက်လေသည်။

အပ်အတွင်းမှဆေးရည်များကုန်သည်နှင့် ယဥ်မျိုးသွင်အစစ်၏ မျက်လုံးများမှာ တဖြည်းဖြည်း ငိုက်ဆင်းလာလေသည်။

ကလုန်းမက ယဥ်မျိုးသွင်ကို လွှတ်မပေးသေးဘဲ ဆက်လက်ချုပ်နှောင်ကာ ထိန်းပေးထား၏။

"သူ့ကို ယဥ်ကပဲ ထိန်းပြီးခေါ်လာခဲ့ပါမယ် အန်ကယ်၊ ဪ .. ကိုမျိုး၊ တစ်ခုလောက် ရနိုင်မလားဟင်"

"ဘာဖြစ်လို့လဲ"

"သူ့မျက်နှာတစ်ဝက်ကို Maskနဲ့အုပ်ထားတာ ကောင်းမယ်ထင်တယ်၊ ဒါမှ လမ်းမှာ ယဥ်တို့နှစ်ယောက်ကို မတော်တဆလူမြင်သွားရင် ရုပ်ချင်းချွတ်စွပ်တူတာတွေ့ပြီး သံသယမဝင်အောင်လို့ပါ"

"သိပ်ဟုတ်တာပေါ့၊ မင်းသိပ်တော်တယ်၊ ခဏစောင့်"

ဦးအောင်သွင်သည် အစစအရာရာ အကွက်စေ့အောင်စီစဥ်ပေးနေသောကလုန်းမ၏ အပြုအမူကိုကြည့်ကာ အံ့ဩပြီးရင်း အံ့ဩနေမိသည်။

"ဆရာကြီး၊ ယဥ်မျိုးသွင်အစစ်နဲ့ ကလုန်းနဲ့ လူချင်းများ မှားနေသလားခင်ဗျာ"

"ဘာဖြစ်လို့လဲ ဦးအောင်သွင်"

"သူက လူအစစ်နီးပါး အားလုံးကို သိနေ စိစဉ်ပေးနေလို့ပါ"

ဦးအောင်သွင်စကားကြောင့် ဒေါက်တာဖရက်ဒီခန့်က ရယ်လိုက်သည်။ ကလုန်းမကလည်း လိုက်၍ရယ်လေသည်။

"ကလုန်းဆိုတာလည်း လူအစစ်ပါပဲ ဦးအောင်သွင်၊ ပုံတူမျိုးပွားတယ်ဆိုတဲ့စကားလုံးထဲမှာကို 'မျိုးပွား'ဆိုတဲ့စကားလုံးက ပါနေပြီးသားမဟုတ်လားဗျာ၊ သူဟာ ယဉ်မျိုးသွင်ရဲ့ ခန္ဓာကိုယ်အပိုင်းအစတစ်ခုဖြစ်တဲ့ အံသွားကနေ မျိုးပွားထားတဲ့ လူသားတစ်ယောက်ပဲကိုး။ သူ့ရဲ့ဗီဇ ..သူ့ရဲ့ဇာတိက ယဉ်မျိုးသွင် အသွေးအသားထဲက လာတာပဲလေ၊ သူဟာလည်း ယဉ်မျိုးသွင် နောက်တစ်ယောက်ပါပဲ၊ ပြီးတော့ ... ကျုပ်တို့က သူ့ကို အထပ် ထပ်လေ့ကျင့်ပေးပြီးသားဖြစ်လို့ သူဟာ သူ့ကိုယ်သူ ယဉ်မျိုးသွင်လို့ ယုံကြည်ချက်အပြည့်ရှိထားပြီးသား လူတစ်ယောက်ဖြစ်နေပါပြီ ဦးအောင်သွင်"

"ဟုတ်ပါတယ် အန်ကယ်၊ ယဉ်ဟာ အန်ကယ့်တူမယဉ်မျိုးသွင်ပါ။ အန်ကယ့်ဆန္ဒတွေပြည့်ဝအောင် ဟောဒီက အန်ကယ့်တူမယဉ်မျိုးသွင်က ကူညီသွားမှာပါ အန်ကယ်ရဲ့"

"ကျေး ... ကျေးဇူးတင်ပါတယ် ယဉ်မျိုးသွင်ရယ် ..."

ဦးအောင်သွင်က ကလုန်းယဉ်မျိုးသွင်ကို မရဲ့မရဲကြည့်ရင်းမှ ပြန်ပြောလိုက်သည်။

"အို ... ယဉ်ကို ခေါ်နေကျအတိုင်း ဆွိတီလို့ခေါ်လေ အန်ကယ်၊ အဲဒါမှ လူရှေ့သူရှေ့ရောက်ရင် သံသယအဝင်မခံရမှာပေါ့"

"ဟင် ... မင်းက ငါ သူ့ကို ဆွိတီလို့ခေါ်တာကို သိနေတယ်"

"အဟင်း ... ဟင်း ... ဟောဒီကယဉ်ဟာလည်း ယဉ်မျိုးသွင်တစ်ယောက်ပါပဲ အန်ကယ်၊ ယဉ်အားလုံးကို သိပါတယ်၊ ယဉ့်အတွေးတွေ ယဉ့်ခံစားချက်တွေ၊ ယဉ့်စိတ်ကူးတွေအားလုံးဟာ ဒီယဉ်မျိုးသွင်နဲ့ ထပ်တူထပ်မျှပါပဲ အန်ကယ်ရဲ့"

"ဟုတ်ပါတယ် ဦးအောင်သွင်၊ အခုန ခဏတ်ခွဲခန်းထဲမှာ နှစ်ယောက်စလုံးကိုအိပ်မွေ့ချပြီး ယဉ်မျိုးသွင်စိတ်တွေအားလုံး ကလုန်း ယဉ်မျိုးသွင်ဆီ ရောက်သွားအောင် ပေါင်းကူးပေးထားပြီးပါပြီ၊ အဲဒါကြောင့် .. ခဏတ်ခွဲခန်းထဲမှာ ကျုပ်တို့ ဒါလောက် ကြာသွားတာပါ။ ဟောဒီက ကလုန်းကို ဦးအောင်သွင် တူမယဉ်မျိုးသွင် မဟုတ်ပါဘူးလို့ ဘယ်သူကမျှ ငြင်းမှာ မဟုတ်ပါဘူးဗျာ"

"အန်ကယ်ခိုင်းသမျှ အလုပ်တွေကို အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ယဉ်ဆောင်ရွက်ပေးပါ့မယ်၊ စိတ်ချပါ အန်ကယ်"

"အားရလိုက်တာဗျာ၊ ကျွန်တော် သိပ်အားရတာပဲဆရာကြီး ရယ် ..."

ထိုစဉ် ဒေါက်တာမျိုးထိုက်က Mask နှာခေါင်းစည်းတစ်ခု ကိုကိုင်ကာ ပြန်ရောက်လာသည်။

ကလုန်းမယဉ်မျိုးသွင်က ဒေါက်တာမျိုးထိုက်လက်ထဲမှ Mask နှာခေါင်းစည်းကို.. သူ့ရင်ထဲတွင်မိန်းမောနေသောယဉ်မျိုးသွင်အစစ်၏ မျက်နှာ၌ စွပ်ပေးလိုက်လေသည်။

Maskနှာခေါင်းစည်းစွပ်လိုက်သောကြောင့် ယဉ်မျိုးသွင်အစစ်၏ မျက်နှာအောက်ပိုင်းတစ်ခုလုံးမှာ နှာခေါင်းစည်းအောက်တွင် ပျောက်ကွယ်သွားလေသည်။ ကလုန်းနှင့် နှစ်ယောက်ယှဉ်နေသော်လည်း လူတူနှစ်ယောက် ဖြစ်မှန်း မသိသာတော့ပေ။

"ကဲ ... အန်ကယ်၊ ယဉ်တို့ သွားကြစို့လေ၊ ယဉ့်ကို အိမ်မှာ အမိုးဒေါ်နော်ခမ်းနဲ့ဆွေးခင်တို့က မျှော်နေကြရော့မယ်"

"ဟင် ..."

ကလုန်းမစကားကြောင့် ဦးအောင်သွင် ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်၏။

"ဒီနေ့ နေ့လယ်စာကို ယဉ့်အိမ်မှာစားပြီးမှပြန်နော် အန်ကယ်၊ လောလောဆယ် သူ့ကို ဘယ်ပို့ထားမှာလဲ အန်ကယ်၊ သူ့ကိုတစ်နေရာရာ ပို့ထားပြီးမှ ယဉ်တို့အိမ်ပြန်လို့ရမှာပေါ့နော်"

"မှန်တာပေါ့ ဆွိုတီ၊ သူ့ကိုပို့ထားဖို့နေရာကို အနီကယ်စီစဉ် ထားပြီး သားပါ၊ ကဲ..ဆရာကြီးနဲ့ မောင်မျိုးထိုက်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးဗျာ၊ ဆရာကြီးတို့နှစ်ယောက်ကို အောင်ပွဲအတွက် သီးသန့် ဂုဏ်ပြုပါဦးမယ်၊ ကျေးဇူးလည်း သိပ်တင်ပါတယ်၊ ခွင့်ပြုပါဦး"

"အစစအရာရာ အောင်မြင်ပါစေ ဦးအောင်သွင်၊ တစ်ခုတော့ ထပ်ပြီး သတိပေးလိုက်ပါရစေဦး"

"ဘာများလဲ ဆရာကြီး"

"ယဉ်မျိုးသွင်အစစ်ကို ဒုက္ခရောက်အောင်၊ စိတ်ဆင်းရဲအောင် မလုပ်ဖို့ပါ၊ ဦးအောင်သွင်အကြံအစည်တွေ အားလုံးပြီးတာနဲ့ ယဉ်မျိုးသွင် အစစ်ကို နဂိုနေရာမှာ ပြန်ထားပေးဖို့ပါပဲဗျာ"

"ဒါတော့ စိတ်ချပါ၊ တကယ်တော့ ယဉ်မျိုးသွင်ဟာ ကျွန်တော့် ရဲ့ တစ်ဦးတည်းသောသွေးရင်းသားရင်း တူမလေးပါဗျာ၊ မဖြစ်သာလို့ ဒီလိုကြံစည်ရတာပါ၊ စိတ်ချပါဆရာကြီး။ ယဉ်မျိုးသွင် စိတ်မဆင်းရဲစေရ ပါဘူး။ ကျွန်တော်ထပ်ပြီး ကတိပေးပါတယ်"

● ● ●

၄ ၁ ၅

ဘေးမှာ ကလုန်းယဉ်မျိုးသွင်ပါလာသည့်အတွက် ယဉ်မျိုးသွင်အစ်ကို သဘော်ပေါ်ရောက်အောင်ပို့ပေးသည့်ကိစ္စမှာ သိပ်မခဲယဉ်းခဲ့ချေ။

ဦးအောင်သွင်က ကားကို အပျော်စီးသဘော်ကျောက်ချထားသည့်ဆိပ်ကမ်းသို့ ဦးစွာမောင်းလာခဲ့သည်။ ယဉ်မျိုးသွင်အစ်ကိုမှာ ဆေးဒဏ်ကြောင့်မိန်းမောနေဆဲဖြစ်၏။ ကလုန်းယဉ်မျိုးသွင်နှင့် ယဉ်မျိုးသွင် အစ်ကိုတို့သည်ကားနောက်ခန်းမှာ အတူထိုင်ရင်း လိုက်ပါလာသည်။ ကလုန်းယဉ်မျိုးသွင်ကယဉ်မျိုးသွင်အစ်ကိုကို ဖေးမရင်း လိုက်ပါလာလေ၏။

ဆိပ်ကမ်းကို ရောက်လာပါပြီ။

အပျော်စီးသဘော်ကို ကမ်းစပ်နှင့်ခပ်လှမ်းလှမ်းတွင် ကျောက်ချထားခြင်းဖြစ်ပါသည်။ သဘော်ဆီသို့ ကမ်းစပ်တွင်အသင့်ချည်နှောင်ထားသောလှေကလေးကိုလှော်ခတ်ကာ သွားရမည်ဖြစ်သည်။

"ကဲ . . . ဆွိတီ၊ ယဉ်မျိုးသွင်ကို အသာမှေးထိန်းပြီး ခေါ်ခဲ့ပေတော့"

ဦးအောင်သွင်က ကလုန်းယဉ်မျိုးသွင်ကို ရည်ရွယ်၍ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ အန်ကယ်"

ကလုန်းယဉ်မျိုးသွင်က သတိလစ်မိန်းမောနေသော ယဉ်မျိုးသွင်ကို ပခုံးမှထိန်းကိုင်ကာ ခေါ်လာခဲ့သည်။

ယဉ်မျိုးသွင်အစစ်တွင် Maskနှာခေါင်းစည်း တပ်ထားသည့်အတွက် မည်သူကမျှ လူတူနှစ်ယောက်ဖြစ်ကြောင်း မရိပ်မိကြချေ။ အနီးအနားတွင်လည်း လူတစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

ဦးအောင်သွင်က သံကြိုးဖြင့်သော့ခတ်ထားသော လှေကလေးကို သော့ဖြုတ်လိုက်သည်။ ယဉ်မျိုးသွင်နှစ်ယောက်ကို လှေပေါ်တက်စေသည်။

ပြီးတော့ . . . လှေကလေးကို လှော်တက်ဖြင့် သူကိုယ်တိုင်လှော်ကာ မလှမ်းမကမ်းတွင်ကျောက်ချထားသည့် "ငွေစင်ရော်"ဟုအမည်ပေးထားသော . . . အဖြူရောင်အပျော်စီးရွက်လှေဆီသို့ လှော်ခတ်လာခဲ့လေသည်။

သင်္ဘောဘေးကိုရောက်တော့ ဦးအောင်သွင်က သင်္ဘောပေါ်ကို ကြိုးဖြင့်တွယ်တက်ကာ ကြိုးလှေကားလေးကို ယဉ်မျိုးသွင်တို့ တက်နိုင်အောင် ချပေးလိုက်သည်။

ယဉ်မျိုးသွင်အစစ်မှာ မိန်းမောနေဆဲဖြစ်ရာ သင်္ဘောပေါ်ရောက်အောင် အတော်ပင် ခက်ခက်ခဲခဲ တင်ယူရလေ၏။ ကလုန်းယဉ်မျိုးသွင်က လှေပေါ်မှထိန်းကိုင်ထားပြီး ဦးအောင်သွင်က သင်္ဘောပေါ်မှနေ၍ ယဉ်မျိုးသွင်ကိုယ်ကို ဆွဲတင်ရသည်။

နောက်ဆုံးတော့ သုံးယောက်လုံး အပျော်စီးသင်္ဘောကလေးပေါ်သို့ ရောက်သွားပါသည်။ ဦးအောင်သွင် ကြိုတင်ရှင်းလင်းထားသည့်အတွက် သင်္ဘောပေါ်၌ လူစောင့်ရှိမနေချေ။

ဦးအောင်သွင်က ယဉ်မျိုးသွင်အစစ်ကို သင်္ဘောဝမ်းထဲအထိ ခေါ်သွားခဲ့သည်။

"သူ့ကို ဒီအတိုင်းထားခဲ့မလို့လား အန်ကယ်"

ကလုန်းယဉ်မျိုးသွင်က မေးလိုက်သည်။

"သူမအော်နိုင် မပြေးနိုင်အောင် ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီမတောင်းနိုင်အောင် ကြိုးနဲ့ချည်ထားခဲ့ရမှာပေါ့ ဆွိတီ"

"အို.. သနားပါတယ်"

"မင်းက သူ့ကို သနားတယ်.. ဟုတ်လား"

"ဩော်.. အန်ကယ်ရယ်၊ တကယ်တော့.. သူနဲ့ယဉ်နဲ့ဟာ တစ်သွေးတည်းတစ်သားတည်းမဟုတ်လား။ ယဉ်ဟာ သူ့အသွေးအသားရဲ့အပိုင်းအစတစ်ခုပဲမဟုတ်လား။ သူ့ဘဝရဲ့တစ်စိတ်တစ်ပိုင်းပဲလေ၊ ဒီတော့.. သနားမိတာပေါ့အန်ကယ်"

ကလုန်းယဉ်မျိုးသွင်စကားကြောင့်.. ဦးအောင်သွင်တွေသွားလေသည်။

"ဆွိတီ .. မင်းမှာဒီလိုစိတ်မျိုးရှိနေတာ ငါ့အတွက်အန္တရာယ်ပဲ"

"ရှင် ..."

"မင်း သူ့ကို မသနားရဘူးလေ၊ မင်းက သူ့နေရာမှာ အစားဝင်မှာ၊ မင်းမှာ သူ့ကိုသနားကြင်နာတဲ့ ကိုယ်ချင်းစာစိတ်မျိုးရှိနေရင် မင်းအစားထိုးသရုပ်ဆောင်တာဟာ ဘယ်ပီပြင်တော့မလဲ"

"အို.. မဆိုင်ပါဘူးအန်ကယ်၊ အလုပ်ဟာအလုပ်ပါပဲ၊ ယဉ် ကို ယဉ်မျိုးသွင်အစစ်နဲ့ထပ်တူဖြစ်အောင် ဒေါက်တာဖရက်ဒီခန့်က လေ့ကျင့်ပေးထားပြီးသားပါ၊ ယဉ့်အလုပ်အတွက် ယဉ်တာဝန်ကျေရပါစေ့မယ်အန်ကယ်၊ စိတ်ချပါ"

"မင်းကိုယ်မင်း ယဉ်မျိုးသွင်အစစ်တစ်ယောက်လို့ စိတ်ထဲမှာထားရမယ်နော်"

"စိတ်ချပါအန်ကယ်၊ ခုကတည်းက ကိုယ့်ကိုယ်ကိုယ် ယဉ်မျိုးသွင်လို့ ထင်မြင်နေပြီးသားပါ၊ ယဉ်ဟာ ယဉ်မျိုးသွင်မဖြစ်လို့ ဘယ်သူဖြစ် ရဦးမှာလဲ၊ သီးခြားလူတစ်ယောက်က ယဉ်မျိုးသွင်အနေနဲ့ ဟန်ဆောင်နေတာမဟုတ်ဘူးလေ အန်ကယ်၊ ယဉ်ဟာ တခြားဘဝတစ်ခုက လာတဲ့ လူတစ်ယောက်

မဟုတ်ပါဘူး။ ယဉ်ဟာ ယဉ်မျိုးသွင်ရဲ့သွေးသားကဖြစ် တည်လာခဲ့တာပါ၊ ယဉ်ဟာ ယဉ်မျိုးသွင်ပါပဲအန်ကယ်''

''ဟုတ်ပါပြီလေ၊ ဘယ်သူမှမရိပ်မိအောင် အပီပြင်ဆုံးဖြစ်ဖို့ သာ အရေးကြီးတာပါပဲ၊ ကဲ.. လောလောဆယ်တော့ သူ့ကို ထားပစ် ခဲ့ဖို့ အန်ကယ့်ကိုကူညီဦး။ လက်တန်းပါတဲ့ကုလားထိုင်တစ်လုံး ယူလိုက် ပါဆွိတ်''

''ဟုတ်ကဲ့အန်ကယ်''

ကလုန်းယဉ်မျိုးသွင်က အခန်းဒေါင့်မှ လက်တန်းပါသောကုလား ထိုင်ကို အခန်းအလယ်သို့ ရွှေ့လာပေးလိုက်သည်။

ဦးအောင်သွင်က မိန်းမောတွေဝေနေဆဲဖြစ်သောယဉ်မျိုးသွင် အစစ်ကို ကုလားထိုင်ပေါ်တွင် ထိုင်စေလိုက်၏။

''ဗီရိုထဲမှာ အုန်းဆံကြိုးထုံးရှိတယ် ဆွိတ်၊ ယူလိုက်ပါဦး''

ကလုန်းယဉ်မျိုးသွင်က နံရံတွင်ကပ်ထားသောဗီရိုကိုဖွင့်ကာ အုန်းဆံကြိုးထုံးကိုယူလိုက်သည်။ ဦးအောင်သွင်ကိုပေးလိုက်သည်။

ဦးအောင်သွင်က ကြိုးထုံးကိုဖြေကာ .. ယဉ်မျိုးသွင်အစစ်၏ တစ်ကိုယ်လုံးကို ကုလားထိုင်တွင်ထိုင်လျက်ပုံစံအတိုင်း ချည်နှောင်လိုက် လေ၏။ လက်နှစ်ဖက်ကို ကုလားထိုင်လက်တန်းပေါ်တင်၍လည်းကောင်း၊ ကုလားထိုင်နောက်မှီနှင့် ကျောကိုကပ်၍လည်းကောင်း ချည်နှောင်လိုက် သည့်အခါ.. တစ်ကိုယ်လုံးကို မလှုပ်နိုင်အောင် တုပ်နှောင်ပြီးဖြစ်သွား လေတော့သည်။

ပြီးတော့... Maskနှာခေါင်းစည်း၏ကြိုးများကို ပို၍ခိုင်မြဲအောင် ချည်နှောင်လိုက်ပြန်လေသည်။

''ကဲ... ဒါလောက်ဆို စိတ်ချရပါပြီ''

''သူ့ကို ဒီပုံအတိုင်း ဘယ်လောက်ကြာကြာ ထားခဲ့မှာလဲ အန်ကယ်''

''မကြာပါဘူး။ ဆွိတ်ကို အိမ်အရောက်ပြန်ပို့ပြီးတာနဲ့ အန်ကယ် ဒီသင်္ဘောပေါ်ကို ပြန်လာမှာပါ၊ ကဲ... တို့သွားကြစို့ဆွိတ်၊ မင်း သူ့အတွက် ဒါလောက် နောက်ဆံမငင်ပါနဲ့၊ မင်းမှာ တာဝန်တွေရှိသေးတယ်၊ မင်း ကိုယ်တိုင်

ယဉ်မျိုးသွင်အစစ်နေရာမှာဝင်ပြီး ယဉ်မျိုးသွင်အစစ်နဲ့တူအောင် ဟန်ဆောင်ရဖို့ တာဝန်ရှိသေးတယ်လေ၊ ယဉ်မျိုးသွင်အစစ်နဲ့ မခြားအောင် ကြိုးစားပါဆို့တီး သူ့အတွက် မစိုးရိမ်ပါနဲ့၊ အန်ကယ် ပြန်လာပြီး သူ သက်သောင့်သက်သာဖြစ်အောင် စီစဉ်ပေးမှာပါ''

''ဟုတ်ကဲ့ အန်ကယ်''

''ကဲ ... တို့သွားကြစို့''

● ● ●

## ၄ ၁ ၆

ကလုန်းယဉ်မျိုးသွင်ကား အုံ့ညြစရာကောင်းလောက်အောင်ပင် ယဉ်မျိုးသွင်အစစ်နှင့်တူအောင် သရုပ်ဆောင်နိုင်ကြောင်းကို ဦးအောင်သွင် မချီးကျူးဘဲမနေနိုင်အောင် တွေ့မြင်ခဲ့ရလေသည်။

သူမသည် ယဉ်မျိုးသွင်အိမ်ကိုရောက်သည်နှင့် တစ်ကြိမ်မျှ မရောက်ဖူးသေးသောအိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားခဲ့သည်။

"အမိုးရေ ..."

ဒေါ်နော်ခမ်းကို အော်ခေါ်လိုက်သည်။

"ဟော ... ယဉ်ယဉ်ပြန်လာပြီ၊ အခုနကတောင် ဒေါ်မော်လီ ဖုန်းဆက်ပါသေးတယ် ဦးအောင်သွင်၊ ဘုရားကျောင်းကို ရောက်မလာလို့တဲ့"

"ဟင် ..."

ဒေါ်နော်ခမ်းအပြောကြောင့် ... ဦးအောင်သွင်က ဘာပြန်ဖြေရမှန်း မသိဘဲ ဖြစ်သွားသော်လည်း ... ကလုန်းယဉ်မျိုးသွင်က အဆင်ပြေအောင် ချက်ချင်းပင် အဖြေပေးလိုက်လေသည်။

"ဟုတ်တယ်အမိုး ယဉ်တို့ နိုင်ငံခြားကရောက်လာတဲ့ ယဉ့်အဘိုး ဒေါက်တာဖရက်ဒီခန့်နဲ့ သွားတွေ့တာပါ။ ဟိုမှာ စကားကောင်းနေတာနဲ့ ချော့ကို မသွားဖြစ်တော့ဘူး"

"ဪ ..."

"ထွေးခင်ရော ..."

ကလုန်းက ထွေးခင်ကို မေးလိုက်ပြန်သေးသည်။

"ကျွန်မရှိပါတယ် မမ"

ထွေးခင်က ခန်းဆီနောက်ကွယ်တွင်ရပ်နေရာမှ ထွက်လာကာ ဖြေသည်။

"ထွေးခင် အန်ကယ့်ဖို့ ကော်ဖီတစ်ခွက်ဖျော်ခဲ့ပါကွယ်၊ မမယဉ့်ဖို့ တော့ ထုံးစံအတိုင်းပဲ"

ဦးအောင်သွင်သည် ကလုန်းယဉ်မျိုးသွင်၏ ပီရိသောအမူအရာများ ကိုကြည့်၍ အံ့ဩနေသည်။

"အန်ကယ် ... ယဉ်အဝတ်အစား လဲလိုက်ဦးမယ်၊ ခဏနော်"

ကလုန်းက ဦးအောင်သွင်ကိုနှုတ်ဆက်ကာ ယဉ်မျိုးသွင်အခန်းထဲသို့ ဝင်သွားလေသည်။ သူမသည် ယဉ်မျိုးသွင်အခန်းကိုလည်း သိနေပါလား။ ဒေါက်တာဖရက်ဒီခန့်က ကလုန်းနှင့်ယဉ်မျိုးသွင်အစစ်ကို အိပ်မွေ့ချကာ ဝိညာဉ်ချင်းကူးစက်စေလိုက်သောကြောင့် ယခုလို အားလုံးသိနေခြင်း ဖြစ်လိမ့် မည်။

ခဏနေတော့ ကလုန်း အခန်းထဲက ပြန်ထွက်လာ၏။

သူမက ယဉ်မျိုးသွင်၏အိမ်နေရင်း အဝတ်အစားများကို လဲလှယ် ဝတ်ဆင်ပြီး ဖြစ်နေလေသည်။

ထိုစဉ် ထွေးခင် ဧည့်ခန်းထဲဝင်လာသည်။ လင်ပန်းထဲ၌ ဦးအောင် သွင်အတွက် ကော်ဖီခွက်နှင့် ယဉ်မျိုးသွင်အတွက် လိမ္မော်ရည်တစ်ခွက်ပါလာ သည်။

ကလုန်းယဉ်မျိုးသွင်က လိမ္မော်ရည်ဖန်ခွက်ကိုယူကာ တစ်ငုံသောက်လိုက်၏။

ထွေးခင် နောက်ဖေးဘက် ပြန်ဝင်အသွားတွင် ကလုန်းယဉ်မျိုးသွင်က မေးလိုက်သည်။

''ဘယ့်နှယ်လဲအန်ကယ် ယဉ့် အဆင်ပြေရဲ့လား''

''ပြေပါတယ်ဆွိတီ ... ပြေလွန်းလို့ အန်ကယ်အံ့ဩနေတာပါ၊ မင်း ဒီအိမ်ကိုတစ်ခါမျှ မရောက်ဖူးဘဲနဲ့ အားလုံးကို သိနေတယ်နော်''

ကလုန်းက တစ်ချက်ရယ်သွမ်းသွေးလိုက်၏။

''သိတာပေါ့ အန်ကယ်.. မရောက်ဖူးပေမဲ့ အားလုံးကို အလိုလိုသိနေပါတယ်၊ အဲဒါလည်း ယဉ်ဟာ ယဉ်မျိုးသွင်အစစ်နဲ့တစ်သွေးတည်း တစ်သားတည်းမို့ ဗီဇအရ အလိုလိုသိလာတာမျိုးပါ၊ ယဉ့် ကိုယ်ယဉ်လည်း အားလုံးကို အလိုလိုသိလာတာကို အံ့ဩနေမိတယ် အန်ကယ်၊ အမိုးနဲ့ထွေးခင်ကို ဓာတ်ပုံတွေကြည့်ပြီး မှတ်သားခဲ့ရတယ်၊ အိမ်အနေအထားကိုလည်း ဓာတ်ပုံတွေကြည့်ပြီး သိထားပြီးသားပါ၊ ဒါပေမဲ့.. ဒီအိမ်ကို တကယ်ရောက်လာတဲ့အခါကျတော့ အရင်ကတည်းက နေလာခဲ့တဲ့အိမ်လိုမျိုး ခံစားရတယ်၊ ကိုယ့်အိမ်လို့ပဲ စိတ်ထဲမှာ ထင်နေတယ်၊ မဆန်းဘူးလား အန်ကယ်''

''ဆန်းပါတယ်ကွယ် ... ဆန်းပါတယ်၊ ဒေါက်တာဖရက်ဒီခန့်ရဲ့ ပညာတွေဟာ အံ့မခန်းပါပဲ ဆွိတီ''

ဦးအောင်သွင်သည် ကလုန်းက လူအစစ်နှင့်မခြား ထပ်တူပြောဆိုလုပ်ကိုင်နေပုံများကိုကြည့်ကာ.. ကလုန်းနှင့်လူအစစ် မှားယွင်းပြီးများ ခေါ်လာမိသလားဟုပင် သံသယဝင်သွားမိ၏။

ယဉ်မျိုးသွင်အစစ်ကပင် မိမိကို ပြန်လှည့်စားနေသလားဟု တွေးမိလေသည်။

သို့သော် ဦးအောင်သွင်၏သံသယကို မကြာမီမှာပေါ်လာသော အဖြစ်အပျက်က ချေဖျက်ပစ်လိုက်လေ၏။

ဦးအောင်သွင်နှင့် ကလုန်းယဉ်မျိုးသွင်တို့ စကားပြောနေစဉ်မှာပင် အိမ်ရှေ့မှ သံရှည်ဆွဲ၍တီးလိုက်သော ကားဟွန်းသံကို ကြားလိုက်ရလေသည်။

●

ကလုန်းယဉ်မျိုးသွင်က ဟွန်းသံကို နားစိုက်ထောင်ရင်းမှ ပြောလိုက်သည်။

"ဒါ ... ကိုဒီ့ကားဟွန်းသံပဲ"

"ဟင် ... ဒီလုံးကားဟွန်းသံကိုလည်း မင်းက သိနေတယ်"

"သူလာနေပြီ အန်ကယ်၊ အခန့်သင့်ပဲပေါ့၊ အန်ကယ်က ယဉ့်ကို ဒီလုံးနဲ့သဘောမတူဘူး မဟုတ်လား။ အန်ကယ့်ရှေ့မှာပဲ ယဉ် သူ့ကို အပြတ်ပြောလိုက်မယ်အန်ကယ်"

ကလုန်းက ပြောရင်း ထိုင်ရာမှ ထသွားသည်။

ယခင်က ဒီလုံးနှင့်ဆုံသည့်အခါတိုင်း ဦးအောင်သွင် ရှောင်ထွက်သွားမြဲ ဖြစ်ပါသည်။ ယခုလည်း ဒီလုံးလာနေ၍ ရှောင်ထွက်သွားလိုက်ချင်သည်။ သို့သော် ကလုန်းမ ဘာလုပ်မယ်ဆိုတာ သိချင်၍ ဦးအောင်သွင်က ထိုင်ရာကမထပဲ စောင့်နေလိုက်၏။

ခဏအကြာတွင် ကလုန်းနှင့်ဒီလုံးတို့ အတူတွဲ၍ အိမ်ထဲဝင်လာလေသည်။

"ဟင် ..."

ည‌ေခန်းတွင်ထိုင်နေသောဦးအောင်သွင်ကို အမြင်တွင် ဒီလုံးခြေလှမ်းတုံ့သွားလေ၏။ အိမ်ထဲတွင် ဦးအောင်သွင်ရှိနေတာကို ကလုန်းက ပြောပြထားပုံ မရပါ။

"လာပါကိုဒီ အန်ကယ်လည်း ရောက်နေတယ်၊ ယဉ် ကိုဒီ့ကို ပြောစရာစကားရှိတာ အန်ကယ့်ရှေ့မှာပဲ ပြောလိုက်ချင်လို့ပါ၊ ထိုင်ပါ ကိုဒီ"

ဒီလုံးက မလွှဲသာတော့ပဲ ဆက်တီတွင်ဝင်ထိုင်လိုက်ရ၏။

ယခင်က ဤအိမ်တွင် ဦးအောင်သွင်ရောက်နေပါက ယဉ်မျိုးသွင်က ဒီလုံးကို အိမ်ထဲသို့အဝင်မခံပဲ ခြံထဲမှာသာ နေစေသည်။ ဦးအောင်သွင်ကြာမည့်ပုံပေါ်ပါက ဒီလုံးကို နောက်မှလာဖို့ ပြောကာ ပြန်စေတတ်ပါသည်။ သို့မဟုတ်ပါကလည်း ဒီလုံးရှိနေလျှင် ဦးအောင်သွင်ကိုယ်တိုင်က ရှောင်ထွက်သွားတတ်ပါ၏။

ခုတော့ ဦးအောင်သွင်နှင့်မျက်နှာချင်းဆိုင်မိအောင် ယဉ်မျိုးသွင်ကိုယ်တိုင်က ခေါ်လာသည့်အတွက် ဒီလုံးက အံ့သြနေမိလေသည်။

"ကိုဒီ့ကို ပြောရဦးမယ်"

ကလုန်းက ဒီလုံးဘေး ထိုင်ခုံတွင် ဝင်ထိုင်ကာ စကားစလိုက်သည်။

●

"ဒီကနေ့ပဲ နိုင်ငံခြားမှာရောက်နေတဲ့ ယဉ့်အဘိုးရောက်လာတယ် ကိုဒီ"

ဒီလုံးက ယဉ်မျိုးသွင်ပြောလာမည့်စကားရည်ရွယ်ချက်ကို မသိသေး၍ အသာနားစိုက်ထောင်နေသည်။

"ယဉ့်ရဲ့အဘိုးလေးပဲဆိုပါစို့၊ ဒက်ဒီတို့ အန်ကယ်တို့ရဲ့ ဦးလေးတော်တယ်လေ၊ ဒေါက်တာဖရက်ဒီခန့်တဲ့ သူက မြန်မာနိုင်ငံက ထွက်သွားတာ နှစ်ပေါင်းအတော်ကြာပြီ၊ ယဉ်တို့မမွေးခင်အချိန်ကတည်းက ဆိုပါတော့"

ဒီလုံးက ဦးအောင်သွင်ရှေ့မှာဖြစ်နေ၍ ပြန်မမေးဘဲ ငြိမ်နားထောင်နေသည်။

"အဘိုးလေးက ယဉ့်ကိုဆုံးမစကားပြောခဲ့တယ် ကိုဒီ၊ အဘိုးလေးရဲ့စကားကို ယဉ်အလေးထားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဘိုးလေးဟာ ယဉ်တို့အမျိုးထဲမှာ အသက်အကြီးဆုံးလူတစ်ယောက်ဖြစ်လို့ပဲ"

ဦးအောင်သွင်ကလည်း ကလုန်းယဉ်မျိုးသွင် စကားအပြောအဆိုကျွမ်းကျင်လိမ္မာပုံကိုနားထောင်၍ ကျေနပ်နှစ်သိမ့်နေမိသည်။ သည်ပုံ

အတိုင်းဆိုလျှင်တော့ ကလုန်းမကို ယဉ်မျိုးသွင်အစစ်နေရာမှာအစားထိုးထားတာ ဘယ်သူမျှမရိပ်မိဘဲ ပိပိရိရိရှိမှာ သေချာလှပေ၏။

"ယဉ်အဘိုးက ဘာတွေပြောလိုက်လို့လဲ"

ဒီလုံးက မေးလိုက်သည်။

"အဘိုးလေးက ... ယဉ့်ကို မြန်မြန်လက်ထပ်စေချင်တယ်တဲ့ ကိုဒီ"

"ဟာင် ..."

"ဒါပေမဲ့ ... အဘိုးလေးက ယဉ့်ကို ဘာသာတူတစ်ယောက်နဲ့ပဲ လက်ထပ်စေချင်တယ် ကိုဒီ"

"ဘာပြောတယ်"

ဒီလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဦးအောင်သွင်အတွက် သည်လောက်ဆိုလျှင် လုံလောက်ပါပြီ။ ကလုန်းယဉ်မျိုးသွင်ကို သူစိတ်ချပြီ။ နောက်ဆက်ပြောမယ့် စကားတွေအတွက် သူရှိနေရင် မကောင်း။

ဦးအောင်သွင်က ထိုင်ရာမှထရင်း နှုတ်ဆက်လိုက်၏။

"ဆွိုတီ. အန်ကယ်ပြန်ဦးမယ်"

"ပြန်တော့မလို့လား အန်ကယ်"

"ဆွိုတီအနေနဲ့ အဘိုးလေးပြောလိုက်တဲ့စကားတွေကို အလေးထားဖို့မမေ့နဲ့နော်၊ အန်ကယ်ကတော့ ဘာမျှဝင်မပြောတော့ဘူး ဆွိုတီ၊ ဆွိုတီလည်း စဉ်းစားဆင်ခြင်တတ်နေပြီပဲ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ယဉ် ကိုဒီ့ကို နားလည်အောင်ရှင်းပြလိုက်ပါ့မယ်"

"ဒါဖြင့် ... အန်ကယ်ပြန်ပြီနော်"

ဦးအောင်သွင်က ယဉ်မျိုးသွင်တစ်ယောက်တည်းကိုပဲ နှုတ်ဆက်ကာ ဧည့်ခန်းထဲမှ ထွက်ခဲ့လေသည်။

ကလုန်းယဉ်မျိုးသွင် ဒီလုံးကို စကားအလှသုံးပြီး အဆက်ဖြတ်ပစ်မယ်ဆိုတာကို ဦးအောင်သွင်ယုံပါပြီ။ သူကတော့ အပျော်စီးသင်္ဘောပေါ်မှာ ချုပ်နှောင်ထားခဲ့တဲ့ ယဉ်မျိုးသွင်အစစ်ဆီကို ပြန်သွားရဦးမည်။

အချိန်တစ်နာရီလောက်ပင် ကြာသွားပြီဆိုတော့ ခုအချိန်မှာ ယဉ်မျိုးသွင် သတိရရင် ရနေလောက်ပါပြီ။

ဦးအောင်သွင်က ကားကိုအမြန်မောင်းရင်း အပျော်စီးသင်္ဘောရှိရာ ဆိပ်ကမ်းဆီသို့ ထွက်လာခဲ့လိုက်လေသည်။

● ● ●

# ၄ ၁ ၇

အပျော်စီးသင်္ဘောပေါ်ကို ဦးအောင်သွင်ပြန်ရောက်တော့ ယဉ်မျိုးသွင်မှာ ကောင်းကောင်းသတိရနေတာကို တွေ့ရသည်။

ယဉ်မျိုးသွင်ရှန်းကန်ထားသည့်အတွက် ချုပ်နှောင်ထားသောကြိုးများပွန်းကာ အဝတ်အစားများစုတ်ပြဲပြီး အသားတွင် သွေးယင်စို့နေပေ၏။

ဦးအောင်သွင် သင်္ဘောဝမ်းထဲသို့ ဆင်းလာသည်တွင် ယဉ်မျိုးသွင်က ဂူးဂူးဝါးဝါးအော်လိုက်လေသည်။

ဦးအောင်သွင်က ယဉ်မျိုးသွင်ဆီသို့ပြေးသွားကာ ပါးစပ်တွင် တပ်ထားသော နှာခေါင်းစည်းကို ဦးစွာဖြုတ်ပေးလိုက်သည်။

"ဆွိတီ ... ဘာဖြစ်လို့ ဒါလောက် ရှန်းကန်ထားရတာလဲကွယ်၊ အန်ကယ်ဖြုတ်ပေးမှာပေါ့"

နှာခေါင်းစည်းကိုဖြုတ်ပေးနေရင်းမှ ဦးအောင်သွင်ကပြောလိုက်သည်။

"အန်ကယ် ... မတရားဘူး၊ အန်ကယ်မတရားဘူး၊ အန်ကယ့်လုပ်ရပ်တွေကို တိုင်ရလိမ့်မယ်၊ သက်ဆိုင်ရာကို တိုင်ရလိမ့်မယ်အန်ကယ်"

ပါးစပ်တွင်စည်းထားသောMask ပြုတ်သွားသည်နှင့် ယဥ်မျိုး သွင်က ကက်ကက်လန်အောင် ရန်တွေ့လိုက်လေသည်။

"စိတ်ကိုအေးအေးထားမှပေါ့ ဆွိတ်၊ အန်ကယ်ဘာကြောင့် ဒီလို လုပ်ရတယ်ဆိုတာ ဆွိတ်ကို ရှင်းပြထားပြီးပြီပဲ"

ဦးအောင်သွင်က လက်နှစ်ဖက်ကိုချည်ထားသောကြိုးများနှင့် ထိုင်ခုံနောက်ကျောနှင့် ကပ်၍ချည်ထားသောကြိုးများကို ဖြုတ်ပေးလိုက်သည်တွင် ယဥ်မျိုးသွင်သည် အနှောင်အဖွဲ့မှ လွတ်မြောက်သွားလေ၏။

အချုပ်အနှောင်မှလွတ်သွားသည်နှင့် ယဥ်မျိုးသွင်သည် ဦးအောင်သွင်မျှော်လင့်မထားသောလုပ်ရပ်ကို လုပ်လိုက်လေသည်။

သူမက ထိုင်ရာမှ ဝုန်းခနဲထကာ လှေကားအတိုင်း သင်္ဘော ကုန်းပတ်ပေါ်သို့ တက်ပြေးလေသည်။

"ဆွိတ် ... ဆွိတ် ... ဒါ ဘာလုပ်တာလဲ၊ ဆင်းခဲ့၊ ပြန်ဆင်းခဲ့"

ဦးအောင်သွင်က အောက်ရင်းဟာစ်ရင်းမှ လှေကားအတိုင်းပြေး တက်လိုက်သွားသည်။

ယဥ်မျိုးသွင်က သင်္ဘောကုန်းပတ်ပေါ်သို့ ဦးအောင်ရောက်သွားလေသည်။

"ကယ်ကြပါရှင် ... ကယ်ကြပါ၊ ဟောဒီမှာ ကျွန်မကို မတရား ချုပ်နှောင်ထားပါတယ်"

ကုန်းပတ်ပေါ်အရောက်တွင် ယဥ်မျိုးသွင်က အသံကုန်ဟစ်၍ အော်လိုက်လေသည်။

တစ်ကြိမ်တည်းအော်ခြင်းမဟုတ်။ သင်္ဘောကုန်းပတ်ပေါ်၌ နေရာ အနှံ့သို့လှည့်ပြီး ဆက်ကာ ဆက်ကာ အော်လိုက်ခြင်းဖြစ်လေသည်။

"ဆွိတ် ... ဆွိတ် ... မအော်နဲ့၊ ဟာ ... ရှုပ်ကုန်တော့မှာပဲ"

ဦးအောင်သွင် သင်္ဘောကုန်းပတ်ပေါ်သို့အရောက်တွင် ခပ်ဝေးဝေး တစ်နေရာမှ ဖြတ်သွားသောမော်တော်ဘုတ်တစ်စင်းကို မြင်လိုက်ရလေသည်။

"ကယ်ကြပါ ... ကျွန်မကို ကယ်ကြ ..."

"ဆွိတီ . . ."

ဦးအောင်သွင်က ဒေါသဖြစ်စွာဖြင့်, ယဉ်မျိုးသွင်၏စုစည်းထားသောဆံပင်ကို နောက်မှဆောင့်ဆွဲလိုက်လေသည်။ ယဉ်မျိုးသွင်ကိုယ်လုံးလေးသည် နောက်သို့လန်ကာ ဦးအောင်သွင် ရင်ခွင်ထဲသို့ ကျလာသည်။

ဦးအောင်သွင်က ဖြတ်သွားသောမော်တော်ဘုတ်ဆီသို့ လှမ်းကြည့်လိုက်သည်။ မော်တော်ဘုတ်သည် ယဉ်မျိုးသွင်အော်သံကို ဝေး၍မကြားရသည်ထားဦး . . . ဦးအောင်သွင်နှင့်ယဉ်မျိုးသွင်တို့ လုံးထွေးနေသည့်မြင်ကွင်းကိုတော့ မြင်ကောင်းမြင်နိုင်ပါသည်။ ရေယာဉ်တိုင်းလိုလိုမှာ မှန်ပြောင်းပါသည့်အတွက်လည်း မှန်ပြောင်းဖြင့်ကြည့်လျှင် ပီပီပြင်ပြင် မြင်ရနိုင်၏။

မိမိတို့အဖြစ်ကို မော်တော်ဘုတ်ပေါ်မှ မြင်တွေ့သွားမည်ကို ဦးအောင်သွင်စိုးရိမ်မိသည်။

"ကယ်ကြပါ . . . ကယ်ကြပါ . . ."

ယဉ်မျိုးသွင်က ဦးအောင်သွင်ရင်ခွင်ထဲတွင် ချုပ်နှောင်ခံထားလျက်မှပင် ထပ်၍အော်သည်။

ဦးအောင်သွင် ဒေါသဖြစ်သွားသည်။

ယဉ်မျိုးသွင်ကို သဘော်ဝမ်းဗိုက်ထဲသို့ တွန်းချလိုက်၏။

ယဉ်မျိုးသွင်သည် လေ့ကားအတိုင်း တလိမ့်ခေါက်ကွေး ကျသွားလေသည်။

သဘော်ဝမ်းဗိုက်၏ အောက်ခံကြမ်းပြင်နှင့် ပြင်းထန်စွာဆောင့်မိသော "ဒုန်း–"ခနဲ အသံထွက်လာသည်အထိပင် မရှုမလှလိမ့်ကျသွားခြင်းဖြစ်လေသည်။

ဦးအောင်သွင်အဖို့ ယဉ်မျိုးသွင်ကို သည်လောက်ထိနာကျင်အောင် လုပ်ဖို့ ရည်ရွယ်မထားသော်လည်း သူမက ပတ်ဝန်းကျင်သိအောင် အသံကုန်အော်ဟစ်နေ၍ ဒေါသထွက်ထွက်နှင့် တွန်းချလိုက်မိခြင်းဖြစ်သည်။

ဦးအောင်သွင်က လေ့ကားအတိုင်းပြေးဆင်းကာ ယဉ်မျိုးသွင် အခြေအနေကို ကြည့်လိုက်သည်။

ယဉ်မျိုးသွင်သည် သဘော်ကြမ်းပြင်၌ မှောက်လျက်လဲနေကာ ချိုစောင်းမှ သွေးများထွက်ကျနေလေ၏။ ခေါင်းဖြင့်ကျပြီး ဆောင့်မိသွားဟန် တူပါသည်။

ဦးအောင်သွင်က ယဉ်မျိုးသွင်ကိုဆွဲထူရန် လက်လှမ်းလိုက်သည်။

ဦးအောင်သွင်လက်က ယဉ်မျိုးသွင်ပခုံးကို မထိမီ ယဉ်မျိုးသွင်က ကိုယ့်ဘာသာ ကျိုးထလိုက်သည်။

"ဆွိတီ ဘာဖြစ်သွားသေးသလဲ၊ ဆွိတီက အန်ကယ်ပြောတာ နားမှ မလည်ပဲကိုးကွယ့်၊ ထ ... ထ ..."

ဦးအောင်သွင်က ယဉ်မျိုးသွင်ကို ထနိုင်ရန် လက်ကမ်းပေးရင်း ပြောလိုက်သည်။

ယဉ်မျိုးသွင်က ဦးအောင်သွင်မျှော်လင့်မထားသော အပြုအမူကို ပြုလိုက်ပြန်လေသည်။

ပက်လက်လဲနေရာမှ ဦးအောင်သွင်ကို ခြေဖြင့်ကန်လိုက်ခြင်း ဖြစ်သည်။

ယဉ်မျိုးသွင်၏ကန်ချက်က ပြင်းလည်းပြင်းသည်။ ချက်ကောင်းကို လည်း ထိသွားပါသည်။

ဦးအောင်သွင်သည် ပေါင်ခွကြားကိုလက်ဖြင့်ဖိရင်း အလန့်တကြား အော်လိုက်လေ၏။

"အား ... ဆွိတီ ... မင်း မင်း ... ရိုင်းလှချေလားဟင်"

ယဉ်မျိုးသွင်က ကြမ်းပြင်မှ ကျိုးထလိုက်သည်။

"မရိုင်းဘူး။ ကျွန်မ မရိုင်းဘူး။ ရှင်သာ ရိုင်းတာ၊ အန်ကယ် ... အန်ကယ်ဟာ လူယုတ်မာကြီးတစ်ယောက်ပဲ"

"ဘာကွ ..."

ယဉ်မျိုးသွင် ပြောလိုက်သောစကားကြောင့် ဦးအောင်သွင် ဒေါသထွက်သွားလေသည်။

"မင်းကို ငါ နားလည်အောင်ရှင်းပြတယ်၊ ဒါကို မင်းက နားမလည်ပဲနဲ့ . . ."

"အို . . . တော်စမ်းပါ"

ယဉ်မျိုးသွင်သည် ကျားနာမလေးဖြစ်နေလေပြီ။

"လူယုတ်မာ . . . ရှင် ကျွန်မအမွေတွေအပိုင်းစီးချင်လို့ ဒီလိုကြံတာ မဟုတ်လားဟင်၊ ရှင့်ကိုတိုင်မယ်၊ သက်ဆိုင်ရာကိုတိုင်မယ်"

ယဉ်မျိုးသွင်သည် ဦးအောင်သွင်ကိုရန်စကားပြောပြီး လှေကားမှ နောက်တစ်ကြိမ်တက်ပြေးရန် ပြင်ဆင်ပြန်လေသည်။

ဦးအောင်သွင်က လှေကားပထမထစ်ကို ရောက်နေသည့်ယဉ်မျိုးသွင်အား ဆွဲချလိုက်သည်။

ယဉ်မျိုးသွင်က ရုန်းသည်။

"ဆွိုတီ . . . ငြိမ်ငြိမ်နေစမ်း"

ယဉ်မျိုးသွင်က ဦးအောင်သွင်၏ညို့သကျည်းကို ပြင်းထန်စွာ ကန်လိုက်ပြန်လေသည်။

"ပြော . . . မင်းက ဒီလိုလား"

ဦးအောင်သွင်ဒေါသက အထွတ်အထိပ်သို့ ရောက်သွားလေပြီ။ သူ့လက်က ယဉ်မျိုးသွင်၏လည်ပင်းဆီသို့ ရောက်သွားလေသည်။

ယဉ်မျိုးသွင်က ရုန်းကန်သည်။ အော်ဟစ်သည်။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်မရုန်းနိုင်အောင် . . . မအော်နိုင်အောင် လည်ပင်းကိုပြင်းထန်သည်ထက် ပြင်းထန်စွာ ညှစ်ထားလိုက်လေသည်။

ယဉ်မျိုးသွင်၏ရုန်းကန်အားက တဖြည်းဖြည်း ပျော့လာလေသည်။ နောက်ဆုံးတွင် ယဉ်မျိုးသွင်သည် အဝတ်ရုပ်ကလေးတစ်ခုသဖွယ် ဦးအောင်သွင်လက်ထဲမှ ခွေကျသွားလေ၏။

ဦးအောင်သွင်က ယဉ်မျိုးသွင်ကို စမ်းသပ်ကြည့်လိုက်သည်။

အသက်ရှူမရှူ နှာခေါင်းမှထွက်သက်ဝင်သက်ကိုစမ်းသည်။ ရင်ဘတ်ကိုစမ်းသည်။

မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရတော့ပါ။

"ဟိုက် ... အသက်ရှူရပ်သွားပြီ"

ဦးအောင်သွင်က အလန့်တကြား အော်လိုက်သည်။

သူသည် ယဉ်မျိုးသွင်ကို သတ်ပစ်ရန်အထိ ရည်ရွယ်ချက်မရှိခဲ့ပါ။ ယဉ်မျိုးသွင်က တိုက်ခိုက်နေ၍သာ စိတ်လိုက်မာန်ပါလုပ်လိုက်မိခြင်း ဖြစ်သည်။

"ဆွိတီ ... ဆွိတီ ..."

ဦးအောင်သွင်က ယဉ်မျိုးသွင်ပခုံးကိုကိုင်လှုပ်ရင်း ခေါ်ကြည့်သည်။ ပြန်မထူး။

ယဉ်မျိုးသွင် လုံးဝမလှုပ်ရှားပါလေတော့။

"ဆွိတီ ... ဆွိတီ ... အန်ကယ် ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူးကွယ်၊ မရည်ရွယ်ခဲ့ပါဘူး။ ဆွိတီ ... ဆွိတီ ..."

ဦးအောင်သွင်၏ တုန်လှုပ်ချောက်ချားသောအသံက အပျော်စီးသင်္ဘောလေးပေါ်တွင် ပဲ့တင်ထပ်၍နေလေသည်။

● ● ●

၄ ၁ ၈

"ယဉ် ... ယဉ်ပြောတဲ့စကားတွေဟာ ဦးအောင်သွင်ပြောခိုင်းလို့ ပြောရတဲ့စကားတွေ မဟုတ်လားဟင်"

ဦးအောင်သွင် အိမ်ထဲမှထွက်သွားသည်နှင့် ဒီလုံးက မေးလိုက်သည်။

"မဟုတ်ပါဘူး ကိုဒီ၊ ယဉ့်ရင်ထဲက တကယ်ထွက်လာတဲ့စကားတွေပါ"

"မယုံဘူး၊ ကိုယ်မယုံဘူး၊ ယဉ့်စိတ်တွေ ရက်ပိုင်းအတွင်း ဒီလောက်ပြောင်းလဲသွားတာ ကိုယ်မယုံဘူး"

"ရက်ပိုင်းအတွင်းတောင် မဟုတ်ပါဘူး ကိုဒီရယ်၊ အခုမနက်မှပြောင်းလဲသွားရတာပါ၊ ယဉ့်ကို ခွင့်လွှတ်ပါ"

"ယဉ် ... ကိုယ်တို့ချင်းအချစ်က ခုမှတည်ဆောက်ထားတဲ့ အချစ်မျိုးမဟုတ်ပါဘူး ယဉ်၊ လူတစ်ယောက်ရဲ့စကားတစ်ခွန်းနဲ့ ယဉ့်စိတ်ကိုပြောင်းလဲပစ်တယ်ဆိုတာ သဘာဝမကျပါဘူးယဉ်"

"ဒါပေမဲ့ ... အဲဒီလူတစ်ယောက်က ယဉ်လေးစားရမယ့် ယဉ်တို့အမျိုးထဲက အသက်အကြီးဆုံးပညာရှိလူကြီးတစ်ယောက်ဖြစ်နေ

တယ်ကိုဒီရယ်၊ ဟုတ်ပါတယ်၊ ယဉ့်စိတ်ကို အဘိုးလေးရဲ့ဆုံးမစကားကြောင့် တမင်ပြောင်းလဲပစ်လိုက်ရတာပါ ကိုဒီ''

''ဘယ်လို ယဉ်''

''ယဉ် ... ယဉ် ... ကိုဒီ့ကို မမုန်းပါဘူး''

ကလုန်းမယဉ်မျိုးသွင်အတုက ထိုစကားကို အားယူ၍ပြောလိုက်ရခြင်းဖြစ်လေသည်။ တကယ်တော့ ထိုစကားသည် ကလုန်းမရင်ထဲက အစစ်အမှန်ထွက်လာသော စကားတစ်ခွန်းဖြစ်ပါသည်။

''ကိုဒီ့ကို ယဉ်မမုန်းပါဘူး။ ဒါပေမဲ့ ... အဘိုးလေးပြောတဲ့ စကားတွေက သဘာဝကျနေတယ် ကိုဒီ၊ ယဉ်တို့အမျိုးထဲမှာ အားလုံးဟာ ဘာသာချင်းတူသူနဲ့ပဲ လက်ထပ်ကြတာပါ ကိုဒီ၊ ကိုဒီနဲ့ယဉ်နဲ့က ကိုးကွယ်တဲ့ဘာသာချင်းမတူတော့ ...''

''ယဉ် ... ဘာသာချင်းမတူတာ အပြစ်လားကွာ၊ စကတည်းက ဘာသာချင်းမတူတာကို ယဉ်မသိခဲ့တာမှ မဟုတ်ပဲ''

''အို ... ယဉ့်ကိုခွင့်လွှတ်ပါ ကိုဒီ ယဉ်ဆုံးဖြတ်လိုက်ပြီ၊ ယဉ်နဲ့ ကိုဒီ မိတ်ဆွေတွေအဖြစ်ပဲ နေကြပါစို့ ကိုဒီရယ် ယဉ့်ကိုခွင့်လွှတ်ပါ၊ ယဉ့်ကို ခွင့်လွှတ်ပါ''

ကလုန်းမသည် ပြောရင်း မျက်ရည်များစီးကျလာသည်။ သူမ တန်ဆောင်မထားနိုင်တော့။ ဒီလုံးရှေ့တွင် ဆက်နေရဲသောအင်အား မရှိတော့ပါပေ။

ကလုန်းမက ထိုင်ရာမှထကာ အခန်းတွင်းသို့ ပြေးဝင်သွားလေ၏။

အခန်းထဲအရောက်တွင် ခုတင်ပေါ်ပစ်လှဲကာ ရှိုက်ငိုနေမိသည်။

ခဏအကြာတွင် ဒီလုံးကား မောင်းထွက်သွားသံကြားရ၏။

ကလုန်းယဉ်မျိုးသွင်က ခုတင်ပေါ်မှ ထလိုက်သည်။

မှန်တင်ခုံရှေ့သွားကာ ရပ်လိုက်သည်။ တစ်ကိုယ်လုံးပေါ် မှန်ကြီးထဲ၌ သူမအရိပ်က ထင်ပေါ်နေပါသည်။

မှန်ထဲမှာပေါ်နေသော မေးဖျားတွင်မှဲ့နီကလေးနှင့် ယဉ်မျိုးသွင်က သူမကို ပြန်ကြည့်နေလေသည်။

"အို ... ငါဟာ ယဉ်မျိုးသွင်အစစ်နဲ့ခွဲမရအောင် တူလှချေလား။ အင်းလေ ... ဆန်းတော့ မဆန်းပါဘူး။ တကယ်တော့ ... ငါဟာ ယဉ်မျိုးသွင်ရဲ့ သွားတစ်ချောင်းကနေ လူဖြစ်လာရတဲ့ လူအတုတစ်ယောက်ပဲ၊ ဒါ့ကြောင့်လည်း ... ငါ့ကို အားလုံးက ယဉ်မျိုးသွင်အစစ်အမှတ်နဲ့ သံသယ မဝင်ဘဲ ဆက်ဆံနေကြတာပေါ့"

ကလုန်းမက မှန်ထဲမှပုံရိပ်ကိုကြည့်ကာ တစ်ကိုယ်တည်း တီးတိုး ရေရွတ်နေခြင်းဖြစ်လေသည်။

"ငါကလည်း လူအတုဆိုပေမဲ့ ယဉ်မျိုးသွင်ရဲ့သွေးသားက ဖြစ်တည် လာတဲ့ လူတစ်ယောက်မို့ ကိုယ့်ကိုယ်ကိုယ် ယဉ်မျိုးသွင်လို့ပဲ ထင်မိတယ်၊ ငါ့ရင်ထဲမှာရှိတဲ့ခံစားချက်တွေ ငါ့ခေါင်းထဲမှာရှိတဲ့အတွေးတွေဟာ ယဉ်မျိုးသွင် အစစ်ရဲ့ အတွေးနဲ့ခံစားချက်တွေပါပဲလေ၊ ငါ့ရင်ထဲက ခံစားချက်ဟာ ယဉ်မျိုးသွင်နဲ့တထပ်တည်းတူတယ်ဆိုတာ ကိုဒီ့ကို တွေ့လိုက်ရတဲ့အချိန်မှာ ထင်ရှားသွားပါပြီ"

ကလုန်းမက သက်ပြင်းချရင်းမှ ဆက်ပြီးတွေးနေမိပြန်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ... ငါ ... ငါ ... ကိုဒီ့ကိုမြင်တာနဲ့ ချစ်လိုက်မိလို့ပဲပေါ့၊ ဟုတ်တယ် ... ကိုဒီ့ကို ငါချစ်တယ်၊ ကိုဒီ့ကို အဆက် ဖြတ်ဖို့ပြောလိုက်ရပေမဲ့ ငါ့ရင်ထဲမှာမချိဘူး၊ ဒါဟာ ကိုဒီ့ကို ငါချစ်နေလို့ပဲ ပေါ့၊ ဒါပေမဲ့ ... ဒါပေမဲ့ ... ငါ့ဘဝက ...

"ငါ့ဘဝက ... ငါ့ကိုဖန်တီးထားတဲ့ လူတွေရဲ့ဆန္ဒအတိုင်း ပြောဆိုလှုပ်ရှားရမယ်လေ၊ ငါဟာလူအတုတစ်ယောက်ပဲ၊ ငါ့မှာ ကိုယ်ပိုင် ခံစားချက် မရှိရဘူးတဲ့၊ ငါဟာ ငါ့ကိုဖန်တီးခဲ့တဲ့လူတွေရဲ့အမိန့်အတိုင်း လုပ်ဆောင်ရမယ်တဲ့၊ ဩော် ... ဖြစ်မှဖြစ်ရလေရှင် ...

"ကျွန်မဟာ လူအတုတစ်ယောက်ဖြစ်ပေမဲ့ ယဉ်မျိုးသွင်အစစ်ရဲ့ သွေးသားကတစ်ဆင့် ဖြစ်တည်လာရတဲ့ လူတစ်ယောက်ပါ ရှင်တို့ရယ် ...

ကျွန်မမှာ ခံစားတတ်တဲ့ နှလုံးသားပါလာခဲ့တယ်ဆိုတာ ရှင်တို့ မေ့လျော့ထားကြလေသလား ... ဟင် ...

"ကိုဒီရေ ... ကျွန်မကို ခွင့်လွှတ်ပါ၊ ယဉ်မျိုးသွင်အစစ်က ရှင့်ကို မမုန်းသလို .. ဟောဒီက ကလုန်းမယဉ်မျိုးသွင်ကလည်း ရှင့်ကို ချစ်နေပါတယ်တဲ့ရှင်.. ဒါပေမဲ့ .. ကျွန်မဟာ လူတစ်စုကဖန်တီးလိုက်တဲ့ အရုပ်တစ်ရုပ်သာဖြစ်တာမို့ သူတို့ခိုင်းစေတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရတော့မှာပါ ... ကိုဒီ့အသည်းကိုခွဲသလိုဖြစ်ခဲ့ရင် ယဉ့်ကို ခွင့်လွှတ်ပါတော့ ကျွန်မကို ခွင့်လွှတ်ပါတော့ ကိုဒီရယ်"

ကလုန်းမသည် တစ်ကိုယ်တည်း တွေးတောရေရွတ်ရင်းမှ ... ကြေကွဲစွာ ရှိုက်ငိုလိုက်လေတော့သည်။

ယဉ်မျိုးသွင်တစ်ယောက် အခန်းထဲတွင် တစ်ကိုယ်တည်း တတွတ်တွတ်ပြောရင်း ငိုကြွေးနေသည့်မြင်ကွင်းကို တံခါးအကွယ်မှ ချောင်းကြည့်နေသောထွေးခင်က အစအဆုံး မြင်နေရလေသည်။

● ● ●

# အပိုင်း ( ၅ )

## ၅၁၁

ဦးအောင်သွင်သည် ယဉ်မျိုးသွင်ကို သတ်ပစ်ရန်မရည်ရွယ်ခဲ့ပါ။ ရှန်းရင်းဆန်ခတ်ဖြစ်ရာမှ လက်လွန်သွားခြင်းသာ ဖြစ်ပါသည်။

ယဉ်မျိုးသွင်သေဆုံးသွားသည့်အတွက် ဦးအောင်သွင် တုန်လှုပ်ချောက်ချားနေမိသည်။

ယဉ်မျိုးသွင်အလောင်းကို သဘောာပေါ်တွင်ထားရစ်ခဲ့ကာ အိမ်ကို ပြန်လာလိုက်သည်။ အိမ်ကိုရောက်တော့လည်း ဘယ်သူနဲ့မှ စကားမပြောဘဲ အခန်းထဲဝင်အောင်းနေကာ တုန်လှုပ်ချောက်ချားသောစိတ်ကို တည်ငြိမ်အောင် ကြိုးစားနေရလေ၏။

အချိန်အတော်ကြာအောင် ကိုယ့်စိတ်ကိုယ်ဖြေသိမ့်မှပင် အတန်ငယ် စိတ်သက်သာရာရသွားခဲ့လေ၏။

ဦးအောင်သွင်အဖို့ ယခုအခြေအနေရောက်မှတော့ မထူးတော့ပါ။ အရာရာက လက်လွန်ခဲ့ပြီးလေပြီ။ ကိုယ်ဖောက်ထားသောလမ်းပေါ်မှာ ဆက်လျှောက်ရပေတော့မည်။

ဦးအောင်သွင်သည် စိတ်ကိုတည်ငြိမ်အောင်ကြိုးစားကာ ညပိုင်းတွင် အပျော်စီးသင်္ဘောပေါ်သို့ တစ်ယောက်တည်း ပြန်သွားလိုက်သည်။

သင်္ဘောကို ပင်လယ်ကမ်းစပ်မှ အတော်ဝေးသည်အထိ မောင်းယူခဲ့သည်။

ယဉ်မျိုးသွင်အလောင်းကို ပင်လယ်ပြင်ထဲသို့ ပစ်ချလိုက်လေသည်။

သင်္ဘောကြမ်းပြင်တွင်ကျနေသော ယဉ်မျိုးသွင်၏သွေးစသွေးန များကို ပြောင်စင်အောင် သုတ်သင်ရှင်းလင်းလိုက်သည်။

အားလုံး သဲလွန်စမကျန်အောင် ရှင်းလင်းဖျောက်ဖျက်ပြီးမှပင် သက်ပြင်းချလိုက်နိုင်လေ၏။

●

ဦးအောင်သွင်အဖို့ စ,မိသည့်လုပ်ငန်းကို ဆက်ပြီးလုပ်ရုံသာ ရှိပါတော့သည်။

ဒေါက်တာဖရက်ဒီခန့်ကိုပေးထားတဲ့ **'ယဉ်မျိုးသွင်ကို အန္တရာယ် မကျရောက်စေရပါ'** ဆိုသည့်ကတိကတော့ ပျက်သွားပေပြီ။ ယဉ်မျိုးသွင် သေဆုံးသွားကြောင်းကို မည်သူ့ကိုမျှ အသိပေးလို့ မဖြစ်ပါ။

အရေးကြီးတာက ယဉ်မျိုးသွင်အစစ်နေရာမှာ အစားထိုးထားတဲ့ ကလုန်းယဉ်မျိုးသွင် အံဝင်ခွင်ကျဖြစ်ဖို့ပင် ဖြစ်ပါသည်။

ကလုန်းကား ဆီးကျူးစရာကောင်းလောက်အောင်ပင် ယဉ်မျိုးသွင် အစစ်အဖြစ် ပိရိစွာလှုပ်ရှားလျက်ရှိပေသည်။

● ● ●

## ၉ ၁ ၂

ဦးအောင်သွင်သည် နောက်တစ်နေ့တွင် ယဉ်မျိုးသွင်အိမ်မှာ မရှိသည့်အချိန်ကိုရွေးကာ သွားလိုက်သည်။ ယဉ်မျိုးသွင် သူမ၏အလုပ်ခန်းတွင် အလုပ်ဆင်းနေချိန်ဖြစ်၏။

"ဒေါ်နော်ခမ်း.. ဆွိတီတစ်ယောက် မနေ့က ဘာများထူးခြားသေးသလဲ"

ဦးအောင်သွင်အမေးကို ဒေါ်နော်ခမ်းက နားမလည်သလို ငေးကြည့်နေသည်။

"ဒီလိုပါ ... ဆွိတီ မနေ့က သူ့အဘိုးလေးနဲ့တွေ့လိုက်တော့ အဘိုးလေးဆုံးမလိုက်တဲ့ စကားတွေကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်သွားသလားလို့ပါ၊ ဒေါ်နော်ခမ်း ဘာများသတိထားမိသလဲ မေးကြည့်တာပါ"

"ပြော် ... ဟုတ်ပါရဲ့ ဦးအောင်သွင်၊ ယဉ်ယဉ်ဟာ မောင်ဒီလုံးနဲ့ အဆင်မပြေပုံမပေါ်ဘူး။ အဲဒါလည်း မနေ့ကမှ ကောက်ကာငင်ကာ ဖြစ်သွားတာပဲ၊ ညကလည်း မောင်ဒီလုံးနဲ့ဖုန်းပြောနေတာ အကြာကြီးပဲ"

"ဟာင် ... ဟုတ်လား"

"ယဉ်ယဉ်မျက်နှာမကောင်းရှာဘူး ဦးအောင်သွင်၊ အဲဒါတစ်ခုတော့ ကျွန်မသတိထားမိပါတယ်"

"သူ့အဘိုးလေးက သူ့ကို ဘာသာခြားနဲ့အိမ်ထောင်ပြုမှာ မလိုလား တဲ့အကြောင်းပြောလိုက်လို့ပါ ဒေါ်နော်ခမ်း။ ဒီပုံအတိုင်းဆို ဆွိုတီဟာ သူ့အဘိုး လေးစကားကို လက်ခံတဲ့သဘောပဲ"

ဦးအောင်သွင် ဒေါ်နော်ခမ်းကိုနှုတ်ဆက်ပြီး. အိမ်မှပြန်လာ လိုက်သည်။

သည်ပုံအတိုင်းဆိုလျှင် ဒေါ်နော်ခမ်းသည် ကလုန်းကို ယဉ်မျိုးသွင် နေရာမှာအစားထိုးထားပုံကို လုံးဝမရိပ်မိကြောင်း သေချာသည်။ ဒေါ်နော်ခမ်း လို မိဘသဖွယ် ငယ်စဉ်ကတည်းက ယဉ်မျိုးသွင်ကို ပြုစုလာသူကိုယ်တိုင်က သတိမပြုဘူးဆိုတော့ ကလုန်း၏သရုပ်ဆောင်မှုများက ပီပြင်မှုရှိသည်ဟု ဆိုရမည်ပင်။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်အလုပ်ခန်းဖွင့်ထားသည့် ဟိုတယ် သို့ ကားကို မောင်းလာလိုက်သည်။ ဟိုတယ်တတိယထပ်ရှိ ယဉ်မျိုးသွင် အလုပ်ခန်းကို တက်သွားသည်။

အခန်းထဲဝင်ဝင်ချင်း ယဉ်မျိုးသွင်၏စက္ကထရီထက်ထက်နိုင်နှင့် တွေ့ရသည်။

"ထက်ထက် ... ယဉ်မျိုးသွင်တစ်ယောက်ရှိရဲ့လား"

"ဩော် ... အန်ကယ်ဦးအောင်သွင်၊ မမယဉ် အခန်းထဲမှာ ရှိပါတယ် ရှင့်"

"နင့်မမယဉ် ဘာများထူးခြားသေးလဲ ထက်ထက်"

ဦးအောင်သွင်က ထက်ထက်နိုင်သဘောထားကိုသိရန် မေးကြည့် လိုက်သည်။

"ရှင် .. မမယဉ် ဘာမျှမထူးခြားပါဘူး အန်ကယ်၊ ပုံမှန်အတိုင်း ပါပဲ၊ ဩော် ... တစ်ခုတော့ရှိတယ်၊ မမယဉ်က တစ်ပတ်အတွင်း အလုပ်

တွေလက်မခံဖို့တော့ မှာထားပါတယ် အန်ကယ်၊ နိုင်ငံခြားက ဧည့်သည်တစ်ယောက်ရောက်နေလို့ အချိန်ပေးပြီးဧည့်ခံရမှာမို့လို့ ပြောပါတယ် အန်ကယ်''

သည်ပုံအတိုင်းဆိုလျှင် ထက်ထက်ခိုင်သည်လည်း ယဉ်မျိုးသွင်နေရာတွင် ကလုန်းကိုလူစားထိုးထားတာကို မရိပ်မိတာ ပေါ်လွင်နေပါသည်။

''အန်ကယ် ဆွိတီနဲ့ ဝင်တွေ့လိုက်ဦးမယ်''

ဦးအောင်သွင်က ထက်ထက်ခိုင်ကိုအသိပေးပြီး ယဉ်မျိုးသွင်ရုံးခန်းထဲသို့ ဝင်ခဲ့လေ၏။

●

''မောနင်း အန်ကယ်''

ယဉ်မျိုးသွင်အခန်းထဲသို့ ရောက်ရောက်ချင်း ကလုန်းယဉ်မျိုးသွင်က ဦးအောင်သွင်ကို နှုတ်ဆက်လိုက်လေသည်။

''မောနင်း ဆွိတီ ‥ ဘယ့်နှယ်လဲ ဆွိတီ၊ အဆင်ပြေရဲ့လား''

''ပြေပါတယ်အန်ကယ်၊ လောလောဆယ်တော့ အလုပ်လာအပ်တာတွေလက်မခံသေးဖို့ တစ်ပတ်လောက်နားခိုင်းထားတယ် အန်ကယ်၊ ယဉ်မျိုးသွင်ရဲ့အလုပ်တွေကို စေ့စေ့စပ်စပ် လေ့လာချင်သေးလို့ပါ''

''ကောင်းတာပေါ့ဆွိတီ၊ မင်းကိုချီးကျူးတယ်ကွယ် ‥‥ မင်းကိုဘယ်သူကမှ သံသယမဝင်ကြဘူး''

ကလုန်းမက နှုတ်ခမ်းတွင်လက်ညှိုးဖြင့်ကပ်ကာ အမူအရာ ပြလိုက်သည်။

''စကားပြောဆင်ခြင်ပါ အန်ကယ် ထက်ထက်ခိုင် ကြားသွားပါ့မယ်''

သူ့ကိုပင် သတိပေးစကား ပြောလိုက်သေးသည်။

ယဉ်မျိုးသွင်စကားဆုံးသည်နှင့် ထက်ထက်ခိုင်က ကော်ဖီခွက်ကိုကိုင်ကာ အခန်းထဲဝင်လာလေသည်။

''အန်ကယ့်အတွက် ကော်ဖီပါ''

''ကျေးဇူးပဲ ထက်ထက်''

ထက်ထက်ခိုင် အခန်းအပြင်ထွက်သွားမှ –

"ဒီလုံးနဲ့ကိစ္စ အဆင်ပြေရဲ့လား"

ဦးအောင်သွင်က အသံကိုနှိမ့်၍မေးလိုက်သည်။

ယဉ်မျိုးသွင်မျက်လုံးများက မသိမသာအရောင်ပြောင်းသွားလေသည်။

"ကိုဒီက ... အဲ ... ဒီလုံးက ယဉ် သူ့ကိုအဆက်ဖြတ်ဖို့ပြောတော့ မယုံဘူး အန်ကယ် ... ညကဆို တစ်ညလုံး ယဉ့်ဆီဖုန်းဆက်ပြီး စကားတွေပြောနေတယ်"

"ဘာတွေ ပြောတာလဲ"

"ယဉ်ပြောတဲ့စကားတွေကို မယုံဘူး။ ယဉ့်ရင်ထဲကစကားတွေ မဟုတ်တာ သူသိနေတယ်တဲ့ သူက တစ်ယောက်ယောက်ရဲ့ပယောဂကြောင့် ယဉ်က စိတ်မပါဘဲပြောတာလို့ ထင်နေတယ် အန်ကယ်"

ဦးအောင်သွင်က ရယ်လိုက်သည်။

"ဒီကောင်က အန်ကယ့်ပယောဂလို့ပဲ ထင်နေမှာပေါ့ ဆွိတီ၊ အဲဒီအတိုင်းရော မစွပ်စွဲဘူးလား"

"ထားပါတော့ အန်ကယ်၊ ဘာပဲဖြစ်ဖြစ်.. အန်ကယ်တို့ဖြစ်စေချင်တဲ့အတိုင်း ဒီလုံးကို အဆက်ဖြတ်နိုင်ရင် ပြီးရောမဟုတ်လား အန်ကယ်"

"ဒါပေါ့ ... ဒါပေါ့ ဆွိတီ"

ယဉ်မျိုးသွင်က မသိမသာ သက်ပြင်းချလိုက်သည်။

"မင်းတာဝန်ကျေပါတယ်ကွယ် နောက်တစ်ဆင့်ပဲကျန်ပါတော့တယ်"

"ရှင် ..."

"မင်းကို ဆွိတီ့နေရာမှာအစားထိုးရတဲ့ ရည်ရွယ်ချက်ကိုက ဒီလုံးနဲ့ အဆက်ဖြတ်ဖို့နဲ့ အန်ကယ်သဘောတူတဲ့ အန်ကယ့်တူဖေယျာဦးကို လက်ခံဖို့ အတွက်ပဲ ဆွိတီ"

"ဟုတ်ကဲ့"

''တကယ့်ယဉ်မျိုးသွင်အစစ်က ဘယ်လိုမျှတိုက်တွန်းလို့မရလို့ မင်းကို အန်ကယ်ဖြစ်ချင်တာတွေ ယဉ်မျိုးသွင်ကိုယ်စားလုပ်ပေးနိုင်အောင် အစားထိုးရတာလေ''

''ဟုတ်ပါတယ်အန်ကယ် ... ယဉ်သဘောပေါက်ပါတယ်''

''ဒီတော့ ... ဇေယျာဦးနဲ့တွေ့တဲ့အခါမှာ သူ့အချစ်ကို လက်ခံလိုက်ပါ ဆွိတ်''

''အိုး..''

''ဇေယျာဦးနဲ့လက်ထပ်တဲ့အထိ သရုပ်ဆောင်ပြီးရင် မင်းတာဝန် ကျေပါပြီ''

''ဟုတ် ... ဟုတ်ကဲ့ ... ဒါနဲ့ ... ယဉ်မျိုးသွင်ရော အန်ကယ်၊ ယဉ်မျိုးသွင်အခြေအနေ ဘယ်လိုရှိသလဲဟင်''

ကလုန်းမ၏ မေးခွန်းကြောင့် ဦးအောင်သွင်က မျက်နှာမပျက်အောင် ထိန်းလိုက်ရလေသည်။

''သူ ကျန်းကျန်းမာမာပါပဲ၊ သူ့ကို အန်ကယ်ချော့ထားပါတယ် ဆွိတ်''

ကလုန်းမက သက်ပြင်းချလိုက်သည်။

''ယဉ့်လုပ်ရပ်တွေက ယဉ်မျိုးသွင်အပေါ်မှာ တရားမှုတရားပါ့မလား အန်ကယ်ရယ်''

''ယဉ်မျိုးသွင် ...''

ဦးအောင်သွင်က လေသံမာမာဖြင့် ခေါ်လိုက်သည်။

''မင်း ဒါတွေ တွေးစရာမလိုဘူး၊ မင်းတာဝန်က အန်ကယ် ဖြစ်စေချင်တာတွေကို ယဉ်မျိုးသွင်ဟန်ဆောင်ပြီး လုပ်ပေးဖို့ပဲလေ ... ဒါကို မင်းမမေ့ပါနဲ့''

''ဟုတ်ပါတယ် အန်ကယ်၊ ယဉ်မမေ့ပါဘူး အန်ကယ်ရယ်''

"ကောင်းပြီ ... မနက်ဖြန် ဖေယျာဦးကို ဒီရုံးခန်းကို လွှတ်လိုက်မယ်၊ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ၊ လိုက်လျောလိုက်ပါ ဆွိတီးမင်းနဲ့ဖေယျာဦး အမြန်ဆုံးမင်္ဂလာဆောင်တာကို အန်ကယ် မြင်ချင်တယ်"

ဦးအောင်သွင်က သူလိုရာကို အမိန့်ပေးခဲ့ပြီး ကလုန်းမကို နှုတ်ဆက်၍ပြန်သွားလေတော့သည်။

ကလုန်းမယဉ်မျိုးသွင်သည် ဦးအောင်သွင်နောက်ကျောကို ကြည့်ပြီး မျက်ရည်ဝဲလျက် ကျန်ခဲ့လေ၏။

"ဩော် ... ငါချစ်တဲ့ကိုဒီ့ကို ရင်အကွဲခံပြီး အဆက်ဖြတ်ပစ်ရုံမကဘူး ... ငါမချစ်တဲ့ ဖေယျာဦးဆိုသူရဲ့အချစ်ကို လက်ခံရဦးမှာပါလား ကိစ္စအားလုံးပြီးရင် သူတို့ ငါ့ကို ဘာလုပ်ပစ်ကြမှာပါလိမ့်၊ ငါ့ကို အစားထိုးထားတဲ့ အရုပ်ကလေးတစ်ရုပ်အနေနဲ့ သူတို့ဆန္ဒတွေပြည့်ဝသွားရင် ဖျက်ဆီးပစ်ကြမ်ယ် ထင်ပါရဲ့ ... ငါ ဘာလုပ်ရမလဲ၊ ယဉ်မျိုးသွင်အနေနဲ့ ဟန်ဆောင်နေရတာကို ငါကျေနပ်တယ်၊ ယဉ်မျိုးသွင်ဆိုတဲ့ဘဝကနေ ငါ ဖယ်မပေးချင်တော့ဘူး၊ ငါ ဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲကွယ်"

● ● ●

## ၅ ၁ ၃

နောက်တစ်နေ့တွင် ယဉ်မျိုးသွင်၏ရုံးခန်းသို့ ဖေယျာဦး ရောက်လာလေသည်။

ဖေယျာဦးသည် ဦးအောင်သွင် အတင်းသွားဆိုင်း၍သာ လာခဲ့ရသော်လည်း စိတ်မပါလှပေ။ လှပ၍ ထက်မြက်သောယဉ်မျိုးသွင်က သူ့ကိုတွေ့သည့်အခါတိုင်း တစ်နည်းမဟုတ်တစ်နည်းဖြင့် လှောင်ပြောင်တတ်သောကြောင့်ဖြစ်သည်။

ဖေယျာဦးသည် လှပ၍ဆွဲဆောင်မှုရှိသော ယဉ်မျိုးသွင်ကို ချစ်လည်း ချစ်ကာ ... ပိုင်ဆိုင်ချင်လှပါသော်လည်း ယဉ်မျိုးသွင်နှင့် အရည်အသွေးချင်း မယှဉ်နိုင်ပေ။ ဒါကြောင့် ... ယဉ်မျိုးသွင်ကို အဝေးတစ်နေရာကသာ ချစ်နေတော့မည်ဟု ဆုံးဖြတ်ကာ ရှောင်နေမိခြင်း ဖြစ်သည်။

ယခု ဦးအောင်သွင်က အတင်းတွန်းလွှတ်၍ လာခဲ့ရသော်လည်း စိတ်ထဲကတော့ တထင့်ထင့်ဖြစ်နေသည်။ ယဉ်မျိုးသွင်က သူ လာတာကို လိုလားကြည်ဖြူမည် မဟုတ်ပေ။

သို့သော် ယဉ်မျိုးသွင်၏ရုံးခန်းသို့အရောက်တွင် ယဉ်မျိုးသွင်ကြီးဆိုပုံကို တွေ့လိုက်ရသောအခါ ... ဖေယျာဦးတစ်ယောက် မျက်စိလည်သွားရလေသည်။ အံ့အားသင့်သွားရလေသည်။

"ဟော ... ကိုဇေယျာဦးပါလား၊ အဆင်သင့်ပဲ၊ ယဉ်လည်း ပျင်းနေတာနဲ့ ညည်းသည်မှော်နေတာ၊ ပြော် ... ပျင်းနေတုန်းရောက်လာလို့ ကိုဇေယျာဦးကို အပျင်းပြေသဘောထားတယ်လို့လည်း မထင်လိုက်နဲ့ဦးနော်၊ ယဉ်က ခုတစ်ပတ် အလုပ်တွေအားလုံးနားထားတယ်လေ၊ တစ်ပတ်လုံး စိတ်လွတ်လက်လွတ်နေမလို့ စိတ်ကူးထားလို့ပါ၊ ကိုဇေယျာဦး ရောက်လာတာအတော်ပဲ၊ နေ့လယ်စာစားခဲ့ပြီးပြီလား ကိုဇေယျာဦး"

"ဗျာ ..."

ဇေယျာဦးသည် အံ့အားသင့်လွန်း၍ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်ခဲ့ရလေ၏။

"မစားရသေးရင် ယဉ်က ကျွေးမလို့ပါ၊ ခုပဲ ယဉ် အပြင်ထွက်ပြီး လန်ချ်စားဖို့စဉ်းစားနေတာ၊ ကိုဇေယျာဦးလိုက်မယ်ဆိုရင် ယဉ်လည်း အဖော်ရတာပေါ့"

"လိုက်မှာပေါ့ဗျာ၊ လိုက်မှာပေါ့၊ ယဉ်နဲ့ဆိုရင် ကျွန်တော် ဘယ်ကိုဖြစ်ဖြစ်လိုက်ခဲ့ပါ့မယ်၊ နေ့လယ်စာကိုလည်း ကျွန်တော်ကပဲ ဒကာခံပါရစေယဉ်"

●

စားသောက်ဆိုင်ကိုရောက်တော့လည်း ယဉ်မျိုးသွင်ကချည်း စကားတွေပြောနေသည်။ ယဉ်မျိုးသွင်ပြောတဲ့စကားတွေထဲတွင် သူမနှင့် အဆိုတော်ဒီလုံးတို့ အဆက်ပြတ်သွားပြီဆိုတာလည်း ပါသည်။

"အမိကကတော့ သူနဲ့ယဉ်နဲ့ ကိုးကွယ်တဲ့ဘာသာချင်းမတူတာပါပဲ ကိုဇေယျာဦးရယ်၊ အန်ကယ်ကလည်း ယဉ်ကို ဘာသာတူနဲ့ပဲ လက်ထပ်စေချင်တယ်လေ၊ ဒါနဲ့ပဲ ယဉ်လည်း ဒီလုံးကိုအဆက်ဖြတ် ပစ်လိုက်တယ် ကိုဇေယျာဦး"

ယဉ်မျိုးသွင်ပြောနေသောစကားများက ရေလာမြောင်းပေး စကားများဖြစ်နေပါသည်။

ယဉ်မျိုးသွင်စကားများကို နားထောင်ရင်း ဇေယျာဦး၏မျက်လုံးများက တလက်လက်တောက်ပလာလေ၏။

# အပိုင်း ( ၆ )

## ၆ ၁ ၁

ဦးအောင်သွင်၏ သီးသန့်စာကြည့်ခန်း။

ဦးအောင်သွင်က စာကြည့် ခန်းတံခါးကိုပိတ်ကာ စားပွဲပေါ်တွင် တင်ထားသော ပစ္စတိုသေနတ်ကို ကြည့်ရှုစစ်ဆေးနေသည်။

ဤပစ္စတိုသည် ဦးအောင်သွင်လိုင်စင်ဖြင့် ကိုင်ဆောင်သော သေနတ် တစ်လက်ဖြစ်ပါ၏။ ကုမ္ပဏီပိုင်ရှင်တစ်ဦး ဖြစ်သည့်အားလျော်စွာ မိမိ၏ လုံခြုံရေးအတွက် ကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ယူပြီး ကိုင်ဆောင်ထားသော သေနတ်ဖြစ်ပါသည်။

သို့ရာတွင် ဦးအောင်သွင်သည် ဤသေနတ်ကို မည်သည့်အခါကမျှ အသုံးမပြုခဲ့ရသေးပါ။

ယခုမူ အသုံးပြုဖို့လိုလာပြီဟု ယူဆသောကြောင့် ဦးအောင်သွင်က စစ်ဆေးနေခြင်းဖြစ်သည်။

ဒေါက်တာဖရက်ဒီခန့် ဦးအောင်သွင်ဆီသို့ ဖုန်းဆက်တာ နှစ်ကြိမ် ရှိသွားပြီ။ ဒေါက်တာဖရက်ဒီခန့်က ယဉ်မျိုးသွင်၏လက်ရှိအခြေအနေကို

သိချင်သည်ဟုဆိုသည်။ ကလုန်းယဉ်မျိုးသွင် အစားထိုး ဟန်ဆောင်တာ အဆင်ပြေမပြေကိုလည်း သိချင်သည်ဟု ဆိုပါသည်။

ဦးအောင်သွင်က ယဉ်မျိုးသွင်ကို သင်္ဘောပေါ်တွင် ကောင်းမွန်စွာထိန်းသိမ်းထားကြောင်း အဖြေပေးခဲ့သည်။

ယနေ့ညနေ ဒေါက်တာဖရက်ဒီခန့် ဖုန်းတစ်ကြိမ်ဆက်ပြန်သည်။ ယဉ်မျိုးသွင်အစစ်ကိုရော ... ကလုန်းယဉ်မျိုးသွင်ကိုပါ တွေ့ဆုံ ချင်သည်ဟု ဆိုပါ၏။

ဦးအောင်သွင် ဒေါက်တာဖရက်ဒီခန့်ကို ရက်ချိန်းပေးလိုက်ရသည်။ သူ့အနေဖြင့် ယဉ်မျိုးသွင်ကို အန္တရာယ်မရှိစေရပါဟု ကတိပေးထားတာလည်း ရှိနေသည်။ ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာမျိုးထိုက်တို့ကို အောင်ပွဲအနေဖြင့် ကျွေးမွေးပြုစုဖို့လည်း တာဝန်ခံထားပြီးဖြစ်သည်။

လာမယ့်ဘေး ပြေးတွေ့ရပါတော့မည်။

ဦးအောင်သွင်သည် မနက်ဖြန်ညနေတွင် သူ၏အပျော်စီး သင်္ဘောပေါ်၌ ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာမျိုးထိုက်ကို ညစာကျွေးမွေးရန် ဖိတ်ကြားထားပြီးဖြစ်ပါသည်။ သင်္ဘောပေါ်တွင် ယဉ်မျိုးသွင်နှစ်ယောက်စလုံးနှင့်တွေ့ရမည်ဟုလည်း ကတိပေးထားပြီးဖြစ်ပါသည်။

လာမယ့်ဘေး ပြေးတွေ့ရပါတော့မည်။ ဘမ္ဗာမီးလောင်သားကောင်ချနင်းရပါတော့မည်။

ဦးအောင်သွင်က ပစ္စတိုသေနတ်ထဲတွင် ကျည်အပြည့်ထည့်လိုက်သည်။ သေနတ်ထိပ်တွင်လည်း ဆိုင်လင်ဆာ Silencer ခေါ် အသံတိတ်ကိရိယာလေးကို တပ်ဆင်လိုက်လေသည်။

● ● ●

## ၆၁၂

နောက်တစ်နေ့တွင်ညနေတွင် ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့မြေးအဘိုးအား ဦးအောင်သွင်ကိုယ်တိုင် ကားဖြင့် သွားကြိုလိုက်သည်။

ဆရာဝန်မြေးအဘိုးကို သူ၏ကားဖြင့်ပင် သင်္ဘောဆိုက်ကပ်ထားသော ဆိပ်ကမ်းအရောက် ခေါ်လာခဲ့သည်။

"ကလုန်းယဉ်မျိုးသွင်ရော ဦးအောင်သွင်၊ တစ်ခါတည်း ပါမလာဘူးလား"

"ကလုန်းက အလုပ်ကိစ္စတစ်ခုအတွက် စကားပြောစရာရှိလို့ ပါမလာသေးဘူး ဆရာကြီး။ သူ့ဟာသူ လိုက်လာပါလိမ့်မယ်"

"တယ်ဟုတ်ပါလား။ ဒါဆို ယဉ်မျိုးသွင်နေရာမှာ ကလုန်းဟန်ဆောင်တာ အဆင်ပြေတဲ့သဘောပေါ့"

"အဆင်ပြေပါတယ် ဆရာကြီး၊ ဘယ်သူကမျှ မရိပ်မိပါဘူး။ အနီးကပ်နေတဲ့လူတွေကပါ ယဉ်မျိုးသွင်အစစ်အမှတ်နဲ့ ကလုန်းကို ဆက်ဆံကြပါတယ်"

ဒေါက်တာဖရက်ဒီခန့်မျက်နှာက သူ၏အောင်မြင်မှုအတွက် ပြုံးနေလေသည်။

အပျော်စီးသင်္ဘောဆိုက်ကပ်ထားသည့်ဆိပ်ကမ်းကို ရောက်လာခဲ့ပြီ။

ဦးအောင်သွင်က ကမ်းစပ်တွင်ကပ်ထားသော လှေကလေးဖြင့် ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာမျိုးထိုက်ကို သင်္ဘောဆီသို့ခေါ်လာခဲ့သည်။

သင်္ဘောပေါ်တက်ခဲ့ကြသည်။

သင်္ဘောပေါ်အရောက်တွင် ... ဒေါက်တာဖရက်ဒီခန့်က –

"ယဉ်မျိုးသွင်ရော"

"သင်္ဘောဝမ်းထဲမှာရှိပါတယ် ဆရာကြီး"

"ခေါ်လိုက်ပါဦး"

"ဆရာကြီး။ အောက်ကိုလိုက်ခဲ့ပါလား။ ယဉ်မျိုးသွင် ဒီမှာအေးအေးဆေးဆေးရှိနေတယ်ဆိုပေမဲ့ ... သူ့ကိုကုန်းပတ်ပေါ်ခေါ်လိုက်ရင် ပတ်ဝန်းကျင်ကိုအော်ဟစ်ပြီး အကူအညီတောင်းမှာ စိုးရလို့ပါ၊ သူ့ကို ကျွန်တော်က သက်သောင့်သက်သာဖြစ်အောင် ထားပေမဲ့ ... သူက သိပ်ပြီးဒေါသထွက်နေတယ်ဆရာကြီး။ ကျွန်တော့်အစီအစဉ်တွေ မအောင်မြင်ခင်မှာ လူသိသွားမှာစိုးလို့ပါ"

ဦးအောင်သွင်က ထိုစကားကိုပြောအပြီး ရင်ဘတ်ထဲတွင်ဝှက်ထားသောပစ္စတိုကို မသိမသာစမ်းသပ်ကြည့်လိုက်သည်။

ဒေါက်တာဖရက်ဒီခန့်က မျက်မှောင်တွန့်စဉ်းစားရင်း –

"ကောင်းပြီလေ ... ဒါဖြင့် သင်္ဘောဝမ်းထဲကို ဆင်းကြတာပေါ့"

ဦးအောင်သွင်က အောက်ကိုဆင်းသောလှေကားတံခါးကို ဖွင့်ပေးလိုက်သည်။

"ဝင်ပါ ဆရာကြီး"

ဒေါက်တာဖရက်ဒီခန့်ကို လှေကားမှဦးစွာ ဆင်းခိုင်းလိုက်သည်။

ဦးအောင်သွင်၏အကြံကိုမရိပ်မိသော ဒေါက်တာဖရက်ဒီခန့် သည် လှေကားပထမဆုံးထစ်သို့ခြေချကာ အောက်သို့ဆင်းရန် ပြင်လိုက် လေ၏။

''ဝင်ပါ မောင်မျိုးထိုက်''

ဒေါက်တာမျိုးထိုက်က ဒေါက်တာဖရက်ဒီခန့်နောက်မှ ဝင်လိုက် သွားသည်။

ဒေါက်တာဖရက်ဒီခန့် လှေကားစတုတ္ထထစ်အရောက်တွင်..

ဦးအောင်သွင်က ရင်ဘတ်ထဲတွင်ဝှက်ထားသောပစ္စတိုကို လျင်မြန် စွာ ထုတ်လိုက်လေသည်။

ဆရာဝန်နှစ်ယောက်လုံးက မတ်စောက်သောလှေကားလေးကို အားပြုကာ အောက်ဘက်ဆီသို့သာ အာရုံထား၍ ဆင်းနေကြသည်။

ဦးအောင်သွင်က သွက်လက်စွာ လှုပ်ရှားလိုက်လေသည်။

ရှေ့ဆုံးမှ ဒေါက်တာဖရက်ဒီခန့်၏ နောက်စေ့ပြောင်ပြောင်ကြီးဆီသို့ ပစ္စတိုကိုချိန်ရွယ်ကာ နှစ်ချက်ဆင့်၍ ပစ်ထည့်လိုက်သည်။

အသံတိတ်ကိရိယာတပ်ထားသော ပစ္စတိုသေနတ်မှအသံက ''ဖောက် ...ဖောက် ...''ဟူ၍သာ တိုးတိတ်သောအသံမြည်သွားလေ သည်။

ဒေါက်တာဖရက်ဒီခန့်သည် သဘော်ကြမ်းပြင်ပေါ်သို့ ခေါင်းစိုက်စိုက် ဖြင့် တစ်ရှိန်ထိုးကျသွားသည်။ ဦးနှောက်များက ကြမ်းပြင်ပေါ်တွင် ဖွေးခနဲ ပြန့်ကျဲသွားလေသည်။

ထိုအချိန်၌ ဒေါက်တာမျိုးထိုက်က လှေကားဒုတိယထစ်တွင် ရောက်နေသည်။

ဒေါက်တာမျိုးထိုက်သည် ရှေ့မှဒေါက်တာဖရက်ဒီခန့်အဖြစ်ကို မြင်လိုက်ရ၍ အံ့ဩသွားကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ဦးအောင်သွင်က ပစ္စတိုသေနတ်ဖြင့် သူ့ကိုပစ်ရန် ရွယ်နေသည်ကို မြင်လိုက်ရ၏။

ဒေါက်တာမျိုးထိုက်က လျင်မြန်စွာလှုပ်ရှားလိုက်လေသည်။

ဦးအောင်သွင်ရှိရာသို့ ပြန်တက်လိုက်ကာ ... သေနတ်ကိုင်ထား သောလက်ကို ရိုက်ချလိုက်ခြင်းဖြစ်သည်။

ဦးအောင်သွင်လက်ထဲမှသေနတ်က သဘော်ကုန်းပတ်ပေါ်သို့ ကျသွားလေသည်။

သို့သော် ဦးအောင်သွင်က ချက်ချင်းပင် သေနတ်ကို ပြန်ကောက် လိုက်လေ၏။ နောက်သို့လှည့်ကာ ဒေါက်တာမျိုးထိုက်ကို သေနတ်ဖြင့် ချိန်လိုက်သည်။

ဒေါက်တာမျိုးထိုက်က အခြေအနေမလှကြောင်းရိပ်မိကာ သဘော်ဦး ပိုင်းသို့ ပြေးလေသည်။

ဦးအောင်သွင်က ဒေါက်တာမျိုးထိုက်ကို ပစ္စတိုဖြင့် လှမ်းပစ်လိုက် သည်။

"ဖောက် ... ဖောက် ..."

ဦးအောင်သွင်ပစ်ချက်နှစ်ချက်လုံးက ဒေါက်တာမျိုးထိုက်၏ ညာဘက် ပခုံးကို သွားထိလေသည်။ သွေးများက ဖွာခနဲထွက်ကျကာ ကုန်းပတ်ပေါ်တွင် ပြန့်ကျဲသွားလေသည်။

ဒေါက်တာမျိုးထိုက်ကိုယ်သည်လည်း ယိုင်သွားလေ၏။

ဒေါက်တာမျိုးထိုက်က သဘော်ပေါင်တန်းကို လှမ်းထောက်ရင်း ကိုယ်ကို ပြန်ထိန်းလိုက်သည်။

သို့သော် သေနတ်ဒဏ်ရာကြောင့် မိမိရရမဆုတ်ကိုင်မိဘဲ ပေါင်တန်း ပေါ်မှကျော်ကာ အောက်သို့ ထိုးဆိုက်ကျသွားလေသည်။

"ဗွမ်း ..."

ဦးအောင်သွင်က သဘော်ပေါင်တန်းဆီသို့ပြေးသွားကာ အောက် ကိုငုံ့ကြည့်လိုက်သည်။ ရေပြင်တစ်ဝိုက်သွေးများ နီရဲနေသည်ကိုမြင်ရသည်။

ခဏအကြာတွင် ဒေါက်တာမျိုးထိုက် ရေထဲမှယက်ကန် ယက်ကန်ဖြင့် ပြန်ပေါ်လာ၏။

ဦးအောင်သွင်က ဒေါက်တာမျိုးထိုက်ကိုချိန်ရွယ်ပြီး ထပ်ပစ်လိုက်သည်။

ဒေါက်တာမျိုးထိုက်ရေထဲ ပြန်မြုပ်သွားသည်။

ဦးအောင်သွင် အတန်ကြာစောင့်ကြည့်သော်လည်း ပြန်ပေါ်မလာတော့။ ဒေါက်တာမျိုးထိုက်၏သွေးများက ရေပြင်၏လေးငါးပေခန့်တွင် အကွက်လိုက်မျောနေသည်။

ခဏနေတော့ သွေးစများ ရေနှင့်ရောကာ ပျောက်ကွယ်သွားလေသည်။

ဦးအောင်သွင်က ပစ္စတိုသေနတ်ကို ပြန်သိမ်းလိုက်၏။

သက်ပြင်းကိုလေးတွဲ့စွာ ချလိုက်လေသည်။

●

ဦးအောင်သွင်သည် သင်္ဘောဝမ်းထဲသို့ ပြန်ဆင်းခဲ့သည်။

ဒေါက်တာဖရက်ဒီခန့်၏အလောင်းကြီးက သင်္ဘောကြမ်းပြင်တွင် မှောက်လျက်သားကြီး လဲကျနေသည်။ ဦးခေါင်းခွံပွင့်ထွက်ကာ ဦးနှောက်စများက ကြမ်းပြင်တွင် ပြန့်ကျဲနေလေ၏။

ဦးအောင်သွင်က ဒေါက်တာဖရက်ဒီခန့်အလောင်းကို ကုန်းပတ်ပေါ်သို့ ခက်ခက်ခဲခဲမ,တင်ခဲ့သည်။

ထို့နောက် သင်္ဘောကို ကမ်းစပ်နှင့်အတော်ဝေးဝေး ပင်လယ်ပြင်ရောက်သည်အထိ မောင်းထွက်ခဲ့လေ၏။

ဒေါက်တာဖရက်ဒီခန့်၏အလောင်းကြီးကို ပင်လယ်ထဲသို့ ပစ်ချလိုက်လေသည်။

"ခွင့်လွှတ်ပါ ဆရာကြီးရယ် မဖြစ်သာလို့ ကျွန်တော်ဒီလိုလုပ်ရတာပါဗျာ.. ဆရာကြီးနဲ့မောင်မျိုးထိုက်ဟာ ခုအချိန်မှာ ကျွန်တော့်အတွက် အန္တရာယ်တွေဖြစ်နေလို့ ရှင်းပစ်လိုက်ရတာပါ၊ ချောင်ပိတ်မိနေတဲ့ကျွန်တော့်အတွက် ထွက်ပေါက်ရှာလိုက်ရတာပါ ဆရာကြီး။ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

# အပိုင်း ( ၇ )

## ၇ ၁ ၁

ညသည် မှောင်မိုက်တိတ်ဆိတ်နေ၏။

ဒေါက်တာဖရက်ဒီခန့်၏ မြို့အပြင်မှခြံကြီးအနီးသို့ အငှားကား တစ်စီး ထိုးဆိုက်လိုက်သည်။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

ထိုသူက အငှားကားကို ခြံနှင့်ခပ်လှမ်းလှမ်းတွင်ရပ်နိုင်းလိုက်ပြီး ကားပေါ်မှဆင်းခဲ့သည်။

သူသည် ညာဘက်လက်မောင်းရင်းသို့ လက်ဖြင့်ဖိကာ . . . ယိုင်ထိုး ယိုင်ထိုးဖြင့် ခြံကြီးဆီသို့ လျှောက်လာလေသည်။

ခြံရှေ့အရောက်တွင် သူက ဘောင်းဘီအိတ်ထဲမှသော့တွဲကို နှိုက် ကာ . . . ခြံတံခါးကိုပိတ်ထားသည့် သော့ခလောက်ကို ဖွင့်လိုက်လေ၏။

ဦးအောင်သွင်က သူတို့မြေးအဘိုးကို သူ့ကိုယ်ပိုင်ကားဖြင့် လာခေါ် သည့်ရည်ရွယ်ချက်ကို ယခုမှပင် ဒေါက်တာမျိုးထိုက် တွေးမိလေ၏။ သူတို့မြေးအဘိုးကိုသတ်ပစ်ဖို့ ဦးအောင်သွင်က ကြိုတင်ကြံစည်ထားခြင်း ဖြစ်လိမ့်မည်။ သူတို့ဘာသာ ကားဖြင့်လာလျှင်. . ကားသည် ဆိပ်ကမ်းတွင်

ကျန်နေပါက မသင်္ကာဖွယ်ရာများဖြစ်လာမည်ကို ကြိုတွေးမိသော ဦးအောင်သွင်ကသူတို့ကို သူ့ကားဖြင့် လာကြိုခဲ့ခြင်းဖြစ်ပါသည်။

ဦးအောင်သွင်လုပ်ကြံသလို ဒေါက်တာမျိုးထိုက်က မသေခဲ့ချေ။ ဒေါက်တာမျိုးထိုက်သည် လက်မောင်းရင်းကို သေနတ်ရှပ်မှန်သွားပြီး ရေထဲ ကျသွားခဲ့သည်။

ရေထဲအရောက်တွင် ဦးအောင်သွင်က သေနတ်ဖြင့်ထပ်ပစ် သောကြောင့် ရေအောက်သို့ ငုပ်နေလိုက်ရသည်။

ဒေါက်တာမျိုးထိုက်သည် ရေပေါ်ပြန်မပေါ်တော့ဘဲ ရေအောက်ထဲ မှ ကူးခတ်ကာ သင်္ဘောနှင့်ဝေးရာဆီသို့ ကူးခတ်လာခဲ့သည်။ ဦးအောင်သွင် ကတော့ ... သူ့ကို သေနတ်ဒဏ်ရာဖြင့် ပင်လယ်ထဲတွင် သေကျန်ခဲ့ပြီဟု ထင်ကောင်းထင်နိုင်ပေသည်။

ဒေါက်တာမျိုးထိုက်သည် နဂိုကတည်းက ရေကူးကျွမ်းကျင်သူမို့ ပင်လယ်ကမ်းစပ်ရောက်သည်အထိ ကူးခတ်လာနိုင်ခဲ့သည်။ ကမ်းစပ် အရောက်တွင် အငှားကားတစ်စီးတွေ့၍ငှားခဲ့ကာ အိမ်ပြန်လာခဲ့ခြင်း ဖြစ်ပါ သည်။

ဒေါက်တာမျိုးထိုက်က တစ်ကိုယ်လုံးရေစိုရွှဲနေသောအဝတ်အစား များနှင့် ခြံထဲသို့ဝင်လာခဲ့လေသည်။ သူ့ကိုယ်မှကျသောရေစက် ရေပေါက်များက သူသွားရာလမ်းတစ်လျှောက် တစ်စက်စက်ကျဆင်းလျက်ရှိလေသည်။

ဒေါက်တာမျိုးထိုက်သည် ခြံထဲမှအဆောက်အအုံကြီးဆီသို့ ရောက်လာသည်။

သူက ဝင်ပေါက်သံတံခါးကြီးဘေးမှ လူခေါ်ဘဲလ်ကို နှိပ်လိုက်လေ၏။

မကြာမီ .. တံခါးဆီသို့ လျှောက်လာသော ခြေသံတရှပ်ရှပ်ကို ကြားရလေသည်။

အတွင်းမှ တီးတိုးမေးလိုက်သော မိန်းကလေးတစ်ဦး၏အသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ ..."

"ကိုယ်ပါ ကိုမျိုးပါ မယဉ်၊ ဒေါက်တာမျိုးထိုက်ပါ"

တံခါးမကြီးက ချက်ချင်းပွင့်လာလေသည်။

တံခါးဝတွင်ရပ်နေသော ယဉ်မျိုးသွင်ကို မြင်လိုက်ရသည်။ မေးဖျားတွင် မှဲ့နီနီလေးနှင့်ယဉ်မျိုးသွင်။

"အို. ."

ယဉ်မျိုးသွင်က အဝတ်အစားများအားလုံးရေစိုကာ . . ပခုံးမှ သွေးများစီးကျနေသော ဒေါက်တာမျိုးထိုက်ကိုအမြင်တွင် အလန့်တကြား ရေရွတ်လိုက်လေ၏။

● ● ●

## ၁၁၂

"ကိုမျိုး ... ကိုမျိုး ... ဘယ်လိုဖြစ်လာတာလဲဟင်"

ယဉ်မျိုးသွင်က ဒေါက်တာမျိုးထိုက်ကိုဖေးကိုင်ရင်းမှ မေးလိုက်လေသည်။

"မယဉ် ... ဦးအောင်သွင်ကတော့ အစွမ်းကုန်ယုတ်မာနေပြီ မယဉ်၊ သူ အဘိုးလေးကို သေနတ်နဲ့ပစ်သတ်လိုက်တယ်"

"ဟိုက် ..."

"ကိုယ့်ကိုလည်း ပစ်တယ်၊ နှစ်ယောက်စလုံးကိုသတ်ဖို့ ကြံစည်တာပဲ၊ ကိုယ်က ရေထဲကိုကျသွားလို့ ကူးပြီး လွတ်လာခဲ့တာပဲ မယဉ်"

"အို ... ဘုရားသခင်"

"ဝိုင်စီတူးကိုလည်း မတွေ့ခဲ့ဘူး၊ ဝိုင်စီတူးကိုလည်း သူသတ်ပစ်လိုက်ပြီလို့ ယူဆရတယ် မယဉ်"

"အန်ကယ် ... အန်ကယ် ... တော်တော်ယုတ်မာပက်စက်ပါလား။ ကဲ .. ကိုမျိုး၊ အထဲကိုဝင်လေ၊ ကိုမျိုးဒဏ်ရာက ..."

"ဦးအောင်သွင် သေနတ်နဲ့ပစ်လိုက်လို့ ပခုံးကိုရှပ်ထိသွားတာပါ"

"အို ... သွေးတွေ သိပ်ထွက်နေပြီ"

"ကိုယ်ညွှန်ကြားပေးပါမယ်၊ မယဉ်က ဆေးထည့်ဖို့ ကူလုပ်ပေးပါ"

"ဖြစ်မှဖြစ်ရလေ ကိုမျိုးရယ်"

● ● ●

# အပိုင်း ( ၈ )

## ၈၁၁

ဦးအောင်သွင်အဖို့ အရာအားလုံး အဆင်ပြေချောမောနေခဲ့သည်။

ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့ ပျောက်ဆုံးနေမှုအတွက် သူ့ဆီကို မည်သည့်သံသယမျှ လိုက်မလာခဲ့ချေ။ ဒေါက်တာဖရက်ဒီခန့်တို့ကို အပျော်စီးသင်္ဘောပေါ်တွင် ထမင်းဖိတ်ကျွေးသည့်အကြောင်းကိုလည်း ဘယ်သူမျှသိမထားကြ။ သူတို့မြေးအဘိုးမှာ နှစ်ယောက်တည်းသီးသန့်နေသူများမို့ ... လူသိစရာအကြောင်းလည်း မရှိချေ။

သူတို့မြေးအဘိုးပျောက်ဆုံးနေသည်ကိုပင် လူတွေသိချင်မှ သိကြပေဦးမည်။ ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာမျိုးထိုက်မှာ ... အချိန်ပြည့်ခတ်ခွဲခန်းထဲတွင်သာ အချိန်ကုန်လွန်ပြီး ... ပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေသူများဖြစ်သည်။

ကလုန်းမယဉ်မျိုးသွင်အတွက်တော့ ဘာမျှစိုးရိမ်စရာမရှိ။ ကလုန်းမသည် ပကတိယဉ်မျိုးသွင်အစစ်ပမာ သွားလာလှုပ်ရှားလျက်ရှိသည်။ ယခုဆိုလျှင် ... ပြင်ပမှငှားရမ်းသည့်အလုပ်များကိုပင် ပြန်လည် လက်ခံနေပြီး ... စတိတ်ရှိုးပွဲတစ်ပွဲကိုပင် Presenter အဖြစ် ဆောင်ရွက်ပြီးပေပြီ။

ကလုန်းမ၏လုပ်ရပ်များကို မည်သူကမျှ သံသယမဝင်ကြ။ ကလုန်းမသည် ယဉ်မျိုးသွင်အစစ်တုန်းကအတိုင်း... စတိတ်ရှိုးပွဲကို Presenterအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ကလုန်းမသည် ဦးအောင်သွင်ခိုင်းစေသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ခဲ့ပေသည်။ ဖေယျာဦးကိုလည်း ပြန်၍မေတ္တာမျှခဲ့သည်။

ယဉ်မျိုးသွင်က သူ့အချစ်ကိုလက်ခံလိုက်သည့်အတွက် ဖေယျာဦးကိုယ်တိုင်ပင် အံ့အားသင့်နေပေ၏။

"မယဉ်ရဲ့စိတ်တွေပြောင်းလဲသွားတာ သိပ်အံ့ဩစရာကောင်းတာပဲ အန်ကယ် ... ခုဆို မယဉ်က ကျွန်တော့်ကို သိပ်ဂရုစိုက်တယ်၊ နေ့လယ်ခင်းတောင် အလုပ်ကို ခဏခဏဖုန်းဆက်ပြီး စကားပြောတယ်ဗျာ"

"မိန်းကလေးတွေရဲ့သဘောထားဟာ အကဲခတ်ရခက်တယ်ဆိုတာ အဲဒါပဲပေါ့ ဖေယျာရဲ့"

ဒေါ်မော်လီကောင်းမြတ်က သူ့အထင်အမြင်ကိုဝင်ပြောရင်း ဝေဖန်သည်။

"ဒီလိုဆိုရင် ... မင်းတို့မင်္ဂလာဆောင်ဖို့ နေ့ကောင်းရက်သာ ရွေးတော့လေကွာ"

ဦးအောင်သွင်က ဖေယျာဦးကို တိုက်တွန်းလိုက်သည်။

တိုက်တွန်းရပေမည်။ လတ်တလောအဆင်ပြေနေသည့် အခြေအနေမှာ မည်မျှကြာမည်လဲ မသိနိုင်။ အခြေအနေတစ်မျိုးပြောင်းမသွားခင် အမြားအမြင်၌ ယဉ်မျိုးသွင် အိမ်ထောင်ပြုလိုက်ဖို့လိုသည်။ သို့မှသာ အစ်ကိုကြီးဦးမင်းသွင်၏သေတမ်းစာအရ အမွေတွေ လွှဲပေးနိုင်မည်။

အမွေလွှဲပေးသည်ဆိုသော်လည်း ကလုန်းယဉ်မျိုးသွင်မှာ ကိုယ့်လက်ခုပ်ထဲကရေဖြစ်နေသည့်အတွက် ထိုအမွေများသည် ဦးအောင်သွင် လက်ထဲသို့ပင် ရောက်လာပေလိမ့်မည်။

ထို့ကြောင့် ဦးအောင်သွင်သည် ကလုန်းယဉ်မျိုးသွင်ကို ဖေယျာဦးနှင့် မင်္ဂလာဆောင်ဖို့ကိစ္စတိုက်တွန်းရန် အိမ်မှထွက်လာခဲ့လေသည်။

---

## ၈၁၂

ယဉ်မျိုးသွင်အိမ်အရောက်တွင် ယဉ်မျိုးသွင်ကို ဂျာနယ်တစ်စောင် ဖတ်နေတာတွေ့ရသည်။

ဦးအောင်သွင်ဝင်သွားတော့ ကလုန်းယဉ်မျိုးသွင်က နှုတ်ဆက်ရင်း ဂျာနယ်စာမျက်နှာတစ်ခုကို လှန်ပြသည်။

"ဒီမှာကြည့်ပါဦး အန်ကယ် ... ယဉ်နဲ့ကိုဒီနဲ့ ပြတ်စဲသွားကြပြီ ဆိုတဲ့သတင်းကို ဒီဂျာနယ်ထဲမှာ စောင်းမြောင်းပြီး ရေးထားတယ်"

ဦးအောင်သွင်က ဂျာနယ်ကိုယူဖတ်ကြည့်လိုက်၏။

သတင်းက နာမည်အတိအကျနှင့် တည့်တည့်ရေးထားသော သတင်းမဟုတ်။ သည်သတင်းမျိုးက လူမှုရေးသတင်းဆို စောင်းပါး ရိပ်ခြည်သာ စာဖတ်ပရိသတ်ခန့်မှန်းနိုင်အောင် ရေးထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏အအောင်မြင်ဆုံး Presenterမလေးနှင့် နာမည်ကြီး ရုပ်ချော စနေနံနှင့်စသော နာမည်ပိုင်ရှင် ဓတီရီယိုအဆိုတော်လေးတို့ .. သမီးရည်းစားအဖြစ်မှ ပြတ်စဲလိုက်ပြီဟု ရေးထားလေသည်။

"ဒါတွေကို ဂရုစိုက်မနေပါနဲ့ ဆွိတီ၊ ဒါ အတင်းအဖျင်းတွေပါ"

"အဲဒီအတင်းအဖျင်းတွေက ဒီဂျာနယ်တစ်စောင်တည်းမဟုတ်ဘူး အန်ကယ်၊ တခြားဂျာနယ်တွေမှာလည်း ပါနေတယ်"

"ဘာဖြစ်လဲကွယ် ... ဆွိတီနဲ့ဖေယျာဦးနဲ့ မင်္ဂလာဆောင်ပြီးတဲ့ အခါမှာ ဒီအသံတွေ တိတ်သွားမှာပါ"

"ရှင် .. မင်္ဂလာဆောင်ပြီးရင် .. ဟုတ်လား။ ယဉ်က ဖေယျာဦးနဲ့ မင်္ဂလာဆောင်ရမယ်"

"မင်း ဘာဖြစ်နေသလဲဆွိတီ၊ ဒါဟာ မင်းရဲ့တာဝန်ပဲလေ၊ မင်းဟာ ဘာဆိုတာ မင်းကိုယ်မင်း မေ့နေပြီလား ဆွိတီ"

ဦးအောင်သွင်က အသံကိုနှိမ့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ .. ယဉ်မမေ့ပါဘူးအန်ကယ်၊ ရုတ်တရက်မို့ ယဉ်ပြောလိုက်မိတာပါ၊ ဟုတ်ကဲ့ပါ အန်ကယ် ... ယဉ်ဟာ အန်ကယ်တို့ ဖန်ဆင်းထားတဲ့ အရုပ်ကလေးတစ်ရုပ်ပဲ၊ အန်ကယ်တို့စိတ်တိုင်းကျ ယဉ်လိုက်နာရမှာပေါ့"

ပြောရင်း ကလုန်းယဉ်မျိုးသွင်၏အသံများက တုန်ခိုက်လာကာ ငိုသံပါလာလေသည်။

ဦးအောင်သွင့်က ကလုန်းကို စိုက်ကြည့်လိုက်၏။ ကလုန်းမသည် ခေါင်းငိုက်စိုက်ချရင်း မျက်နှာပျက်နေလေ၏။

အလို ... သူဟာ သူ့ကိုယ်သူ လူအစစ်တစ်ယောက်လို့များ ထင်နေပြီလား။ ဦးအောင်သွင် စိုးရိမ်စိတ်ဝင်သွားသည်။ ကလုန်းကို စိတ်ချလက်ချ လွှတ်ထားလို့မဖြစ်။ လောလောဆယ်အခြေအနေတွင် .. ပတ်ဝန်းကျင်တစ်ခုလုံးက သူမကို ယဉ်မျိုးသွင်အစစ်လို့ပင် လက်ခံထားကြပြီ။ ဦးအောင်သွင် ရည်ရွယ်ချက်များ မပြီးဆုံးခင် .. သူမထင်ရာကိုလုပ်နိုင်ခွင့်ရှိနေသည် မဟုတ်ပါလား။

သူမက သူမကိုယ်သူမ ယဉ်မျိုးသွင်အစစ်ပုံစံဖြင့် ရလာသော အမွေများကို မိမိအားလွှဲမပေးခဲ့လျှင် .. မိမိဘာမျှတတ်နိုင်မည် မဟုတ်။

ယဉ်မျိုးသွင်အစစ်ကလည်း သေပြီ။ သူမကို ပုံတူမျိုးပွားထားသော ကလုန်းတစ်ခုသာဖြစ်ကြောင်း .. ထောက်ခံချက်ပေးနိုင်သည့် ဒေါက်တာ ဖရက်ဒီခန့်နှင့်ဒေါက်တာမျိုးထိုက်တို့လည်း သေပြီ။

သူမကို ချော့ထားမှ ဖြစ်ပေမည်။

---

ဆုပြည့်စုံထွန်းစာပေ

"ဆွိတီက ဖေယျာဦးနဲ့လက်ထပ်ရမှာကို စိတ်မချမ်းမသာဖြစ်နေလို့လားကွယ်"

"မဟုတ်ပါဘူး အန်ကယ် ..."

"ဒါဖြင့် ... ဘာကို မင်း စိတ်ညစ်နေတာလဲ"

"ကိုယ့်ဘဝကိုယ် တွေးမိလို့ပါအန်ကယ်.. အန်ကယ်တို့ဖြစ်စေချင်တာတွေအားလုံးပြီးဆုံးသွားရင်.. ယဉ်ဟာ လူတစ်ယောက်အဖြစ်နဲ့ အသက်ဆက်ရှင်ခွင့်တောင် ရချင်မှရတော့မှာပါ၊ အဲဒါကိုတွေးမိပြီး ယဉ် စိတ်မကောင်းဖြစ်မိလို့ပါ၊ အို ... တကယ်တော့ ဒါဟာ ဘာဆန်းသလဲလေ၊ ယဉ်ဟာ လူမိဘနှစ်ပါးကမွေးလာတဲ့ လူအစစ်မှမဟုတ်ပဲ၊ ယဉ်ဟာ လူအတု တစ်ယောက်ပဲ၊ ယဉ်ပြောမိတာတွေအတွက် စိတ်ထဲမှာ မထားပါနဲ့အန်ကယ်၊ ယဉ်ရှူးလို့ပြောမိတာပါ၊ ယဉ့်ကို ခွင့်လွှတ်ပါ"

ကလုန်းမအပြောကြောင့် ဦးအောင်သွင် ကလုန်းမကို သနားသွားမိလေသည်။ တကယ်တော့.. သူမသည် ကလုန်းဆိုသော်လည်း လူ၏ခန္ဓာကိုယ် ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားခြင်းဖြစ်သည်။ သူမတွင် ခံစားတတ်သော နှလုံးသားပါလာသည်။

ဦးအောင်သွင်က ဖေယျာဦးနှင့်မင်္ဂလာမဆောင်ခင်၊ အမွေတွေ လွှဲမပေးခင်မှာ ကလုန်းမ စိတ်ဖောက်ပြန်ပြီး ထင်ရာလုပ်သွားမှာကို စိုးရိမ်သွားမိသည်။

ကလုန်းမကို "မက်လုံး"တစ်ခုပေးပြီး ချုပ်ကိုင်ထားမှဖြစ်ပေတော့မည်။

ဦးအောင်သွင်က ယဉ်မျိုးသွင်အစစ်မှာ လူ့လောကတွင် မရှိတော့ကြောင်း.. သူမသာလျှင် ယဉ်မျိုးသွင်အဖြစ် အသက်ရှင်သမျှ နေထိုင်သွားနိုင်ကြောင်း ပြောပြဖို့ ဆုံးဖြတ်လိုက်လေသည်။

"ဆွိတီ ... မင်း ယဉ်မျိုးသွင်နေရာက ဖယ်ပေးရမှာကို စိုးရိမ်နေတာ မဟုတ်လားကွယ်"

"အို ... မဟုတ်ပါဘူး အန်ကယ်၊ ယဉ်ဘဝယဉ် နားလည်ပါတယ်"

"မဟုတ်ဘူး ဆွိတီ၊ မင်း ယဉ်မျိုးသွင်ဆိုတဲ့ လက်ရှိနေရာက ဖယ်ပေးစရာမလိုဘူးကွယ့်၊ မင်းဟာ အသက်ရှင်နေသမျှကာလပတ်လုံး ယဉ်မျိုးသွင်အစစ်အနေနဲ့ပဲ နေထိုင်သွားရမှာပါကွယ်"

"ရှင် ... ဘာ ... ဘာပြောတယ်အန်ကယ်၊ မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ်ကွယ်၊ အန်ကယ်ပြောမယ့်စကားကို စိတ်အေးအေးထားပြီး နားထောင်ပါဆွိတီ၊ အန်ကယ့်တူမယဉ်မျိုးသွင်အစစ်ဟာ လူ့လောကမှာ မရှိတော့ဘူး။ ဆုံးရှာပြီကွယ့်"

"ဘာ ... ဘာပြောတယ်၊ သူ ... သူ ..."

"ဟုတ်ပါတယ်ဆွိတီ၊ သူ့ကို မင်းနဲ့အတူ သင်္ဘောပေါ်ကို လိုက်ပို့ပြီး သင်္ဘောပေါ်မှာ ထိန်းသိမ်းထားခဲ့တယ်လေ၊ သူ့ကို နောက်တစ်ခေါက် အန်ကယ်ပြန်သွားကြည့်တဲ့အချိန်မှာပဲ သူ ဆုံးသွားတာ"

"ဘာ ... ဘာဖြစ်လို့လဲ"

"အန်ကယ်က သူ့ကိုကြိုးဖြေပေးလိုက်တော့ သူက ထွက်ပြေးတယ်၊ ထွက်ပြေးရင်းက ကုန်းပတ်ပေါ်ကနေ ရေထဲကို လိမ့်ကျသွားခဲ့တယ်"

ဦးအောင်သွင်က ဦးနှောက်ထဲက ရုတ်တရက်ထွက်လာသည့် လုပ်ကြံဇာတ်ကို ပြောပြလိုက်သည်။

"အန်ကယ် ... သူ အဲဒီလို ဖြစ်သွားတာ"

"သူ့မိုက်လို့ ဖြစ်သွားတာပါကွယ်၊ အန်ကယ့်ပယောဂမပါပါဘူး၊ သူ ရေမကူးတတ်ဘူးလေ"

"ဖြစ်ရလေ ... ယဉ်စိတ်မကောင်းလိုက်တာ အန်ကယ်ရယ်"

"အန်ကယ်လည်း ဘယ်စိတ်ကောင်းမလဲကွယ်၊ သူဟာ အန်ကယ့်ရဲ့ တစ်ဦးတည်းသောတူမအရင်းလေးလေ၊ ဒါပေမဲ့ ဆွိတီ၊ တို့တွေ အဆိုးထဲက အကောင်းကို ရွေးယူကြစို့ကွယ်၊ တကယ်တော့ ယဉ်မျိုးသွင်သေဆုံးသွားတာ

ဟာ အန်ကယ့်အတွက် တူမတစ်ယောက် ဆုံးရှုံးမှုပါ၊ မင်းအတွက်ကတော့ ဆုံးရှုံးမှုမဟုတ်ပါဘူးဆိုတီ၊ မင်း အတွက်က အခွင့်အရေးတစ်ရပ်ပါကွယ်"

"ရှင် ..."

"မင်း ယဉ်မျိုးသွင်အစစ်အနေနဲ့ တစ်သက်လုံး နေသွားလို့ရပြီလေ"

"အို ... တကယ်လား အန်ကယ်"

"တကယ်ပေါ့ ဆိုတီ၊ မင်းစဉ်းစားကြည့်လေ၊ မင်းနေရာမှာ အစားပြန်လာမယ့် လူအစစ်က ရှိမှမရှိတော့ပဲ၊ လူထုရဲ့မြင်ကွင်းမှာ Presenter ယဉ်မျိုးသွင်ဆိုတာကို ဖျောက်ဖျက်ပစ်လို့လည်း မဖြစ်နိုင်ဘူးလေ၊ ဒီတော့ မင်းကပဲ ယဉ်မျိုးသွင်အစစ်အနေနဲ့ တစ်သက်လုံး နေထိုင်သွားဖို့ ရှိတော့တာပေါ့ကွယ်"

"အို ... အန်ကယ်ရယ်"

ကလုန်းမမျက်နှာက သိသိသာသာ ရွှင်လန်းသွားလေသည်။

"ကဲ ... ဆိုတီ၊ စိတ်မချမ်းမသာမဖြစ်နဲ့တော့၊ မင်းဟာ ခု အချိန်ကစပြီး အန်ကယ့်ရဲ့တူမအရင်း ဖြစ်သွားပြီ၊ အန်ကယ့်တူမယဉ်မျိုးသွင် အနေနဲ့ တစ်သက်လုံးနေပေတော့၊ ဒီတော့ အန်ကယ်တို့ နဂိုစီစဉ်ထားတဲ့ အတိုင်း ယဉ်မျိုးသွင်ကို အမွေတွေလွှဲပေးနိုင်ဖို့အတွက် မင်း အမြန်မင်္ဂလာ ဆောင်ဖို့လိုတယ် ဆိုတီ"

"ဟုတ်ကဲ့"

"ဇေယျာဦးနဲ့မင်္ဂလာဆောင်ဖို့ကိစ္စကို အန်ကယ်အမြန်ဆုံး စီစဉ်လိုက် တော့မယ်"

• • •

## ၁၁၃

အို … ငါဟာ ယဉ်မျိုးသွင်အတုမဟုတ်တော့ဘူး။ တကယ့် ယဉ်မျိုးသွင်အစစ် ဖြစ်သွားပြီဆိုပါလား။ ယဉ်မျိုးသွင်အစစ်အတွက်တော့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲလေ။ အခြေအနေတွေက ငါကောင်းစားဖို့ တွန်းပို့လိုက်တာပါလား။

ယဉ်မျိုးသွင်နေရာက ဖယ်ပေးရမှာကို စိုးရိမ်နေမိတဲ့ ငါ့ရဲ့ စိုးရိမ်စိတ်တွေကတော့ ပြေပျောက်သွားပါပြီ။

ဒါပေမဲ့ … ဒါပေမဲ့လေ…

ငါမချစ်မနှစ်သက်တဲ့ ဖေယျာဦးဆိုသူနဲ့ မင်္ဂလာဆောင်ရတော့မှာပါလား။ တစ်သက်လုံး အတူနေသွားရတော့မှာပါလား။ ငါ ဖေယျာဦးကို မချစ်ဘူး။ ငါချစ်တာက ကိုဒီ၊ ဒီလုံးဆိုတဲ့ ဒီလှိုင်းသစ်လေ …

အင်းလေ … ဘာပဲဖြစ်ဖြစ်၊ မမျှော်လင့်ပဲ ကိုယ်ပျော်မွေ့နေတဲ့ ဘဝလေးမှာ တစ်သက်လုံးနေခွင့်ရတာနဲ့ပဲ ငါစိတ်တွေကို ဖြေလိုက်ပါတော့မယ်။

ငါဟာ ယဉ်မျိုးသွင် …

ငါဟာ ယဉ်မျိုးသွင်အစစ်ပါလားကွယ် …

ကလုန်းမယဉ်မျိုးသွင်သည် တစ်ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် ပေါ်လာသော ကိုယ့်အရိပ်ကိုယ်ကြည့်ရင်း တွေးနေမိခြင်းဖြစ်လေ၏။

အိမ်ဖော်မလေးထွေးခင်က သူမ၏အပြုအမူများကို တံခါးအကွယ်မှ ချောင်းမြောင်းကြည့်ရှုနေသည်ကိုမူ သူမ သတိမပြုမိပါပေ။

ကလုန်းယဉ်မျိုးသွင်က စာရေးစားပွဲတွင်ထိုင်လိုက်သည်။ ယဉ်မျိုးသွင်၏ဒိုင်ယာရီစာအုပ်ကို စာအုပ်ပုံထဲက ဆွဲထုတ်ယူလိုက်သည်။ဤဒိုင်ယာရီ အပြာလေးမှာ ယဉ်မျိုးသွင်ကိုယ်တိုင်အသုံးပြုခဲ့သော ဒိုင်ယာရီလေးဖြစ်ပါ၏။ ဒိုင်ယာရီထဲတွင် အလုပ်အချိန်းအချက်များကို ရေးမှတ်ထားတာ တွေ့ရသည်။

ကလုန်းမကတော့ ... ဒိုင်ယာရီထဲတွင် သူမ၏ခံစားချက်များကို ရေးမှတ်ထားမိပါသည်။ သည်အိမ်ရောက်စနေ့ကတည်းက ရေးထားခဲ့သည့် ခံစားချက်စာစုများက ဒိုင်ယာရီစာမျက်နှာများတွင် ပြည့်နေ၏။

သူမက ဒိုင်ယာရီ၏လက်ရှိနေ့စွဲစာမျက်နှာကိုလှန်ကာ ခံစားရသမျှကို ရေးထည့်လိုက်ပြန်လေသည်။

*ယဉ်မျိုးသွင် သေပြီတဲ့ ...*

*စိတ်မကောင်းပါဘူး ယဉ်မျိုးသွင် ...*

*ဒါပေမဲ့ ... သူသေသွားတာဟာ ငါ့အတွက်တော့ ကံကောင်းခြင်းတစ်ရပ်ပါလားကွယ်။ ငါဟာ ယဉ်မျိုးသွင်အဖြစ်နဲ့ တစ်သက်လုံးနေသွားရတော့မယ်တဲ့လေ။*

*တစ်စုံတစ်ခုကလွဲရင် ... ငါ့အတွက် အားလုံး ပြီးပြည့်စုံသွားပါပြီ။ ကိုဒီကိုစွန့်လွှတ်ရတာ တစ်ခုက လွဲရင်ပေါ့။ ကိုဒီရေ ... ကျွန်မချစ်တဲ့ရှင့်ကို ကျွန်မ ဘယ်တော့မှ ပိုင်ဆိုင်ခွင့်ရတော့မှာ မဟုတ်ပါဘူး။*

*ကျွန်မရဲ့ ဟန်ဆောင်ဘဝ အဆင်ပြေဖို့ အတွက် ကျွန်မမချစ်တဲ့ ဖေယျာဦးကို လက်ထပ်ရတော့မယ်တဲ့ရှင် ...*

• • •

# အပိုင်း ( ၉ )

## ၉ ၁ ၁

"ဂျာနယ်တွေထဲမှာတော့ မယဉ်နဲ့ကိုဒီလုံးသတင်းတွေ ထည့်ရေးနေကြပြီမယဉ်၊ ဒီဂျာနယ်ထဲမှာ အသည်းကွဲနေတဲ့အဆိုတော်ဆိုတဲ့ ခေါင်းစဉ်နဲ့ ကိုဒီလုံးနဲ့တွေ့ဆုံခန်း ရေးထားတယ်၊ ကိုဒီလုံးပြောတဲ့စကားထဲမှာ မယဉ်နာမည် တည့်တည့်မပါပေမဲ့ မယဉ်ကိုရည်ရွယ်ပြီးပြောမှန်း သိသာနေတယ်"

ဒေါက်တာမျိုးထိုက်က ဖတ်လက်စဂျာနယ်ထဲမှ စတီးရိုယို အဆိုတော်ဒီလုံးနှင့်တွေ့ဆုံမေးမြန်းထားသည့် အင်တာဗျူးဆောင်းပါးကို ဖတ်ရင်းပြောလိုက်သည်။

"ဟုတ်တယ် ကိုမျိုး။ ယဉ်ဖတ်နေတဲ့ ဟောဒီဂျာနယ်ထဲမှာလည်း ရေးထားတယ်၊ စနေနံနာမည်ပိုင်ရှင်စတီးယိုအဆိုတော်နဲ့ Presenter မမတို့ရဲ့ အကွဲအပြဲတဲ့ ခေါင်းစဉ်ကို ပြူးတူးပြဲတဲ တပ်ထားသေးတယ်၊ နာမည်ကိုတော့ အတိအကျရေးမထားဘူး။ ဒါပေမဲ့ ယဉ်နဲ့ကိုဒီ့ ကိုဆိုလိုမှန်း သိသာပါတယ်လေ"

ယဉ်မျိုးသွင်ကလည်း ဖူ့ဖတ်နေသောဂျာနယ်စာမျက်နှာ တစ်နေရာကိုလှန်ပြရင်း ပြောလိုက်သည်။

ဂျာနယ်များကို နေ့စဉ်ခြံလာရှင်းပေးနေကျ မာလီကြီးအား ဝယ်ခိုင်း လိုက်ခြင်းဖြစ်သည်။

ဒေါက်တာမျိုးထိုက်သည် ဦးအောင်သွင်လုပ်ကြံမှုမှ လွတ်မြောက် လာပြီးနောက်ပိုင်း အပြင်သို့ မထွက်ဖြစ်သေးပါ။ ခြံထဲက ဓာတ်ခွဲခန်းမှာပင် ပုန်းအောင်းကာ ပြင်ပမှသတင်းများကို နားစွင့်နေခဲ့သည်။ ကြားသိရသော အနေအထားများအရ ... ဦးအောင်သွင်က သူ့ကို သေသွားပြီဟု ယူဆ နေဟန်တူပါသည်။

ဓာတ်ခွဲခန်းပြုလုပ်ထားသော ခြံကျယ်ကြီးထဲက တိုက်အိမ်ထဲတွင် ယဉ်မျိုးသွင်နှင့်အတူ နေထိုင်လျက်ရှိသည်။ အစားအသောက်များကို မာလီကြီး ကိုပင် ဝယ်ခိုင်းရသည်။ အိမ်ကြီးထဲတွင် ထိန်းသိမ်းခံထားရသော ယဉ်မျိုးသွင် က ချက်ပြုတ်ကျွေးမွေးသည်။

ယခုဆိုလျှင် ယဉ်မျိုးသွင် ဤခြံကြီးထဲ၌ ထိန်းသိမ်းခံထားရသည်မှာ ရက်ပေါင်းနှစ်ဆယ်ပင် ပြည့်ခဲ့ပေပြီ။

''ဘယ်လိုလဲကိုမျိုး ယဉ်တို့ ဒီလိုပဲ ငြိမ်ခံနေရတော့မှာလား။ အန်ကယ့်လုပ်ရပ်တွေကိုဖော်ထုတ်ဖို့ အချိန်ကျနေပြီမဟုတ်လား ကိုမျိုး''

''ဟုတ်ပါတယ် မယဉ်၊ ကိုယ်က ဦးအောင်သွင်ကို အလဲထိုးနိုင်ဖို့ စဉ်းစားနေတာပါ''

''ယဉ်တော့ မနေနိုင်တော့ဘူး။ ဒီမတရားမှုကြီးကို ဖော်ထုတ်ချင်ပြီ၊ ခုဆို ဒေါက်တာဖရက်ဒီခန့်လည်း ရက်ရက်စက်စက်အသတ် ခံလိုက်ရပြီ၊ ဘယ်လောက်နမြောစရာ ကောင်းသလဲ၊ ရဲကိုအကြောင်းကြားလိုက်ရင် ကောင်းမယ်ထင်တယ် ကိုမျိုး''

''လောမကြီးပါနဲ့ မယဉ်၊ ဦးအောင်သွင် ဘယ်လိုခြေလှမ်းလှမ်း မယ်ဆိုတာ စောင့်ကြည့်ပါဦး၊ မယဉ်ဘက်မှာ ကိုယ်ရှိပါတယ်၊ မယဉ်အိမ် မှာရောက်နေတဲ့အမျိုးသမီးဟာ ကိုယ်တို့ဖန်တီးထားတဲ့ကလုန်းတစ်ခုဆိုတာ ကိုယ်ထောက်ခံလိုက်တာနဲ့ ပွဲပြီးပါတယ် မယဉ်''

ယဉ်မျိုးသွင်က သက်ပြင်းချလိုက်သည်။

"ပိုင်စီဝမ်းက ယဉ်အယောင်ဆောင်ပြီး ကိုဒို့ကို အဆက်ဖြတ်လိုက်ပြီ၊ ဒါဟာ အန်ကယ်ရဲ့တိုက်ကွက်အစပဲ ကိုမျိုး။ ရှေ့တစ်ဆင့်တက်ပြီး ပိုင်စီဝမ်းကို တစ်ယောက်ယောက်နဲ့ ပေးစားတော့မယ်၊ အဲဒီ တစ်ယောက်က လည်း ဖေယျာဦးပဲဖြစ်မှာ သေချာတယ်၊ ဒါမှသာ ယဉ်အမွေတွေကို အန်ကယ် က ထင်သလိုလုပ်နိုင်မှာလေ၊ ပိုင်စီတူးကိုလည်း အန်ကယ်သတ်ပစ်လိုက်တာ သေချာတယ်၊ အဲဒါကြောင့်သာ သူ့လုပ်ရပ်တွေ မပေါ်အောင် ကိုမျိုးတို့ မြေးအဘိုးရဲ့အသက်ကို လုပ်ကြတာပေါ့"

"ဟုတ်ပါတယ်၊ ပိုင်စီတူးသေပြီဆိုတာလည်း သေချာသလောက် ပါပဲမယဉ်"

"ခက်တာပဲ ကိုမျိုးရယ် ... အန်ကယ်ရဲ့ ဒီအကြံအစည်ကို ကိုမျိုးတို့မြေးအဘိုး အကောင်အထည်ဖော်ပေးလိုက်တာကိုက မှားတာပဲ၊ ကိုမျိုးတို့ ဒီလိုလုပ်မပေးသင့်ဘူး"

"မယဉ်ရယ် ... ကိုယ်တို့မြေးအဘိုးက မယဉ်အန္တရာယ်မကျရောက်အောင် ဦးအောင်သွင်ကို လှည့်စားခဲ့တယ်လေ၊ ကလုန်းကို တစ်ခုတည်း မလုပ်ဘဲ နှစ်ခုလုပ်ပေးခဲ့တယ်လေ၊ အဲဒါဟာ ... ဦးအောင်သွင်ရဲ့ မရိုးသားမှုကိုရိပ်မိလို့ ကြိုပြီးကြံစည်ခဲ့တာပါ၊ မယဉ်အတွက် အကာအကွယ်ပေးလိုက်တာပါ မယဉ်"

ယဉ်မျိုးသွင်သည် ဦးအောင်သွင် သူမကို ဤနေရာသို့ညာခေါ်လာစဉ်က အတွေ့အကြုံများကို ပြန်လည်သတိရလိုက်လေသည်။

●

ဦးအောင်သွင်က နိုင်ငံခြားတွင်အနေကြာခဲ့သော ဆွေမျိုးတစ်ယောက်နှင့် တွေ့ဆုံပေးရန်ဆိုသည့်အကြောင်းပြချက်ဖြင့် ဘုရားကျောင်းမသွားမီလာခေါ်သည်ကို ယဉ်မျိုးသွင်ယုံကြည်စွာဖြင့် လိုက်ပါလာခဲ့သည်။

သည်ကိုရောက်တော့ ဒေါက်တာဖရက်ဒီခန့်နှင့်ဒေါက်တာ မျိုးထိုက်ကိုတွေ့ရသည်။ သူတို့က ဦးအောင်သွင်ကိုအပြင်ခန်းတွင် ထားခဲ့ကာ ယဉ်မျိုးသွင်အား အတွင်းဘက်အခန်းထဲသို့ ခေါ်သွားခဲ့လေသည်။

ယဉ်မျိုးသွင်၏သံသယက ထိုအချိန်မှ စတင်ခဲ့ပေ၏။

ရှေ့မှဦးဆောင်သွားသော ဒေါက်တာဖရက်ဒီခန့်က အတွင်းခန်း သံတံခါးမကြီးကို ဆွဲဖွင့်လိုက်သည်။

"ဝင်ပါ ... မယဉ်မျိုးသွင်"

ဒေါက်တာမျိုးထိုက်က ပြောလိုက်ခြင်းဖြစ်သည်။

ယဉ်မျိုးသွင် အတွင်းသို့ရောက်သွားသည်နှင့် ဒေါက်တာမျိုးထိုက်က အခန်းတံခါးကို ပိတ်လိုက်လေ၏။

ယဉ်မျိုးသွင်က အံ့ဩနေသည်။ အခန်းထဲကို ဦးအောင်သွင် လိုက်ပါ မလာတာရော၊ အခန်းထဲအရောက်မှာ ဘာကိုမျှ မမြင်မတွေ့ရတာကိုရော အံ့ဩနေမိသည်။ သံသယလည်း ဝင်သွားမိလေသည်။

"ယဉ့်ကို ဘာအတွက် ဒီထဲခေါ်လာတာလဲဟင် ... အန်ကယ်. . အဲ ... ဆရာကြီး"

ယဉ်မျိုးသွင်က ဖရက်ဒီခန့်ကို အန်ကယ်ဟုခေါ်လိုက်ပြီးမှ ဦးအောင်သွင်က ဆရာကြီးလို့ခေါ်လိုက်တာကိုသတိရပြီး ပြောင်းခေါ်လိုက်သည်။

"မင်းရဲ့အန်ကယ်က တို့များကိုအလုပ်တစ်ခု အပ်ထားတယ်၊ အဲဒါကို ငါ့တူမကြီးသိအောင် ပြချင်လို့ပါ"

"ရှင် ... ဒါနဲ့ ... ဆရာကြီးက ယဉ်တို့နဲ့အမျိုးတော်တယ်ဆို၊ နိုင်ငံခြားမှာအနေကြာနေတဲ့ ယဉ်တို့ဆွေမျိုးထဲကလို့ အန်ကယ်ကပြောပါတယ်"

"ဪ ... ဦးအောင်သွင်က ဒီလိုပဲပြောထားသလား။ ကိစ္စ မရှိပါဘူးလေ၊ ဒါက အရေးမကြီးပါဘူး"

"နေပါဦး ဆရာကြီး။ အန်ကယ်ပြောသလို ဆရာကြီးက ယဉ်တို့ ဆွေမျိုးထဲက မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွယ်၊ ဆရာကြီးက ဦးအောင်သွင် အခပေးပြီး အပ်နှံထားတဲ့လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးနေတာပါ"

"ဒါဖြင့် ... အန်ကယ်က အမျိုးတော်တယ်လို့ ဘာလို့ပြောရ တာပါလိမ့်"

"ဒါကို မင်း မကြာခင်ရှင်းသွားပါလိမ့်မယ် ယဉ်မျိုးသွင်၊ ကဲ- မောင်မျိုးထိုက်ရေ၊ **ဝိုင်စီဝမ်း**ကို သွားခေါ်လိုက်ပါကွယ်၊ ယဉ်မျိုးသွင်ကို ပြရအောင်"

ဒေါက်တာဖရက်ဒီခန့်က တစ်ဆက်တည်း ဒေါက်တာမျိုးထိုက်ကို လှည့်ပြောလိုက်လေသည်။

ဒေါက်တာဖရက်ဒီခန့်၏အမိန့်အတိုင်း ဒေါက်တာမျိုးထိုက်က အတွင်းခန်းထဲသို့ ဝင်သွားသည်။ ပြန်ထွက်အလာတွင် ဒေါက်တာမျိုးထိုက် နှင့်အတူ အမျိုးသမီးတစ်ယောက် ပါလာခဲ့လေသည်။

"ဟင် ..."

ထိုအမျိုးသမီးကိုအမြင်တွင် ယဉ်မျိုးသွင်နှုတ်မှ ဟန်မဆောင်နိုင် တော့ဘဲ အာမေဍိတ်သံ ထွက်သွားလေသည်။

"သူ ... သူက ဘယ်သူလဲဟင်၊ အို ... တူလှချေလား၊ ယဉ်နဲ့ တူလှချေလား"

"သူ့ကို ဆရာကြီးတို့က **ဝိုင်စီဝမ်း** YC1လို့ နာမည်မှည့်ပေးထားပါ တယ် ယဉ်မျိုးသွင်"

"ဝိုင်စီဝမ်း ... သူက ..."

"သူဟာ လူစင်စစ်တစ်ယောက် မဟုတ်ပါဘူး ယဉ်မျိုးသွင်"

"ရှင် ... လူစင်စစ်မဟုတ်ဘူးဆိုတော့ ..."

"ကလုန်းဆိုတာ ငါ့တူမကြီး ကြားဖူးသလား"

"ကလုန်း ..."

"ပုံတူမျိုးပွားတဲ့ ပညာရပ်တစ်ခုလေ"

ဉာဏ်ထက်မြက်သော ယဉ်မျိုးသွင်က အနေအထားကို ချက်ချင်း သဘောပေါက်သလို ရှိသွားသည်။

သူမနှင့် ချွတ်စွပ်တူသောမိန်းကလေးကို ခြေဆုံးခေါင်းဆုံး အသေအချာပြန်ကြည့်လိုက်သည်။ မေးဖျားကမှဲ့နီနီလေးကအစ တစ်သဝေမတိမ်း တူညီလှပါပေ၏။

"ဆရာကြီးဟာ ကလုန်းပညာရပ်ကို စတင်တီထွင်တဲ့သူတွေထဲမှာ တစ်ယောက်အပါအဝင်ပေါ့ ယဉ်မျိုးသွင်"

"ဆရာကြီး"

"ဗိုင်စီဝမ်းဟာ ကလုန်းပညာနဲ့ ဆရာကြီး ပထမဆုံးဖန်တီးလိုက်တဲ့ မင်းရဲ့ ပုံတူလူသားတစ်ယောက်ပါပဲ ယဉ်မျိုးသွင်"

"ရှင် ... အို ..."

"မင်းရဲ့အံသွားကိုအသုံးပြုပြီး ပုံတူမျိုးပွားထားတဲ့ ကလုန်းလူသားတစ်ယောက်ပါ"

"ရှင်တို့ ... ရှင်တို့ ... ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

"ဦးအောင်သွင်က လုပ်ခိုင်းလို့ပါ"

"ဘာ ..."

"မင်းရဲ့ဦးလေးဦးအောင်သွင်က မင်းကို သူနဲ့သဘောတူတဲ့လူနဲ့ပေးစားချင်တယ်၊ မင်းကတော့ ခေါင်းမာနေတယ်တဲ့၊ မင်းကို စည်းရုံးလို့မရတဲ့အတူတူ မင်းရဲ့ကလုန်းဖန်တီးပြီး မင်းနေရာမှာ ခဏအစားထိုးထားလိမ့်မယ် ယဉ်မျိုးသွင်"

"ဘာ ..."

"ဒါဟာလည်း ခဏပါတဲ့၊ သူဖြစ်စေချင်တာတွေ စီမံပြီးတဲ့အခါ မင်းကို မင်းနေရာမှာ ပြန်ထားပေးပါမယ်တဲ့၊ ဦးအောင်သွင်က မင်းကို ဒုက္ခရောက်အောင်မလုပ်ပါဘူးလို့ ကတိအထပ်ထပ်ပေးလို့ ... အဲ ... ပြီးတော့ ... လုပ်ခလည်း ကောင်းကောင်းပေးလို့ ဆရာကြီးအနေနဲ့ မင်းရဲ့ကလုန်းကို ခုလိုဖန်တီးပေးရတာပဲ ယဉ်မျိုးသွင်"

"ရှင်တို့ .. ရှင်တို့ ယုတ်မာလှချည်လား၊ ကျွန်မ မသိဘဲ ... ကျွန်မသဘောတူညီချက်မပါဘဲ ကျွန်မကလုန်းကို ဖန်တီးတယ်၊ ဒါဟာ

ရာဇဝတ်မှုပဲ၊ မရဘူးရှင့်၊ မရဘူး။ ယဉ်မျိုးသွင်ကို ဒီလိုလုပ်လို့မရဘူး။ ရှင်တို့ရဲ့ယုတ်မာတဲ့လုပ်ရပ်ကို ဖော်ထုတ်မယ်''

စကားဆုံးသည်နှင့် ယဉ်မျိုးသွင်သည် ဝင်လာသောအခန်း တံခါးပေါက်ဆီသို့ တစ်ဟုန်ထိုးပြေးလေသည်။

''မယဉ်မျိုးသွင်''

ဒေါက်တာမျိုးထိုက်က လျင်မြန်ဖြတ်လတ်စွာ ယဉ်မျိုးသွင်၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

ယဉ်မျိုးသွင်ကိုယ်သည် ဒေါက်တာမျိုးထိုက်ဆီသို့ ယိုင်သွားကာ ဒေါက်တာမျိုးထိုက်ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

''စိတ်ဖောမကြီးပါနဲ့ ငါ့တူမကြီး။ အားလုံးကို စီစဉ်လို့ပြီးနေပါပြီ၊ စိတ်ကိုလျော့လိုက်ပါကွယ်''

''လွှတ် ... လွှတ် ... ကျွန်မကိုလွှတ်''

ယဉ်မျိုးသွင်က ဖမ်းချုပ်ထားသောဒေါက်တာမျိုးထိုက် ရင်ခွင်ထဲမှ ရုန်းကန်ရင်း အသံကုန်အော်လိုက်လေသည်။

● ● ●

## ၉ ၁ ၂

"စိတ်အေးအေးထားပါ ဟူမရယ် ဆရာကြီးတို့ စိစဉ်ထားတာတွေကို ရှင်းပြပါရစေဦး။ မောင်မျိုးထိုက် ကလုန်းမိန်းကလေးကို အခန်းထဲပြန်ပို့လိုက်ပါကွယ်"

ပိုင်စိဝ်းဟု သူတို့အမည်ပေးထားသော ကလုန်းမလေးကို ဒေါက်တာမျိုးထိုက်က အခန်းထဲသို့ ပြန်ခေါ်သွားခဲ့သည်။

ဒေါက်တာမျိုးထိုက် ပြန်ထွက်အလာတွင် ဒေါက်တာဗရုက်ဒီခန့်က ယဉ်မျိုးသွင်ကို ရှင်းပြလေ၏။

"ဟူမကြီးလည်း ပညာတတ်တစ်ယောက်ပဲ၊ အကျိုးအကြောင်းသင့် စဉ်းစားတတ်မှာပါ။ ဆရာကြီးပြောပြမယ့်အကြောင်းတွေကို နားထောင်ကြည့်ပါဦးကွယ်၊ ဒီလိုပါ ...

"ဆရာကြီးဟာ ကလုန်းပညာကို ပထမဆုံးစမ်းသပ်တဲ့အဖွဲ့ထဲမှာပါခဲ့တဲ့ ဆရာဝန်တစ်ယောက်ပဲ၊ ဒါပေမဲ့ ... လူကိုကလုန်းဖန်တီးဖို့ကို အစိုးရတွေကတားမြစ်ထားလို့ လူကလုန်းကိုတော့ အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ဦးအောင်သွင်က မင်းရဲ့ကလုန်းဖန်တီးပေးဖို့ အလုပ်အပ်တော့ ဆရာကြီး အတန်တန်စဉ်းစားပြီးမှ လက်ခံခဲ့တာပါ၊ ဆရာကြီးအဘက်ဘက်က စဉ်းစားခဲ့ပါတယ် ...

"ဆရာကြီးအနေနဲ့ ဦးအောင်သွင်ကို အကြွင်းမဲ့ယုံကြည်မထား ပါဘူး။ မင်းရဲ့ကလုန်းကို ဖန်တီးပြီးရင် ... မင်းကိုသတ်ပစ်တဲ့အထိ သူလုပ်နိုင်တယ်"

"အို ..."

"ဒါအမှန်ပဲလေ။ ကလုန်းလုပ်ပြီး မင်းနေရာမှာ အစားထိုးမယ် ဆိုကတည်းက သူ့စိတ်ဓာတ်ဟာ မမှန်မမှန်ပဲ"

"ဒါဖြင့် ဆရာကြီးက ဘာဖြစ်လို့ လက်ခံပြီးလုပ်ပေးရတာလဲ"

"မေးစရာပါပဲ ယဉ်မျိုးသွင် ဆရာကြီးက မင်းအတွက်အန္တရာယ် ကင်းအောင် အစီအစဉ်လုပ်ပြီးမှ သူ့အလုပ်ကို လက်ခံခဲ့တာပါ။ ဦးအောင်သွင် က အမွေတွေလွှဲပြောင်းပြီးရင် မင်းကို မင်းနေရာမှာ ပြန်ထားပေးမယ်လို့ ကတိပေးထားတယ်၊ ဒီကတိအတိုင်း သူတည်ချင်မှ တည်လိမ့်မယ်၊ တကယ် လို့ သူကတိမတည်ခဲ့ရင် သူ့လုပ်ရပ်တွေကို ဆရာကြီးတို့က ဖော်ထုတ်မှာပါ"

"ဆရာကြီးတို့မဖော်ထုတ်နိုင်ခင်မှာ ယဉ်က အသက်သေပြီး ဖြစ်ချင် ဖြစ်နေလိမ့်မယ်လေ"

"ယဉ်မျိုးသွင် အခုနက မင်းတွေ့လိုက်တဲ့ ကလုန်းမိန်းကလေးကို ဆရာကြီးတို့ ဘယ်လိုနာမည်ပေးထားတယ်ဆိုတာ မင်းသတိထားမိလိုက် သလား"

"ရှင် ..."

"**ဝိုင်စီဝမ်း**လို့ တို့ခေါ်လိုက်တာ သတိပြုမိသလား ယဉ်မျိုးသွင်"

"ဩော် ... ဟုတ်ကဲ့၊ သတိထားမိပါတယ် ဆရာကြီး"

"**ဝိုင်စီဝမ်း** YC1ဆိုတာ အတိုကောက်အခေါ်အဝေါ်ပါ၊ ယဉ်မျိုးသွင် ကလုန်း နံပါတ်(၁) YinMyoThwin Clone No.1လို့ ဆိုလိုတာပဲ ယဉ်မျိုးသွင်"

"ဟင် ... ဒါဖြင့် ..."

"**ဝိုင်စီဝမ်း** YC1ရှိသလို **ဝိုင်စီတူး** YC2 ဆိုတာလည်း ရှိပါသေး တယ်ကွယ်"

"**ဝိုင်စီတူး** YC2"

"ဟုတ်တယ် ဦးအောင်သွင်က မင်းရဲ့ကလုန်းကို ဖန်တီးဖို့အတွက် မင်းရဲ့အံသွားကို ယူလာခဲ့တယ်လေ၊ မင်းရဲ့အံသွားကနေ ဆရာကြီးနဲ့ မောင်မျိုးထိုက်က ကလုန်းဖန်တီးခဲ့တယ်၊ ဒါပေမဲ့ ကလုန်းကိုတစ်ခုတည်း ဖန်တီးတာမဟုတ်ဘူး ယဉ်မျိုးသွင်"

"ရှင် ..."

"ဆရာကြီးတို့ဟာ မင်းရဲ့ကလုန်းကို နှစ်ခုဖန်တီးခဲ့တယ် ယဉ်မျိုးသွင်"

"ရှင် ..."

"အဲဒါကို ဦးအောင်သွင်ကို အသိပေးမထားပါဘူး။ ဦးအောင်သွင်ကိုတော့ မင်းရဲ့အံသွားကနေ ကလုန်းဖန်တီးပြီးပြီလို့ပဲ အသိပေးထားတယ်၊ အဲ ... ပြီးတော့ ... မင်းတွေ့လိုက်ရတဲ့ ဝိုင်စီဝမ်းဆိုတဲ့ ကလုန်းမလေးဟာလည်း သူနဲ့အတူ ဝိုင်စီတူးဆိုတဲ့ နောက်ထပ်ကလုန်း တစ်ခုရှိသေးတာကို သိမထားဘူး။ သူ့ကို ဝိုင်စီဝမ်းလို့ နာမည်ပေးထား မှန်းလည်း သူမသိဘူး"

"ဘာတွေလဲ ဆရာကြီးရယ် ... ယဉ်နားမရှင်းတော့ဘူး"

"စဉ်းစားကြည့်ရင် လွယ်လွယ်လေးပါ ယဉ်မျိုးသွင်၊ တို့က ဦးအောင်သွင်လက်ထဲကို မင်းရဲ့ကလုန်းကိုအပ်ပြီးတဲ့အချိန်မှာ မင်းကို ကလုန်းနဲ့အတူတူ ပြန်ခေါ်သွားလိမ့်မယ်လေ၊ မင်းကို တစ်နေရာရာမှာ ဝှက်ထားမှာပဲ။ ဦးအောင်သွင်က ယဉ်မျိုးသွင်အစစ်ဖြစ်တဲ့မင်းကို သတ်မပစ်ဘူးလို့ မပြောနိုင်ဘူး"

"အို ..."

"တကယ်လို့ မင်းကိုသတ်ပစ်ဖို့ရည်ရွယ်ချက်ရှိခဲ့ရင် မင်း အန္တရာယ်က လွတ်မြောက်အောင် ဆရာကြီးတို့က ကလုန်းနှစ်ခု စီစဉ်လိုက်တာပါ"

ယဉ်မျိုးသွင် သဘောပေါက်လာသလို ရှိလိုက်သည်။

"ဒါဖြင့် ... ဝိုင်စီတူးဆိုတဲ့ နောက်ထပ်ကလုန်းတစ်ခုကို ယဉ့်ရဲ့ကိုယ်စား အန်ကယ့်နောက်ကို ထည့်လိုက်မယ်ဆိုတဲ့ သဘောလား"

"မှန်တာပေါ့ကွယ် ... ဒါမှ မင်းကိုသတ်ဖို့ရည်ရွယ်ချက်ရှိလို့ သတ်ပစ်ခဲ့ရင် မင်း အန္တရာယ်က လွတ်မယ်၊ မင်းကိုယ်စား ဝိုင်စီတူးက မင်းအတွက် ဓားစာခံသွားပါလိမ့်မယ် ယဉ်မျိုးသွင်"

"ယဉ်က ဘယ်နေရာမှာ သွားပုန်းနေရမှာလဲ ဆရာကြီး"

"မင်းကို ဆရာကြီးတို့က ဟောဒီအိမ်ကြီးထဲမှာပဲ လုံလုံခြုံခြုံ ထိန်းသိမ်းပေးထားမှာပါ ယဉ်မျိုးသွင်"

"အို ..."

"ဝိုင်စီဝမ်းက သူနဲ့မျိုးတူ ကလုန်းတစ်ခုရှိကြောင်းကို မသိဘူး၊ ဝိုင်စီတူးကတော့ ဝိုင်စီဝမ်းရှိတယ်ဆိုတာကို သိတယ်၊ ဝိုင်စီတူးက မင်းအဖြစ်နဲ့ ဟန်ဆောင်ပြီး ဦးအောင်သွင်နောက်ကို လိုက်သွားလိမ့်မယ်၊ ဝိုင်စီတူးကိုလည်း ဆရာကြီးတို့ အထပ်ထပ်လေ့ကျင့် ပေးထားပြီးပါပြီ"

"ဝိုင်စီဝမ်းရော ဝိုင်စီတူးရော ... ကလုန်းနှစ်ယောက်စလုံးက ယဉ့်အနေနဲ့ ဟန်ဆောင်လှုပ်ရှားကြမှာပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့ ... သူတို့ဟန်ဆောင်ပုံချင်းက တစ်ယောက်နဲ့ တစ်ယောက် တူမှာမဟုတ်ဘူး"

ယဉ်မျိုးသွင်က သက်ပြင်းချလိုက်သည်။

"ကိုင်း ... ပြောနေကြာတယ်၊ ဝိုင်စီတူးကိုလည်း မင်းအကဲခတ် လိုက်ပါဦး ယဉ်မျိုးသွင်၊ မောင်မျိုးလိုက်ရေ ... ဝိုင်စီတူးကို သွားခေါ်လိုက်ပါဦးကွယ်"

● ● ●

## ၉ ၁ ၃

ဒေါက်တာမျိုးထိုက်က အခန်းတစ်ခုထဲဝင်သွားပြီး ပြန်ထွက်အလာတွင် မိန်းကလေးတစ်ယောက်ပါလာပြန်သည်။ ထိုမိန်းကလေးကို အတွေ့တွင်လည်း ယဉ်မျိုးသွင်အံ့ဩရပြန်၏။ သူမသည်လည်း ယဉ်မျိုးသွင်နှင့် ရုပ်ချင်းချွတ်စွပ်တူသော၊ အရပ်အမောင်း အလုံးအထည်ချင်းတူသော မိန်းကလေးတစ်ယောက်ဖြစ်နေပါသည်။ ပြီးတော့ မေးဖျားက မှဲ့နီနီလေးကလည်း နေရာမတိမ်း တူညီစွာရှိနေပြန်၏။ ယဉ်မျိုးသွင်နှင့် လူချင်းမကွာခြားသလို မကြာခင်ကမြင်တွေ့ခဲ့ရသော ပိုင်စိဝမ်းနှင့်လည်း ဘာမှမခြားနားပါပေ။

သူမကား ပိုင်စီတူးဆိုသော နောက်ထပ်ကလုန်းတစ်ယောက်ပင်ဖြစ်ပါ၏။

"သူက ပိုင်စီတူးပဲ ယဉ်မျိုးသွင်၊ သူဟာလည်း မင်းရဲ့အံသွားက ဖန်တီးထားတဲ့ ကလုန်းတစ်ခုပါပဲ"

ယဉ်မျိုးသွင်သည် အံ့ဩလွန်းသဖြင့် ဘာမှပြန်မပြောမိဘဲ ပိုင်စီတူးဆိုသောနောက်ထပ်ကလုန်းမိန်းကလေးကို ငေးကြည့်နေမိသည်။

ကလုန်းမပိုင်စီတူးက ယဉ်မျိုးသွင်ကို ပြုံးပြလိုက်၏။

"ဝိုင်စီတူးရှိတာကို ဦးအောင်သွင်ရော ... ဝိုင်စီဝမ်းပါ မသိကြဘူး ဆိုတာ မင်းကိုပြောပြီးပြီနော်၊ ဝိုင်စီတူးက ယဉ်မျိုးသွင်အစစ်အဖြစ် ဟန်ဆောင်ပြီး .. ဦးအောင်သွင်နဲ့ဝိုင်စီဝမ်းနောက်ကို လိုက်သွားလိမ့်မယ်၊ သူ့ကို ဆရာကြီးတို့က ကောင်းကောင်းလေ့ကျင့်ပေးထားပြီးပါပြီ ယဉ်မျိုးသွင်"

ကလုန်းဝိုင်စီတူးကလည်း ဒေါက်တာဖရက်ဒီခန့်စကားအဆုံး တွင် ဝင်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ ယဉ်မျိုးသွင်အနေနဲ့ အစွမ်းကုန်ကြိုးစား သရုပ်ဆောင်သွားပါ့မယ်၊ ကျွန်မကို စိတ်ချပါ"

"ဒီတော့ကာ.. မင်းတို့နှစ်ယောက် အဝတ်အစားချင်းလဲဝတ် လိုက်ကြပါ"

"ရှင်.."

"ဒီလိုလေ.. ခုအချိန်ကစပြီး လူမြင်ကွင်းကို ယဉ်မျိုးသွင် အစစ်က ထွက်စရာမလိုတော့ဘူး။ ဦးအောင်သွင်နောက်ကို ပြန်ထည့်လိုက်တဲ့အခါ ဝိုင်စီတူးကို မင်းအနေနဲ့ထည့်လိုက်မှာလေ၊ ဒီတော့.. ဝိုင်စီတူးဟာ မင်းဝတ်ထားတဲ့အဝတ်အစားအတိုင်း ရှိနေဖို့လိုတယ်"

"ဩော် ... ဟုတ်တာပေါ့ ဆရာကြီး"

"ကဲ ... ကဲ ... အဝတ်အစားချင်း လဲဝတ်လိုက်ကြ၊ ဝိုင်စီတူး နေခဲ့အခန်းထဲမှာပဲ သွားလဲလိုက်ကြပါကွယ်"

●

အဝတ်အစားချင်းလဲဝတ်ချိန်တွင် ... ဝိုင်စီတူးက ထပ်၍ကတိ ပေးလိုက်ပြန်သည်။

"ကျွန်မကိုစိတ်ချပါနော်၊ ကျွန်မ ရှင့်ရဲ့လှုပ်ရှားမှု၊ ပြောဆိုမှုတွေကို ရှင်ပါတဲ့စီဒီတွေအထပ်ထပ်ကြည့်ပြီး လေ့ကျင့်ထားပါတယ်၊ ကျွန်မကို ရှင်အစစ် လို့ထင်အောင် ကျွန်မသရုပ်ဆောင်ပါ့မယ်၊ တကယ်တော့လည်းလေ ကျွန်မ ဟာ ရှင့်ရဲ့သွားတစ်ချောင်းက ဖြစ်လာတဲ့ကိုယ်ပွား တစ်ခုပဲ၊ ကျွန်မဟာလည်း

ရှင်၊ ရှင်ဟာလည်း ကျွန်မပါပဲလေ၊ ကျွန်မကို သူတို့ ယဉ်မျိုးသွင်အစစ်လို့ ယုံကြည်ကြမှာပါ''

ဝိုင်စီတူးက ယဉ်မျိုးသွင်စိတ်ချလက်ချဖြစ်အောင် နှစ်သိမ့်စကား ပြောခဲ့ပေသည်။

ယဉ်မျိုးသွင်သည် အဝတ်အစားလဲဝတ်ချိန်တွင် ဝိုင်စီတူးကို နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပင်ဖြစ်ပါသည်။

ယခုအချိန်တွင် ဝိုင်စီတူးတစ်ယောက် ဘာဖြစ်နေပြီလဲမသိ။ ဒေါက်တာမျိုးထိုက်ကတော့ ဝိုင်စီတူးကို ယဉ်မျိုးသွင်အမှတ်ဖြင့် ဦးအောင်သွင် က သတ်ပစ်လိုက်ပြီဟု ယူဆနေပေသည်။ ထိုသို့ယူဆလောက်အောင်လည်း ဦးအောင်သွင်၏လုပ်ရပ်များက သက်သေခံနေပေသည်။ ဒေါက်တာဖရက်ဒီခန့် နှင့်ဒေါက်တာမျိုးထိုက်အား ယဉ်မျိုးသွင်ရှိသည်ဆိုသော သင်္ဘောဝမ်းထဲသို့ ခေါ်သွားခဲ့သည်။ သင်္ဘောဝမ်းထဲတွင် ယဉ်မျိုးသွင်ကို မတွေ့ရသည့်အပြင် ဆရာဝန်နှစ်ယောက်ကို သေနတ်ဖြင့်လုပ်ကြခဲ့သေးသည်။

ဦးအောင်သွင်သည် ယဉ်မျိုးသွင်ကို သတ်ပစ်လိုက်ပြီဆိုတာ ထင်ရှား ပေ၏။

တကယ်တမ်းတွင် အသတ်ခံလိုက်ရသော မိန်းကလေးမှာ ယဉ်မျိုးသွင်အစစ်မဟုတ်။ ဝိုင်စီတူးသာ ဖြစ်ပါသည်။

ဦးအောင်သွင်ကတော့ သူသတ်လိုက်သောမိန်းကလေးမှာ သူ့တူမ ယဉ်မျိုးသွင်အစစ်ဟုပင် ထင်နေပေလိမ့်မည်။

●

ဝိုင်စီတူးကို သူမ၏အဝတ်အစားများ လဲပေးလိုက်ပြီးနောက် ယဉ်မျိုးသွင်သည် ဝိုင်စီတူးအခန်းထဲမှာပင် ကျန်နေခဲ့သည်။

ယဉ်မျိုးသွင်အဝတ်အစားများ လဲဝတ်ပြီးထွက်လာသော ဝိုင်စီတူး အပြင်သို့အရောက်တွင် ဒေါက်တာဖရက်ဒီခန့်က ဝိုင်စီဝမ်းကို ခေါ်လိုက်လေ သည်။ ဝိုင်စီဝမ်းသည် ဝိုင်စီတူးကို မကြာခင်က သူမ တွေ့ခဲ့သော ယဉ်မျိုးသွင်အစစ်ဟုပင် ထင်နေရှာပေ၏။

ဒေါက်တာဖရက်ဒီခန့်က ဝိုင်စီဝမ်းနှင့်ဝိုင်စီတူးကို အဝတ်အစား ချွင်း လဲဝတ်ခိုင်းပြန်၏။

သည်တစ်ခါတော့ ဝိုင်စီဝမ်းကိုယ်ပေါ်ကို ယဉ်မျိုးသွင်၏ အဝတ်အစားများရောက်စေခြင်းဖြင့် အိမ်သို့ပြန်ဝင်ရာတွင် ပိရိစေရန်ဖြစ်ပါသည်။

ထို့နောက်မှ ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့က ဦးအောင်သွင် စောင့်ဆိုင်းနေသောညဉ့်ခန်းသို့ ဝိုင်စီဝမ်းနှင့်ဝိုင်စီတူးကို ခေါ်သွားခဲ့သည်။

ဝိုင်စီဝမ်းကို ယဉ်မျိုးသွင်ကလုန်းအဖြစ်လည်းကောင်း ဝိုင်စီတူးကို ယဉ်မျိုးသွင်အစစ်အဖြစ်လည်းကောင်း ဦးအောင်သွင် လက်သို့အပ်နှံလိုက်ခြင်းဖြစ်ပါသည်။

●

ကလုန်းနှစ်ယောက်ကို ဦးအောင်သွင်ခေါ်ဆောင်သွားချိန်မှစ၍ ယဉ်မျိုးသွင်သည် ဤဓာတ်ခွဲခန်းထဲ၌ ကျန်နေခဲ့ခြင်းဖြစ်ပါ၏။

ဦးအောင်သွင်သည် ကလုန်းများကိုခေါ်သွားပြီးနောက်‌ . ဒေါက်တာဖရက်ဒီခန့်တို့ကို တော်တော်နှင့် မဆက်သွယ်ခဲ့ချေ။

ဒေါက်တာဖရက်ဒီခန့်က အကျိုးအကြောင်းကို နှစ်ကြိမ်ဖုန်းဆက်မေးမှပင် ... အပျော်စီးသင်္ဘောပေါ်တွင် ညစာစားရန် ချိန်းဆိုခဲ့ခြင်းဖြစ်ပါသည်။

သင်္ဘောပေါ်အရောက်တွင် ဦးအောင်သွင်က ဒေါက်တာဖရက်ဒီခန့်ကို သေနတ်ဖြင့်ပစ်ကာ လုပ်ကြံခဲ့သည်။ ဒေါက်တာမျိုးထိုက်ကိုလည်း ဆက်၍လုပ်ကြံသည်။

ဒေါက်တာမျိုးထိုက်သည် ပြေးရင်းလွှားရင်း ရေထဲကျသွားရမှ ရေငုပ်ကူးခတ်ကာ လွတ်မြောက်လာခြင်းဖြစ်ပါ၏။

ဦးအောင်သွင်ကတော့ ဒေါက်တာမျိုးထိုက်ပါ သေဆုံးသွားပြီဟု ထင်ကောင်းထင်နေနိုင်ပါသည်။

● ● ●

## ၉ ၁ ၄

"ကိုမျိုးက ရှေ့ဆက်ပြီး ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထား သလဲဟင်"

ယဉ်မျိုးသွင်က ဂျာနယ်ကို စားပွဲပေါ်ချလိုက်ကာ ဒေါက်တာ မျိုးထိုက်ကို မေးလိုက်လေသည်။

"ဒီပုံအတိုင်းဆိုရင် ... ဦးအောင်သွင်ဟာ ဝိုင်စီဝမ်းကို မင်္ဂလာ ဆောင်ပေးဖို့ စီစဉ်မှာပဲ မယဉ်၊ ဝိုင်စီဝမ်းနဲ့ မင်္ဂလာဆောင်ပေးမယ့်သူဟာ လည်း ဖေယျာဦးပဲ ဖြစ်နိုင်တယ်"

"သေချာတာပေါ့၊ ဖေယျာဦးဖြစ်မှသာ အန်ကယ့်အနေနဲ့ သူ့ဖြစ်ချင် ရာကို ကြိုးကိုင်နိုင်မှာလေ၊ ကိုမျိုးတို့ဆီမှာ ကလုန်းလုပ်ပေးဖို့ အလုပ်အပ်တုန်း ကလည်း အန်ကယ်က ဒီအတိုင်းပဲပြောခဲ့တာ မဟုတ်လား"

"ဟုတ်တယ် မယဉ် .. ဝိုင်စီဝမ်းကို မင်္ဂလာဆောင်ဖြစ်စေ . စေ့စပ်ပွဲဖြစ်စေ . တစ်ခုခုလုပ်ပေးတဲ့အချိန်မှာ ကိုယ်တို့က လူအများရှေ့မှာ အဖြစ်မှန်တွေကို ဖော်ထုတ်ကြတာပေါ့ မယဉ်"

"လွယ်ပါ့မလား ကိုမျိုးရယ်"

"ဦးအောင်သွင်ဘက်က ယဉ်မျိုးသွင်အစစ်လည်း သေပြီ၊ ကိုယ်နဲ့ အဘိုးလေးလည်းသေပြီလို့ တွက်ထားမှာလေ၊ သူလုပ်ချင်ရာကို လွတ်

လွှတ်လပ်လပ်လုပ်မှာပဲ၊ ဒါဟာ ကိုယ်တို့အတွက် အားသာချက်ပဲ မယဉ်၊ စိတ်ချပါ ကိုယ်တို့ မယဉ်ရဲ့ကလုန်းကိုဖန်တီးပေးလိုက်မိကတည်းက မယဉ်ကို အကာအကွယ်ပေးဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ အမှန်တရား အတိုင်းဖြစ်လာအောင် ကိုယ့်အသက်နဲ့ရင်းပြီး ကြိုးစားပေးပါ့မယ် မယဉ်"

ဒေါက်တာမျိုးထိုက်က ယဉ်မျိုးသွင်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်လေသည်။ ဒေါက်တာမျိုးထိုက်အကြည့်ကြောင့် ယဉ်မျိုးသွင် မျက်လွှာချသွားလေ၏။

"ဦးအောင်သွင်ဟာ သူလုပ်စရာရှိတဲ့အလုပ်တွေကို အချိန်ဆွဲနေမှာ မဟုတ်ပါဘူး။ မကြာခင် အကောင်အထည်ဖော်တော့မယ်လို့ ကိုယ်ထင်တယ်"

• • •

# အပိုင်း ( ၁၀ )

## ၁၀ ၁ ၁

ဦးအောင်သွင်က သူကြံစည်စိတ်ကူးထားသောလုပ်ရပ်များကို အချိန်မဆွဲဘဲ လုပ်ဆောင်ခဲ့ပေသည်။

ဦးအောင်သွင်၏လုပ်ရပ်များက မြန်ဆန်သွက်လက်လှပေ၏။

ဖေယျာဦးနှင့်ယဉ်မျိုးသွင်တို့ မင်္ဂလာပွဲအား ဒီဇင်ဘာလ(၇)ရက်ကို သတ်မှတ်လိုက်သည်။ ဖိတ်စာများပင် ဝေပြီးသွားပါပြီ။

ဒေါက်တာမျိုးထိုက်က ဆံပင်တုတပ်၊ မုတ်ဆိတ်အတုတပ်ကာ နေကာမျက်မှန်အနက်ကြီးကိုတပ်ပြီး ပြင်ပသို့ထွက်၍ စုံစမ်းခဲ့သောကြောင့် အားလုံးသိလာရလေပြီ။

"သူတို့မင်္ဂလာဆောင်က ဒီဇင်ဘာ၇–ရက်တဲ့ မယဉ်၊ သတို့သမီးဝတ်စုံကို ဒီဇိုင်နာလှလှချော့ဆီမှာ · အပ်ထားတယ်၊ ကိုယ်လည်း ပိုင်စီဝမ်းဝတ်မယ့် သတို့သမီးဝတ်စုံနဲ့ တဆေရာတည်းတူတဲ့ ဝတ်စုံတစ်စုံကို လှလှချော့ဆီမှာ ဈေးနှစ်ဆပိုပေးပြီး အပ်ခဲ့တယ် မယဉ်"

"ရှင် ... ဘာအတွက်လဲ ကိုမျိုး"

"မယဉ်ဝတ်ဖို့လေ"

"ရှင် …"

"ဝိုင်စီဝမ်းဝတ်မယ့်ဝတ်စုံကို မင်္ဂလာဆောင်နေ့မှာ မယဉ်ဝတ်ရမယ်၊ ပြီးတော့ အဲဒီမင်္ဂလာဆောင်ကို မယဉ်ရောက်အောင်သွားရမယ် မယဉ်"

"ကိုမျိုး …"

"ဘာမှမပူပါနဲ့ မယဉ်.. အားလုံးကို ကိုယ်ရှေ့ကနေ ဦးဆောင်လုပ်ပေးသွားပါ့မယ်၊ မယဉ်ရဲ့ကလုန်းကို လုပ်ပေးမိလို့ ဒီပြဿနာတွေ ဖြစ်လာရတာပါ၊ ဒီပြဿနာတွေကို ပြေလည်အောင်လုပ်ပေးရမယ့်တာဝန် ကိုယ့်မှာရှိတာပေါ့"

"ယဉ်မကြောက်ပါဘူး ကိုမျိုး ယဉ်ဘက်က အမှန်တရားရှိတာပဲ၊ ဘာကြောက်စရာလိုလဲ၊ ကိုမျိုးပြောသလို သူတို့မင်္ဂလာဆောင်ကို ယဉ်အရောက်သွားမှာပါ၊ အများပရိသတ်ရှေ့မှာ အဖြစ်မှန်တွေကိုပြောပြီး ဖော်ထုတ်မှာပါ ကိုမျိုး၊ ဒါပေမဲ့ ကိုမျိုး မလိုက်စေချင်ဘူး"

"ကိုယ်ဘာလို့မလိုက်ရမှာလဲ ယဉ်ရယ် ကိုယ်ပါမှ ယဉ့်အတွက် အကူအညီရမှာပေါ့"

"ကိုမျိုးကို အားနာလို့ပါ၊ ယဉ့်အတွက်နဲ့ သေနတ်နဲ့လည်း အပစ်ခံရပြီးပြီ၊ အန်ကယ်က ကိုမျိုးကိုထပ်ပြီး ဒုက္ခပေးမှာစိုးလို့ပါ ကိုမျိုးရယ်"

"ကိုယ်က သူ့ကို ပြန်ပြီးလက်စားချေရမှာပေါ့ မယဉ်ရယ်၊ မယဉ်အတွက်လည်း အမှန်တရားကို ဖော်ထုတ်မယ်၊ ဒီပွဲမှာ ကိုယ့်အသက်ပေးရင်ပေးလိုက်ရပါစေ၊ ဦးအောင်သွင်ဆိုတဲ့လူယုတ်မာကြီးကို အများရှေ့မှာအရှက်တကွဲဖြစ်ပြီးမှ အပြစ်ဒဏ်ခံရအောင် ကိုယ်လုပ်မယ် မယဉ်"

"ကိုမျိုးရယ် .. ယဉ့်အတွက် ဘာလို့ ဒါလောက် အပင်ပန်းခံနေရတာလဲဟင်"

ယဉ်မျိုးသွင်က မေးလိုက်သည်တွင် … ဒေါက်တာမျိုးထိုက်က ယဉ်မျိုးသွင်ကို ရီဝေသောမျက်လုံးများဖြင့် စိုက်ကြည့်လိုက်လေသည်။

"ဘာဖြစ်လို့ဆိုတာ ခုထိမသိသေးဘူးလား မယဉ်ရယ်၊ ကိုယ်နဲ့ အတူတူနေလာတာ ရက်ပေါင်းနှစ်ဆယ်ကျော်ပါပြီ၊ မယဉ် ရိပ်မိသင့်ပါတယ်၊

ဘာဖြစ်လို့အပင်ပန်းခံနေသလဲဆိုတော့ မယဉ်ကို ဘဝမှန်ပြန် ရောက်စေချင်လို့၊ အဲဒါလည်း ... မယဉ်ကို ... မယဉ်ကို ... ချစ်လို့ပါ မယဉ်ရယ်''

''အို ... ကိုမျိုး''

''ကိုယ်နားလည်ပါတယ် မယဉ်၊ မယဉ်မှာ ကိုဒီလုံးဆိုတဲ့ချစ်သူရှိပြီးသားမှန်း ကိုယ်နားလည်ပါတယ်၊ ကိုယ့်အချစ်ကို မယဉ်သိရုံဖွင့်ဟလိုက်တာပါ၊ တကယ်လို့ ဒီပွဲမှာ ကိုယ်အသက်စွန့်ခဲ့ရရင် ကိုယ့်အချစ်ကို သက်သေပြသွားတယ်လို့ပဲ မှတ်ယူပေးပါ မယဉ်''

''ကိုမျိုးရယ် ... နိမိတ်မရှိတာတွေ မပြောပါနဲ့၊ ကဲပါလေ ... အဲဒီနေ့ကျ ယဉ်တို့ ဘယ်လိုလုပ်ကြမယ်ဆိုတာပဲ ဆွေးနွေးကြပါစို့ ကိုမျိုးရယ်''

● ● ●

## ၁၀ ၁ ၂

ဦးအောင်သွင်သည် သူ၏အောင်မြင်မှုများအတွက် အားရကျေနပ်လျက်ရှိပေ၏။ သူလုပ်သမျှအားလုံး ရှောရှောရှူရှူဖြစ်ခဲ့သည်။ သူလုပ်ရပ်တွေကိုလည်း ဘယ်သူကမျှ မရိပ်မိခဲ့။ ဇနီးဖြစ်သူဒေါ်မော်လီ ကောင်းမြတ်ပင် မရိပ်မိခဲ့ပါချေ။

လုပ်သမျှအောင်မြင်နေ၍ ဦးအောင်သွင် သွေးကြွနေသည်။ ဘဝင်မိုက်နေသည်။ အောင်မြင်သူတို့ထုံးစံအတိုင်း ရှုံးနိမ့်သူကို သရော်လိုစိတ်၊ ကလိလိုစိတ်တွေ ဝင်လာသည်။

ဦးအောင်သွင်က မင်္ဂလာဆောင်တွင် ညွှန်မည့်တီးဝိုင်းကို ငှားရမ်းရာ၌ ဒီလုံးပါဝင်သောအဖွဲ့ကို ငှားရမ်းခဲ့လေသည်။ အဆိုတော် ဒီလုံးကိုလည်း မပျက်မကွက်တက်ရောက်သီဆိုပေးဖို့ ဝိုင်းခေါင်းဆောင်ကို တိုက်တွန်းလိုက်သည်။

"ဟဲ . . ဟဲ . . ဟဲ . . ဒီလုံး . . ဒီလုံး . . ဒီပွဲမှာ မင်းရှုံးသွားပါပြီကွာ၊ ယဉ်မျိုးသွင်မင်္ဂလာဆောင်မှာ မင်းဘယ်လိုမျက်နှာနဲ့သီချင်းဆိုမယ်ဆိုတာကို ငါက အရသာခံပြီး ကြည့်လိုက်ဦးမယ်ဟေ့ . . ဟဲဟဲ . . ."

ဦးအောင်သွင်က ကောက်ကျစ်စဉ်းလဲစွာ ကြုံးဝါးလိုက်လေ၏။

• • •

# အပိုင်း ( ၁၁ )

## ၁၁ ၁ ၁

ဒီဇင်ဘာလ(၇)ရက်။

ဖေယျာဦးနှင့်ယဉ်မျိုးသွင်တို့၏ မင်္ဂလာပွဲအခမ်းအနား။

မင်္ဂလာပွဲသို့ လာရောက်သူများဖြင့် ဟိုတယ်ညှော်ခန်းမတစ်ခုလုံး စည်ကားသိုက်မြိုက်နေသည်။ နှစ်ဖက်မိဘဆွေမျိုးများ၊ ဧည့်ပရိသတ်များ စုံလင်နေချိန်ဖြစ်သည်။

ဧည့်ခံတီးဝိုင်းမှ တီးလုံးသံက ခန်းမတစ်ခုလုံးသို့ ပျံ့လွင့်နေ၏။

ဧည့်ခံတီးဝိုင်းမှအဆိုတော်များ တစ်ယောက်ပြီးတစ်ယောက် ဖျော်ဖြေနေကြသည်။

ဒီလုံးသည် တီးဝိုင်းနဘေးတွင် ငေးငိုင်ကာ ထိုင်နေသည်။ သူသီချင်း တစ်ပုဒ်မျှမဆိုရသေးပါ။ ဆိုချင်စိတ်လည်း မရှိ၊ ဒီပွဲကိုလည်း သူလာချင်စိတ် မရှိပါ။ ဝိုင်းမန်နေဂျာက မလာမနေရဆို၍သာ ရင်နာနာဖြင့် ရောက်လာရခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ဒီပွဲကို ဒီလုံးသည် ရင်နာနာဖြင့် တက်ရောက်လာ ခဲ့ခြင်းဖြစ်ပါ၏။ မည်သူက ကိုယ့်ချစ်သူ တခြားတစ်ယောက်နှင့် မင်္ဂလာ ဆောင်သည့်ပွဲကို တက်ချင်ပါမည်နည်း။ ဒီလုံးအတွက်က ပိုဆိုးသေးသည်။ ချစ်သူ့မင်္ဂလာပွဲတွင် သီချင်းဆိုပေးရဦးမည်။

ယဉ်မျိုးသွင်၏မင်္ဂလာပွဲကို ထွေးခင်လည်း တက်ရောက်ခွင့်ရခဲ့ပါသည်။ ထွေးခင်သည် အမိုးဒေါ်နော်ခမ်းနှင့်အတူ ထောင့်စွန်းစားပွဲတစ်ခုတွင်ထိုင်လျက်ရှိသည်။

ဒေါ်နော်ခမ်းနှင့်ထွေးခင်သည်လည်း အများနည်းတူ အလှအပများပြင်ဆင်ခြယ်သထားပါသည်။ မင်္ဂလာပွဲအတွက် သီးသန့်ဝယ်ပေးထားသောဝတ်စုံအသစ်ကိုဝတ်ဆင်ကာ ထွေးခင်က မနေတတ်မထိုင်တတ် ဖြစ်နေသည်။

ထွေးခင်သည် လက်ပွေ့အိတ်ခပ်ကြီးကြီးတစ်လုံးကိုလည်း ကိုင်ထားသေးသည်။ တကယ်တော့ ယဉ်မျိုးသွင်၏အလှအပအသုံး အဆောင်များစွာထဲမှတစ်ခုဖြစ်ပါသည်။ ဝတ်စုံနှင့်လိုက်ဖက်ညီထင်သော လက်ပွေ့အိတ်တစ်ခုကို မမယဉ်ခွင့်ပြုချက်ဖြင့် ထွေးခင်က ကိုင်လာခဲ့ခြင်းဖြစ်ပါသည်။

ထွေးခင်သည် သည်လိုပွဲမျိုးကို တစ်ခါမျှမတက်ရောက်ဖူးသည့်အတွက် စိတ်လှုပ်ရှားနေသည်။ ထွေးခင်က သူမကိုင်ထားသောလက်ပွေ့အိတ်ကြီးအတွင်းကို ခဏခဏစမ်းနေမိသည်။ အိတ်ထဲမှာ ထွေးခင်ပိုင်ပစ္စည်းဆိုလို့ တစ်ခုမျှမပါ။ အိတ်ထဲ၌ စာအုပ်တစ်အုပ်သာလျှင်ထည့်လာခြင်းဖြစ်ပါသည်။

ထွေးခင်က အိတ်ထဲကစာအုပ်ကို မကြာခဏစမ်းသပ်ကြည့်ရင်း မျက်လုံးကလည်း တစ်စုံတစ်ယောက်ကို ရှာဖွေလျက်ရှိသည်။

တွေ့ပါပြီ။ ဒီလုံး။

ဒီလုံးက တီးဝိုင်းဘေးတွင်ထိုင်ကာ ငိုင်တွေနေသည်။

ဒီလုံးကို ထွေးခင် ဘယ်လိုဆက်သွယ်ရမှာပါလိမ့်။

ထွေးခင်က အိတ်ထဲကစာအုပ်ကိုစမ်းကြည့်လိုက် ဒီလုံးရှိရာကိုကြည့်လိုက်ဖြင့် စိတ်ဂနာမငြိမ် ဖြစ်နေလေသည်။

ထွေးခင် ဒီလုံးကိုတွေ့ချင် စကားပြောချင်နေသည်။

ထွေးခင်မှာ ဒီလုံးကိုပြောစရာစကားတွေရှိသည်။ ပေးစရာတစ်ခုလည်း ပါလာသည်။

ဒီလုံးနဲ့ ဘယ်လိုဆက်သွယ်ရမှာပါလိမ့်။

## ၁၁-၁ ၂

မင်္ဂလာညည်ခံပွဲကျင်းပရာဟိုတယ်ဝင်းထဲသို့ ကားတစ်စီးဝင်လာသည်။ ကားပါကင်တွင် ကားကိုရပ်လိုက်သည်။

ကားထဲမှ ဆံပင်ရှည်ရှည်၊ ပါးမြိုင်းမွေးနှင့်မျက်မှန်ထူထူတပ်ထားသောလူတစ်ယောက်ဆင်းလာ၏။ သူက ကားတံခါးကိုပြန်ပိတ်ကာမင်္ဂလာညည်ခန်းမဆီသို့ လျှောက်လာလေသည်။

ကားထဲ၌ လူတစ်ဦး ထိုင်လျက် ကျန်နေပါသေးသည်။ ထိုသူမှာအမျိုးသမီးဖြစ်သည်။ အမျိုးသမီးသည် အိန္ဒိယတိုင်းရင်းသူတစ်ယောက်ကဲ့သို့ဆာရီကိုဝတ်ဆင်ထား၏။ ဆာရီစကို ဦးခေါင်းအထိလွှမ်းခြုံထားလေသည်။ မျက်နှာမပေါ်အောင် ဆာရီစဖြင့် မျက်နှာကိုဖုံးအုပ်ထားလေ၏။

●

ဒီလုံးက တီးဝိုင်းဘေးတွင်ထိုင်နေရာမှ ထထွက်လာခဲ့သည်။ သီချင်းဆိုဖို့အလှည့်မကျခင် အပေါ့အပါးသွားထားရန်ဖြစ်သည်။

ဒီလုံးထိုင်ရာမှထလိုက်သည်ကို ထွေးခင်လှမ်းမြင်လိုက်သည်။ ထွေးခင်သည် လက်ပွေ့အိတ်ကြီးကိုပိုက်ကာ မတ်တတ်ထရပ်ရင်း ခေါ်နော်ခမ်းကို ခွင့်တောင်းလိုက်သည်။

"အမိုး ... ထွေးခင် အိမ်သာဘက်ခဏ သွားလိုက်ဦးမယ်နော်"

"အို ... ညည်းသွားတတ်လို့လား။ တစ်ခါတည်း အိမ်ကကိစ္စရှင်းခဲ့ပါလို့ ငါပြောသားပဲ၊ ငါလိုက်ခဲ့ရမလား"

"မလိုက်ခဲ့နဲ့ အမိုး၊ ထွေးခင်သွားတတ်ပါတယ်"

"လက်ထဲက အိတ်ကြီးကို ထားခဲ့လေ"

"ရတယ် အမိုး"

ထွေးခင် အမြန်ထွက်လာခဲ့၏။

ရှေ့မှသွားနေသောဒီလုံးနောက်သို့ မျက်ခြည်မပြတ်အောင်ကြည့်ရင်း ခပ်သွက်သွက် လျှောက်ခဲ့သည်။

အမျိုးသားအိမ်သာဖက်သို့ဝင်ခါနီးတွင် ထွေးခင် ဒီလုံးကိုမီသွားသည်။

"အစ်ကိုကြီး ... အစ်ကိုကြီးဒီလုံး"

ဒီလုံးက လှည့်ကြည့်လိုက်သည်။

"ဟင် ... ထွေးခင်"

"အစ်ကိုကြီး ... အစ်ကိုကြီးပြောထားတဲ့ဟာလေ ထွေးခင်မှာပါလာတယ်"

"ဘာလဲ ထွေးခင်"

"မမယဉ်ရဲ့ ဒိုင်ယာရီလေ"

"ဟင် ..."

"ထွေးခင်အိတ်ထဲမှာ ထည့်ယူလာခဲ့တယ် အစ်ကိုကြီး"

"ဒါဖြင့် ... ပေးလေ"

ထွေးခင်က လက်ပွေ့အိတ်ထဲမှ ဒိုင်ယာရီစာအုပ်အပြာလေးကို ထုတ်ပေးလိုက်သည်။

"ကျေးဇူးပဲ ထွေးခင်၊ သွား ... သွား ... နင်ပြန်တော့၊ နောက်မှ နင့်ကို မုန့်ဖိုးပေးမယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ဆံပင်အတုံ၊ မုတ်ဆိတ်အတုများဖြင့် ရုပ်ဖျက်ထားသော ဒေါက်တာမျိုးထိုက် ခန်းမထဲသို့ဝင်လာချိန်မှာ ဒီလုံးအိမ်သာထဲသို့ ဝင်သွားချိန်နှင့် အချိန်ကိုက်ပင်ဖြစ်သည်။

ဒေါက်တာမျိုးထိုက်က ဒီလုံးကိုလိုက်ရှာသော်လည်း ဘယ်မှာမှ မတွေ့။ တီးဝိုင်းနားမှာလည်း မရှိချေ။

ဒေါက်တာမျိုးထိုက်က သက်ပြင်းချလိုက်သည်။

သူ ဒီလုံးနှင့်တွေ့မှဖြစ်ပါမည်။ ဒီမင်္ဂလာပွဲမှာ ဒီလုံးသီချင်းဆိုမှာကို သတင်းတိတိကျကျ ရထားပြီးဖြစ်သည်။

ဒေါက်တာမျိုးထိုက်သည် မင်္ဂလာပွဲလာဧည့်သည်အဖြစ်နှင့် အများထဲတွင်ရောနှောသွားလာပြီး ဒီလုံးကိုရှာဖွေလျက်ရှိလေသည်။

●

ဒီလုံးသည် အိမ်သာထဲမှထွက်ခဲ့ကာ ဟိုတယ်ဝင်းထဲတွင်ရပ်ထားသော သူ့ကားဆီသို့ လျှောက်လာခဲ့သည်။ သူ့စိတ်များ လှုပ်ရှားနေပါသည်။ သူ့လက်ထဲတွင် ထွေးခင်ပေးလိုက်သော ယဉ်မျိုးသွင်၏ဒိုင်ယာရီ စာအုပ်အပြာလေးပါလာသည်။

ယဉ်မျိုးသွင်က သူ့ကို အစိမ်းဖြတ်ဖြတ်ပစ်လိုက်တာကို ဒီလုံး အံ့ဩခဲ့ရသည်။ သူ့ကိုအဆက်ဖြတ်ပြီး ရက်ပိုင်းအတွင်း ဖေယျာဦး အချစ်ကိုလက်ခံကာ လက်ထပ်ဖို့အထိ သဘောတူလိုက်တာကိုလည်း သိရသည်။

သူ့ကိုအသက်ပေးမတတ်ချစ်ခဲ့သော ယဉ်မျိုးသွင်။ ဖေယျာဦးကို ကြည့်မရပါဘူးလို့ သူ့ရှေ့မှာပင်ပြောခဲ့ဖူးသောယဉ်မျိုးသွင်က အပြောင်းအလဲတွေကို ရက်ပိုင်းအတွင်း လုပ်ပစ်လိုက်ခြင်းဖြစ်သည်။

ဒီလုံးက ဒီကိစ္စတွေမှာ ပယောဂတစ်ခုခုပါရမည်ဟု ယူဆခဲ့သည်။

ထို့ကြောင့် ဒီလုံးက တစ်နေ့တွင် ဈေးဝယ်ရန်ထွက်လာသော အိမ်ဖော်မလေးထွေးခင်ကို လမ်းထိပ်မှစောင့်ဆိုင်းကာ ညှိနှိုင်းခဲ့ခြင်း ဖြစ်ပါသည်။

ထွေးခင်ကို အကူအညီတောင်းလိုက်တော့ ထွေးခင်ကလည်း သူ့ဘက်မှာရှိနေသည်။

"ဟုတ်တယ် အစ်ကိုကြီး၊ မမယဉ် ခုတစ်လောတစ်မျိုးပဲ၊ ထွေးခင် ချောင်းကြည့်တော့လည်း တစ်ယောက်တည်းစကားတွေပြောပြီး ငိုချင်ငိုနေတယ်"

"ဟင် ..."

"ပြီးတော့ ဒိုင်ယာရီစာအုပ်ထဲမှာ စာတွေရေးပြီးတော့လည်း ငိုတယ် အစ်ကိုကြီး"

"ဟာ ... ဒါဖြင့် သူမရှိတုန်း ဒိုင်ယာရီထဲကစာတွေဖတ်ပြီး ဘာတွေရေးထားတယ်ဆိုတာ ငါ့ကိုပြန်ပြောပြပါလား ထွေးခင်"

"လွယ်ပါ့မလား အစ်ကိုကြီးရယ် ထွေးခင်ကြိုးစားကြည့်မယ်လေ"

ထွေးခင်ပြောသလို မလွယ်ခဲ့ပါ။

နောက်နေ့များမှာ ထွေးခင်ဈေးအလာကိုစောင့်ပြီး အခြေအနေမေးသော်လည်း ထွေးခင်က ယဉ်မျိုးသွင်အခန်းထဲက ဒိုင်ယာရီကို ယူဖတ်ဖို့ အခွင့်အရေးမရသေးဘူးလို့ဆိုသည်။

ခုတော့ သူဖတ်ချင်သောဒိုင်ယာရီကို ထွေးခင်က စာအုပ်လိုက်ယူချလာခဲ့ပြီ။ ဒိုင်ယာရီစာအုပ်ထဲမှာတော့ ယဉ်မျိုးသွင်၏ခံစားချက်တွေ ရှိနေမှာ သေချာသည်။

ဒီလုံးသည် ဒိုင်ယာရီစာအုပ်ကို ဖတ်ကြည့်ရန် ကားထဲသို့ ဝင်လိုက်သည်။ ကားတံခါးကို အလုံပိတ်၊ လေအေးစက်ကိုဖွင့်ကာ ယဉ်မျိုးသွင်၏ ဒိုင်ယာရီစာအုပ်ကို ဖတ်ကြည့်လိုက်လေ၏။

● ● ●

## ၁၁ ၁ ၃

ယဉ်မျိုးသွင်၏ဒိုင်ယာရီမှာ ရှေ့ပိုင်းတွင် အလုပ်အချိန်းအချက်များ၊ ခရီးသွားမည့်ရက်များ၊ ပွဲလမ်းသဘင်ရှိသည့် ရက်စွဲများ၊ တွေ့ဆုံရမည့်သူတို့၏ အမည်များကိုသာ အတိုကောက် ရေးမှတ်ထားလေသည်။

နောက်ပိုင်းရောက်မှ ခံစားချက်အသေးစိတ်များကို စာမျက်နှာ အပြည့်ရေးထားတာကို တွေ့ရသည်။

အောက်တိုဘာလ(၁၈)ရက်စာမျက်နှာမှစ၍ ယဉ်မျိုးသွင်အသေးစိတ် ရေးဖွဲ့ထားသော ခံစားချက်စာသားများကို တွေ့ရလေသည်။

*အောက်တိုဘာလ ၁၈ရက်။*

*ဘဝအသစ်ကို စတဲ့နေ့။ ယဉ်မျိုးသွင်နေတဲ့ အိမ်ကြီးကိုရောက်လာရပြီ။ ရောက်တဲ့နေ့မှာပဲ ကိုဒီနဲ့ တွေ့တယ်၊ အို ... ကိုဒီရယ်၊ အပြင်မှာ မြင်ရတော့ ကိုဒီက ပိုပြီးဆွဲဆောင်မှုရှိတာပဲနော်၊ ကိုဒီ့ကို ကျွန်မ မြင်မြင်ချင်းချစ်မိပြီ ကိုဒီရေ ...*

ဒီလုံးသည် ထိုစာသားများကိုဖတ်ရင်း နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ ဘသအသစ်ကိုစတဲ့နေ့တဲ့၊ အဲဒီနေ့မှာဘဲ သူနဲ့စတွေ့ရတယ်တဲ့။ သူ့ကိုမြင်မြင်ချင်း ချစ်မိတယ်တဲ့။ ဒီလုံးနားမလည်နိုင်ပဲ ဆက်ဖတ်ကြည့်လိုက်သည်။

*တွေ့တွေ့ချင်းနေ့မှာပဲ .. ကိုဒီ့ကို အဆက်ဖြတ်တဲ့စကား ပြောရတယ်။ ကိုဒီရယ် ... ကျွန်မရင်ထဲကစကား မဟုတ်ပါဘူး။ ကျွန်မဟာ ကိုယ့်ခံစားချက်ကိုယ် ဖွင့်ဟခွင့်မရှိတဲ့ လူတစ်ယောက်ပါ။ ကျွန်မဘဝကိုက သူများခန္ဓာကိုယ်ထဲမှာ ဝင်အောင်းရတဲ့ ... ဝင်ကစွပ်ကောင်လို ဘဝမျိုးပါရှင် ...*

ယဉ်မျိုးသွင်အရေးအသားများကို ဒီလုံးနားမလည်။

နောက်ရက်စွဲတွေမှာ ရေးထားတာတွေကို ဆက်ဖတ်ကြည့်တော့လည်း ...

*မေယျာဦးကို ကျွန်မ မချစ်ဘူး။ ဒါပေမဲ့ .. သူကချစ်စကားပြောတော့ ကျွန်မ ခေါင်းညိတ်လိုက်တယ်။ ကျွန်မရင်တွေကွဲရပါပြီရှင်၊ ကိုဒီနဲ့ ဒီတစ်သက်လွဲရပြီပေါ့နော်။*

..................................

*ငါ့ဘဝက.. ငါ့ကိုဖန်တီးထားတဲ့လူတွေရဲ့ ဆန္ဒအတိုင်း ပြောဆိုလှုပ်ရှားရမယ်လေ၊ ငါ့မှာကိုယ်ပိုင်ခံစားချက်မရှိရဘူးတဲ့၊ ငါဟာ ငါ့ကို ဖန်တီးခဲ့တဲ့လူတွေရဲ့ အမိန့်အတိုင်း လုပ်ဆောင်ရမယ်တဲ့ ကြေ့ဒ်. ဖြစ်မှဖြစ်ရလေရှင်...*

..................................

*ကျွန်မဟာ လူတော့လူ .. ဒါပေမဲ့ ... လူမဟုတ်တဲ့ လူတစ်ယောက်ပါ။*

ဒါပေမဲ့ .. ကျွန်မမှာ ခံစားတတ်တဲ့နှလုံး သားပါလာခဲ့တယ်ဆိုတာ ရှင်တို့မေ့လျော့ထားကြလေ သလား ... ဟင် ...

..................................

ဖေယျာဦးနဲ့ မင်္ဂလာဆောင်ရတော့မယ်။ ဒီဇင် ဘာလရရက်ဆိုရင် ကျွန်မမချစ်မနှစ်သက်တဲ့ လူရဲ့ရင်ခွင် ထဲကို ကျွန်မ ရောက်ရတော့မယ်။ ကိုဒီနဲ့တစ်သက် ဝေးရပြီပေါ့နော် ...

ယဉ်မျိုးသွင်ရေးထားသောအရေးအသားများက နားမလည်နိုင် စရာများချည်း ဖြစ်နေသည်။

ယဉ်မျိုးသွင်က ဒိုင်ယာရီကို နိုဝင်ဘာလ ၂ရက်နေ့တွင် နောက်ဆုံး ရေးသားထားလေသည်။ ထိုစာသားများက ပို၍ပင်ပဟေဠိဆန်နေပါသေး သည်။

ယဉ်မျိုးသွင် သေပြီတဲ့ ..

စိတ်မကောင်းပါဘူး ယဉ်မျိုးသွင်ရဲ့

ဒါပေမဲ့ ... သူသေသွားတာဟာ ငါ့အတွက် တော့ ကံကောင်းခြင်းတစ်ရပ်ပါလားကွယ်။ ငါဟာ ယဉ်မျိုးသွင်အဖြစ်နဲ့ တစ်သက်လုံးနေသွားရတော့မယ် တဲ့လေ။

တစ်စုံတစ်ခုကလွဲရင် ငါ့အတွက် အားလုံး ပြီးပြည့်စုံသွားပါပြီ။ ကိုဒီကိုစွန့်လွှတ်ရတာ တစ်ခုက လွဲရင်ပေါ့။ ကိုဒီရေ ကျွန်မချစ်တဲ့ရှင့်ကို ကျွန်မ ဘယ်တော့ မှ ပိုင်ဆိုင်ခွင့်ရတော့မှာ မဟုတ်ပါဘူး။

ကျွန်မရဲ့ ဟန်ဆောင်ဘဝ အဆင်ပြေဖို့အတွက် ကျွန်မ မချစ်တဲ့ ဖေယျာဦးကို လက်ထပ်ရတော့မယ်တဲ့ ရှင် ...

ဒီလုံးက သက်ပြင်းချလိုက်သည်။ ဒိုင်ယာရီစာအုပ်ကိုပိတ်လိုက်သည်။ ယဉ်မျိုးသွင် ဘာတွေရေးထားတာလဲ။ သူနားမလည်နိုင်ချေ။

ဒီလုံးက ဒိုင်ယာရီစာအုပ်ကလေးကို ကားထဲတွင်ထားခဲ့ကာ ကားထဲမှ ထွက်လိုက်သည်။

သူမှာ သီချင်းဆိုပေးရဖို့တာဝန်ရှိသေးသည် မဟုတ်ပါလား။

ဒီလုံးသည် ကားတံခါးကိုသော့ခတ်ကာ ခန်းမထဲသို့ပြန်ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

●

ဟိုတယ်ထဲမှ ထွက်လာသောဒေါက်တာမျိုးထိုက်က ဒီလုံး ကားထဲမှ ထွက်လာသည်ကို မြင်လိုက်သည်။

သူက ဒီလုံးဆီ အပြေးလာခဲ့လိုက်၏။

"ကိုဒီလုံး ... ကိုဒီလုံးဟုတ်ပါတယ်နော်၊ ခဏဗျာ ..."

ဒီလုံးက ဒေါက်တာမျိုးထိုက်ကို ငေးကြည့်နေသည်။

"ကျွန်တော်ခင်ဗျားကို မသိပါဘူး"

"ကျွန်တော့်နာမည် မျိုးထိုက်ပါ၊ ဒေါက်တာမျိုးထိုက်ပါ ကိုဒီလုံး။ ကိုဒီလုံးကိုပြောစရာစကားတွေရှိလို့ အချိန်နည်းနည်းပေးပါဗျာ"

"ကျွန်တော် သီချင်းဆိုရဦးမယ်"

"ကိုဒီလုံးအတွက် အရေးကြီးတဲ့စကားပါ၊ အကျိုးရှိတဲ့စကားပါ၊ လာပါ ကိုဒီလုံး ကျွန်တော်တို့ ဟိုသစ်ပင်အောက်မှာ ခဏစကား ပြောရအောင်ပါဗျာ"

ဒေါက်တာမျိုးထိုက်က ဒီလုံးကို သစ်ပင်အောက်သို့ခေါ်သွား သည်။

ပြီးနောက် ဒီလုံးနားသို့တိုးကပ်ကာ ပြောပြလိုက်လေသည်။

ဒေါက်တာမျိုးထိုက်ပြောစကားများကို နားထောင်ရင်း .. နားထောင်ရင်း ... ဒီလုံးမျက်လုံးများက တဖြည်းဖြည်းပြူးလာလေသည်။ နောက်ဆုံးတော့ ... ဒီလုံးသည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

## ၁၁ ၁ ၄

ညည်ခံပွဲစင်မြင့်ပေါ်တွင် သတို့သားနှင့်သတို့သမီးတို့ နေရာယူပြီး ကြပြီ။

တီးဝိုင်းမှ အဆိုတော်များက သီဆိုဖျော်ဖြေနေကြဆဲ။

အမျိုးသမီးအဆိုတော်တစ်ယောက်အပြီးတွင် ဒီလုံးသီချင်းဝင်ဆိုသည်။

ဦးအောင်သွင်က ဒီလုံးအသံကြား၍ တီးဝိုင်းဆီသို့လှမ်းကြည့်လိုက်သည်။

ဒီလုံးက ဣန္ဒြေရစွာပင် သူ၏ကိုယ်ပိုင်သီချင်းတစ်ပုဒ်ကို သီဆိုနေသည်။

ဦးအောင်သွင်က ပြုံးလိုက်၏။ ဒီလုံးကို ကလိလိုက်ရတဲ့အတွက်လည်း ဦးအောင်သွင်စိတ်ထဲမှာကျေနပ်နေသည်။ သို့သော် ဒီလုံးမျက်နှာပျက်မနေတဲ့အတွက်မူ ဦးအောင်သွင် ကသိကအောက်ဖြစ်ရ၏၊ သူက ဒီလုံးကို ဟန်မဆောင်နိုင်အောင် မူပျက်နေစေချင်သည်။

ဒီလုံးက ဣန္ဒြေရသလောက် မင်္ဂလာစင်မြင့်ပေါ်က သတို့သမီးကတော့ မျက်နှာပျက်နေလေသည်။ ဒီလုံးကို တစ်ချက်တစ်ချက်လှမ်း ကြည့်ရင်း သက်ပြင်းတချချဖြစ်နေသည်။

ဒီလုံးသီချင်းမဆုံးခင် ခန်းမထဲသို့ ဆာရီခြုံထားသောကုလားမတစ်ယောက် ဝင်လာသည်။ ကုလားမလေးက ဆာရီကိုဦးခေါင်းတစ်ခုလုံး သိုင်းခြုံထားသည့်အတွက် အိမ်တွင်းပုန်းကုလားမတစ်ဦးဟု မြင်သူတွေက ထင်ကြလေသည်။ ကုလားမလေးသည် မည်သည့်စားပွဲတွင်မှ ဝင်မထိုင်ဘဲ တိုင်လုံးကြီးဘေးတွင် မယောင်မလည် မတ်တပ်ရပ်နေလေ၏။

ဒီလုံးသီချင်း ဆုံးသွားပါပြီ။

ဒီလုံးက ပရိသတ်ကို ဦးညွှတ်နှုတ်ဆက်လိုက်သည်နှင့်တစ်ပြိုင်တည်း ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် မျက်နှာတစ်ခြမ်းဖုံးလုနီးပါး မျက်မှန်အနက်ကြီးကို တပ်ထားသောလူတစ်ယောက်သည် ခပ်တည်တည်နှင့် မင်္ဂလာစင်မြင့်ပေါ် တက်သွားလေ၏။

ထိုသူစင်မြင့်ပေါ်တက်လာသည်ကို ပရိသတ်အားလုံးက အံ့ဩမှင်တက်မိစွာ ငေးကြည့်နေကြသည်။ လူတိုင်း၏ဦးခေါင်းများက စင်မြင့်ဆီ ပြိုင်တူလှည့်မိလျက်သား ဖြစ်သွားကြ၏။ စကားပြောသံများတိတ်သွားသည်။ တီးဝိုင်းမှ နောက်အဆိုတော်တစ်ယောက်သီဆိုရန် အစပျိုးနေသည့်တီးလုံးသံပင် ရပ်သွားလေ၏။

ထိုလူ၏အပြုအမူကို အံ့ဩစွာငေးကြည့်နေသူထဲတွင် ဦးအောင်သွင်လည်း ပါလေသည်။

စင်မြင့်ပေါ်မှလူသည် မိုက်ခွက်ကိုကိုင်ကာ စကားစပြောလိုက်သည်။

''အားလုံးသော ဧည့်သည်တော်အပေါင်းတို့ခင်ဗျား ... ကျွန်တော်စကားတစ်ခွန်းပြောပါရစေ၊ ခုလို မင်္ဂလာပွဲအချိန်မှာ ကျွန်တော်အနှောင့်အယှက်ပေးသလိုဖြစ်မှုမိတဲ့အတွက် တောင်းပန်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ... အခု ကျွန်တော်ပြောမယ့်စကားဟာ မပြောမဖြစ်ပြောရမယ့် စကားမို့ ပြောခွင့်ပြုပါခင်ဗျား ...

"မင်္ဂလာပွဲလာဧည့်သည်တော်များ ခင်ဗျား၊ ဦးဆုံးအနေနဲ့ အခု ကျင်းပနေတဲ့မင်္ဂလာပွဲဟာ တရားဝင်တဲ့မင်္ဂလာပွဲတစ်ခုမဟုတ်ကြောင်း ပြောလို ပါတယ် ခင်ဗျာ"

စင်မြင့်ပေါ်မှလူ၏စကားအဆုံးတွင် ခန်းမတစ်ခုလုံး "ဟင်" ခနဲ "ဟာ"ခနဲ အသံများ လွှမ်းမိုးသွားလေ၏။

"ဟုတ်ပါတယ် ခင်ဗျာ လူအချင်းချင်း ယောကျ်ားနဲ့မိန်းမ မင်္ဂလာ ဆောင်နှင်းတဲ့နေရာမှာ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် လူစင်စစ်အချင်းချင်း မင်္ဂလာဆောင်မှသာ တရားဝင်ပါတယ်၊ ဧည့်သည်တော်များ ခင်ဗျား၊ ဒီမင်္ဂလာ စင်မြင့်ပေါ်မှာထိုင်နေတဲ့ ဟောဟိုက သတို့သမီးဟာ လူစင်စစ်တစ်ယောက် မဟုတ်ပါဘူး ခင်ဗျား"

သူက သတို့သမီးကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

"သူဟာ အများသိတဲ့ ယဉ်မျိုးသွင်ဆိုတဲ့ အမျိုးသမီးအစစ် မဟုတ်ပါ ဘူး ခင်ဗျာ၊ သူဟာ ယဉ်မျိုးသွင်ရဲ့အသွေးအသားအပိုင်းအစ တစ်ခုကနေ ပုံတူမျိုးပွားပညာနဲ့ မျိုးပွားထားတဲ့ ကလုန်းဆိုတဲ့ လူအတုတစ်ယောက်သာ ဖြစ်ပါတယ် ခင်ဗျား"

ဦးအောင်သွင်၏လက်က သူဝတ်ထားသော ကုတ်အင်္ကျီအောက်သို့ လျှိုလိုက်လေသည်။

"ဧည့်သည်တော်များ ခင်ဗျား၊ ကျွန်တော် ခုလိုဘာလို့ပြောနိုင်သလဲ ဆိုရင် ယဉ်မျိုးသွင်ရဲ့ကလုန်းကို ဖန်တီးပေးခဲ့တဲ့သူဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်လို့ပါပဲ"

စကားအဆုံးတွင် သူက ခေါင်းပေါ်မှဆံပင်အတုကို ချွတ်ပစ်လိုက် သည်။ ဆံပင်အတုကို ကြမ်းပြင်ပေါ်ပစ်ချလိုက်သည်။ ထို့နောက် ပါးမြိုင်းမွေး အတုကိုလည်း ကပ်ထားရာမှ ခွာလိုက်သည်။ ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။ နောက်ဆုံး သူ၏မျက်မှန်အနက်ကြီးကို ဖြုတ်လိုက်သည့်အခါတွင်တော့ သူ၏မူရင်းမျက်နှာမှာ ထင်ပေါ်လာလေတော့သည်။

"ကျွန်တော့်နာမည် ဒေါက်တာမျိုးထိုက်ပါ"

ဦးအောင်သွင်၏ညာလက်က သူ၏ကုတ်အင်္ကျီအတွင်းထဲသို့ ရောက်သွားလေပြီ။

ဦးအောင်သွင်ကို မျက်ခြည်မပြတ် အကဲခတ်နေသောဒီလုံးသည် တရွေ့ရွေ့ဖြင့် ဦးအောင်သွင်ထိုင်နေသောစားပွဲဆီသို့ ချဉ်းကပ်လာခဲ့သည်။

"ဧည့်သည်တော်များအနေနဲ့ ကျွန်တော် ပြောခဲ့တဲ့စကားတွေကို ယုံရခက်ကောင်း ခက်နေပါလိမ့်မယ်၊ ကျွန်တော် သက်သေပြပါ့မယ် ခင်ဗျား"

ဒေါက်တာမျိုးထိုက်က လက်ခုပ်တီးလိုက်သည်။

တိုင်လုံးကြီးဘေးတွင်ကွယ်နေသော ကုလားမလေးသည် စင်မြင့်ပေါ်သို့ တက်လာလေ၏။

ကုလားမလေးက စင်မြင့်ပေါ်အရောက်တွင် မျက်နှာကိုခြုံထားသည့် ဆာရီစကို ဖယ်ချလိုက်လေသည်။

"ဟင် ..." "ဟယ် ..."

"ဟာ ..." "အို ..."

"ယဉ်မျိုးသွင်ပါလား ..."

"သူကလည်း ယဉ်မျိုးသွင်၊ သတို့သမီးကလည်း ယဉ်မျိုးသွင်ပါပဲ လား"

ဧည့်သည်တော်များဆီမှ တစ်ယောက်တစ်ပေါက်ထွက်ပေါ်လာသောအသံများဖြင့် ခန်းမတစ်ခုလုံး ဝေါခနဲဆူညံသွားလေသည်။

ကုလားမလေးက သူမခြုံထားသော ဆာရီစတစ်ခုလုံးကိုဖယ်ရှားပစ်လိုက်ကာ ... ဆာရီကို ကြမ်းပြင်ပေါ် ပုံချလိုက်လေ၏။

ထိုအခါ သတို့သမီးဝတ်ထားသောဝတ်စုံအတိုင်း တစ်သဝေမတိမ်း တူညီစွာဝတ်စားထားသော ယဉ်မျိုးသွင်ကို အားလုံးပင် တွေ့မြင်လိုက်ရလေတော့၏။

"ကျွန်မ ယဉ်မျိုးသွင် အစစ်ပါရှင်"

သူမက မိုက်ခွက်နားသို့ကပ်ကာ ပြောလိုက်လေသည်။

ကလုန်းမ ယဉ်မျိုးသွင်သည် ထိုင်ခုံမှထရပ်လိုက်သည်။

ကလုန်းမသည် ဒေါက်တာမျိုးထိုက်နှင့် ယဉ်မျိုးသွင်တို့ရပ်နေသည့် စင်မြင့်ရှေ့သို့လျှောက်လာလိုက်သည်။

ကလုန်းမက မေးလိုက်လေ၏။

"ကိုမျိုး ... ကိုမျိုး ... ဘယ်လိုလုပ်လိုက်တာလဲ၊ ကိုမျိုးသေပြီဆို၊ သူ ... သူလည်း သေပြီဆို ..."

ကလုန်းမပြောလိုက်သောစကားသံက မိုက်ခွက်မှတစ်ဆင့် ညည်ပရိသတ်များကြားထဲသို့ ပျံ့လွင့်သွားလေသည်။

ဒေါက်တာမျိုးထိုက်က ကလုန်းမကို ယဉ်မျိုးသွင်အံစစ်နှင့် ယှဉ်လျက်ဖြစ်အောင် တွန်းပို့လိုက်လေသည်။ လူမြင်ကွင်းတွင် ယဉ်မျိုးသွင် အစစ်နှင့်အတုတို့ နီးကပ်စွာယှဉ်လျက် ဖြစ်သွားကြ၏။

ဦးအောင်သွင်သည် ထိုင်နေရာမှ ထလိုက်သည်။ စင်မြင့်ဆီသို့ မျက်နှာလှည့်ကာ ကုတ်အင်္ကျီအတွင်းထဲသို့ နှိုက်ထားသောလက်ကို ထုတ်လိုက်သည်။

ဦးအောင်သွင်လက်ထဲတွင် ဒန်ရောင်ပစ္စတိုလေးပါလာလေ၏။

ဦးအောင်သွင်ကို မျက်ခြည်မပြတ်ကြည့်ရင်း . ဦးအောင်သွင်အနီးသို့ ချဉ်းကပ်လာသောဒီလုံးက ဦးအောင်သွင်ကိုခုန်အုပ်ရင်း နှုတ်မှလည်း အော်လိုက်လေသည်။

"ကိုမျိုးထိုက် ... ယဉ် ... သတိထား ..."

ဒီလုံးသည် ဦးအောင်သွင်ကို ခုန်အုပ်လိုက်နိုင်၏။ နှစ်ယောက်သားလုံးထွေးကာ ကြမ်းပြင်ပေါ်လဲကျသွားသည်။

သို့သော် ဦးအောင်သွင်လက်ထဲမှပစ္စတိုက မီးပွင့်ကာကျည်ဆန်နှစ်တောင့် ထွက်သွားလေပြီ။

အော်သံဟစ်သံများက ခန်းမတစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။ ညည်သည်အားလုံးလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။

ဒီလုံးက ဦးအောင်သွင်ကို ဝင်လုံးရင်း ••• ဦးအောင်သွင် လက်ထဲမှ သေနတ်ကို ပုတ်ထုတ်လိုက်သည်။

ထိုစဉ်မှာပင် •••

ခန်းမတစ်ခုလုံး မှောင်အတိကျသွားလေသည်။

• • •

၁၁ ၁ ၅

လျှပ်တစ်ပြက်အတွင်းမှာပင် မီးများပြန်လင်းလာသည်။

ခန်းမတစ်ခုလုံး လူတွေရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ အားလုံးက ခန်းမထွက်ပေါက်ဆီသို့ စုပြုံတိုးနေကြ၏။

မီးပြန်အလင်းတွင် ဦးအောင်သွင်ကို မတွေ့ရတော့။

ဒီလုံးက ကြမ်းပြင်ပေါ် လဲနေရာမှထလိုက်သည်။

စင်မြင့်ဆီကို လှမ်းကြည့်လိုက်တော့ –

"ကိုဒီ ... ကိုဒီ ... လာပါဦး၊ ကိုမျိုး ... ကိုမျိုး ... ကိုမျိုးကို ခေါ်လို့မရတော့ဘူး"

ဒီလုံး စင်မြင့်ပေါ် ပြေးတက်သွားလိုက်သည်။

စင်မြင့်ပေါ်တွင် ဒေါက်တာမျိုးထိုက် ပက်လက်လန် လဲကျနေသည်။ ရင်ဘတ်မှသွေးများက စင်မြင့်ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းနေ၏။

ဒေါက်တာမျိုးထိုက်ဘေးတွင် သတို့သမီးဝတ်စုံကို ဝတ်ထားသော အမျိုးသမီးသည်လည်း လည်ပင်းတွင်သေနတ်ဒဏ်ရာဖြင့် လဲကျနေပေသည်။

သူတို့နှစ်ဦးစလုံး မလှုပ်မယှက်။

သေဆုံးနေသောအမျိုးသမီးက ဘယ်သူလဲ။ ယဥ်မျိုးသွင်အစစ်လား။ ကလုန်းလား ...။

"ကိုဒီ ... သူတို့နှစ်ယောက်လုံး အသက်မရှိတော့ဘူး"

ကျန်ရစ်သူအမျိုးသမီးက ပြောလိုက်လေသည်။

ဖေယျာဦးက ယဥ်မျိုးသွင်လက်ကိုဆွဲရင်း ...

"ယဥ် ... ယဥ် ... သတိထားပါယဥ်၊ ယဥ် ဘာမှမဖြစ်ဘူး မဟုတ်လား"

ယဥ်မျိုးသွင်က ဖေယျာဦးလက်ကို ပုတ်ထုတ်လိုက်သည်။

"အို ... ဖယ်စမ်းပါ၊ ကျွန်မက ရှင်နဲ့မင်္ဂလာဆောင်နေတဲ့ ကလုန်း မဟုတ်ဘူး။ ကျွန်မက ယဥ်မျိုးသွင်အစစ်ရှင့်၊ ကျွန်မ ရှင့်ကို ဘယ်တုန်းက လက်ခံခဲ့ဖူးလို့လဲ"

"ဟင် ..."

"ဟာ ..."

ဒီလုံးနှင့်ဖေယျာဦးတို့နှစ်ယောက်စလုံးနှုတ်က အာမေဋိတ်သံများ မြိုင်တုထွက်သွားကြလေသည်။

"ယဥ် ... ယဥ် ... ဒါဖြင့် ... ယဥ်မသေဘူးပေါ့နော်"

ဒီလုံးက မေးလိုက်သည်။

"မသေပါဘူး ကိုဒီရယ် ... သေသွားတာက ကလုန်းပါ"

ယဥ်မျိုးသွင်သည် ဒီလုံးရင်ခွင်ထဲသို့ပြေးဝင်ရင်းမှ ပြောလိုက်လေသည်။

ဒီလုံးက ယဥ်မျိုးသွင်ကို အလိုက်သင့် ပွေ့ထားလိုက်သည်။

ဒီလုံး၏ရင်ခွင်ထဲသို့ရောက်သည်နှင့် ယဥ်မျိုးသွင်၏ကိုယ်မှာ ပျော့ခွေရင်း သတိလစ်မေ့မြောသွားလေတော့သည်။

• • •

## ၁၁ ၁ ၆

ခန်းမတစ်ခုလုံး လျှပ်စစ်မီးများပြတ်တောက်သွားခြင်းမှာ.. ညည်ခံပွဲအတွင်းတွင် အသင့်ရောက်နေသောရဲတပ်ဖွဲ့ဝင်တစ်ဦးက မီးခလုတ်ကို သွားပိတ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ဒေါက်တာမျိုးထိုက်သည် ဤပွဲတွင် ယဉ်မျိုးသွင်၏ဖြစ်ရပ်မှန်အားရှင်းလင်းရန်ကြံစည်ကတည်းကပင် ရဲတပ်ဖွဲ့ကို အကြောင်းကြားထားခဲ့၏။ ရဲတပ်ဖွဲ့ဝင်များကလည်း အရပ်ဝတ်အရပ်စားဖြင့် မင်္ဂလာပွဲလာပရိသတ်အဖြစ် ခန်းမထဲသို့ ရောက်နေကြခြင်းဖြစ်သည်။

ဒီလုံးရော ရဲတပ်ဖွဲ့ဝင်များပါ သတိရှိရှိဖြင့် ကြိုတင်ကာကွယ်ခဲ့သော်လည်း ဦးအောင်သွင်သည် စင်မြင့်ပေါ်သို့ သေနတ်ဖြင့်နှစ်ချက်လှမ်းပစ်နိုင်ခဲ့သည်။ ဦးအောင်သွင်ပစ်လိုက်သော ကျည်နှစ်တောင့်က ဒေါက်တာမျိုးထိုက်နှင့် သတို့သမီးကလုန်းယဉ်မျိုးသွင်တို့၏အသက်ကို ခြွေယူလိုက်ခြင်းဖြစ်ပါသည်။

မီးများပျက်အသွားတွင် ဦးအောင်သွင်သည် ဒီလုံးလက်ထဲမှ ရုန်းထွက်ကာ ခန်းမအပြင်သို့ ထွက်ပြေးသွားခဲ့သည်။

ဆုပြည့်စုံထွန်းစာပေ

သို့သော် သူဝေးဝေး မပြေးနိုင်ပါ။

ခန်းမအပြင်တွင် အသင့်စောင့်ဆိုင်းနေသောရဲများက ဦးအောင်သွင် ၏ခြေထောက်ကို သေနတ်ဖြင့်ပစ်ကာ ဖမ်းဆီးနိုင်ခဲ့ပါသည်။

ယခုတော့ ပြဿနာအားလုံးပြေလည်ပြီး ငြိမ်းသွားပါပြီ။

ဦးအောင်သွင်သည် ထောင်နန်းစံခဲ့ရကာ တရားရုံးတွင် အမှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

နိဂုံးချုပ်သော် လူအတုကိုဖန်တီးပေးခဲ့မိသော ဆရာဝန်ကြီး ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့မှာ သူတို့လုပ်ဆောင်ခဲ့သော မဖွယ်မရာလုပ်ရပ်ကြောင့်ပင် အသက်ကို စတေးခဲ့ရပေသည်။ သူတို့ဖန်တီးခဲ့သောကလုန်းနှစ်ခုမှာလည်း ဤလောကမှ ပျောက်ကွယ်သွားခဲ့ပေပြီ။

အဆိုတော်ဒီလုံးနှင့် ယဉ်မျိုးသွင်တို့၏ ထူးခြားဆန်းကြယ်သော ဇာတ်လမ်းမှာလည်း လူအများကြားတွင် ပြောမဆုံး။ ဂျာနယ်မဂ္ဂဇင်းများတွင် ရေးလို့မဆုံးသေးသော ရေပန်းအစားဆုံးသတင်း ဖြစ်ခဲ့ရလေတော့၏။

● ● ●

# ဇာတ်သိမ်းခန်း

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး သုံးလကြာမြင့်ပြီးသည့်အချိန် ဖြစ်ပေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ဒီလုံးခေါ်ဒီလှိုင်းသစ်သည် အိပ်နေရာမှ နိုးလာခဲ့သည်။ ဒီလုံးက တိုင်ကပ်နာရီဆီသို့ လှမ်းကြည့်လိုက်ရာ ညတစ်နာရီခွဲအချိန်ရှိနေပြီကို တွေ့လိုက်ရ၏။

ပင်လယ်ကမ်းစပ်မှ လှိုင်းရိုက်သံများ စည်းချက်ညီညီပေါ်ထွက်နေသည်မှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပေသည်။

ဒီလုံးသည် သူ့ဘေးတွင်အိပ်နေသော ယဉ်မျိုးသွင်ကို စောင်းငဲ့ကြည့်လိုက်သည်။ ယဉ်မျိုးသွင်က အပူအပင်မဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပေ၏။

ဒီလုံးသည် ယဉ်မျိုးသွင်ကိုကြည့်ရင်း သူ့ခေါင်းထဲတွင်ပေါ်လာနေကျ သံသယအတွေးတစ်ခုက အလိုလိုပေါ်လာပြန်လေသည်။

သူ့ဟာ.. လူလား.. ကလုန်းလား....

သုံးလအတွင်းတွင် ဒီလုံးစိတ်ထဲ၌ ထိုသံသယအတွေးများ ပေါ်လာခဲ့မြဲဖြစ်ပေ၏။ ယဉ်မျိုးသွင်ကို လက်ထပ်ယူပြီးသည့်တိုင် ထိုသံသယအတွေးကား ပေါ်လာနေမြဲသာ။

သူဟာ ... လူလား ... ကလုန်းလား ...

ဖေယျာဦးနှင့်ကလုန်းယဉ်မျိုးသွင်တို့မင်္ဂလာပွဲတွင် ရုတ်ရုတ်သဲသဲဖြစ်ကြချိန်က ... ဦးအောင်သွင်လက်ချက်ကြောင့် ဒေါက်တာမျိုးထိုက်နှင့်အတူ ... ယဉ်မျိုးသွင်တစ်ဦး သေဆုံးခဲ့ပေသည်။

**မသေဘဲကျန်ရစ်သူ ယဉ်မျိုးသွင်တစ်ဦးက သူမသည် လူအစစ်ယဉ်မျိုးသွင်ဖြစ်ကြောင်း။ သေသွားသူမှာ ကလုန်းဖြစ်ကြောင်း ပြောကြားခဲ့ပေ၏။**

ဦးအောင်သွင်သေနတ်ဖြင့် ထုတ်ချိန်လိုက်ချိန်တွင် ဒီလုံးသည် ဦးအောင်သွင်ကို ဟန့်တားရန် ဝင်လုံးခဲ့ပေသည်။ သို့သော် ဦးအောင်သွင်သေနတ်မှ ကျည်နှစ်တောင့်ထွက်သွားကာ ဒေါက်တာမျိုးထိုက်နှင့်ယဉ်မျိုးသွင်တစ်ဦးကို ထိမှန်သွားလေသည်။

ဒီလုံးနှင့်ဦးအောင်သွင် လုံးထွေးသတ်ပုတ်နေစဉ် လျှပ်စစ်မီးများပြတ်တောက်သွားသည်။ ဦးအောင်သွင်လည်း ရုန်းကန်ထွက်ပြေးသွားလေသည်။

မီးများပြန်လင်းလာချိန်၌ ဒီလုံးသည် မင်္ဂလာစင်မြင့်ပေါ်သို့ ပြေးတက်ခဲ့၏။

စင်မြင့်ပေါ်တွင် ဒေါက်တာမျိုးထိုက်နှင့် ယဉ်မျိုးသွင်တစ်ဦးတို့လဲကျသေဆုံးနေသည်။ ဖေယျာဦးက အူကြောင်ကြောင်ဖြင့် ရပ်နေသည်။

မသေဘဲ ကျန်ရစ်သူယဉ်မျိုးသွင်တစ်ဦးက ဒေါက်တာမျိုးထိုက်အလောင်းကိုငုံ့ကြည့်ကာ ...

"ဖြစ်မှဖြစ်ရလေ ကိုမျိုးရယ် ..." ဟု ညည်းတွား ရေရွတ်နေလေသည်။

---

ဆုပြည့်ပုံနှိပ်တိုက်စာပေ

ဒီလုံးစင်မြင့်ပေါ်ရောက်အလာတွင် ယဉ်မျိုးသွင်က ဒီလုံးကို ပြေးဖက်လိုက်ကာ . . .

"ကိုဒီ . . . ကိုဒီ . . . ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ ကိုမျိုးရယ်"

"ယဉ် . . . ယဉ် . . . ယဉ်က . . . ယဉ်က ဘယ်သူလဲဟင် . ."

"အို . . . ကိုဒီရယ် . . ယဉ်က ယဉ်လေ . . လူအစစ်ယဉ်မျိုးသွင်ပါကိုဒီရဲ့ ကလုန်းက ဟောဟိုမှာ . . . သေသွားပြီလေ"

သူမက လဲကျသေဆုံးနေသော အမျိုးသမီးအလောင်းကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"ဟင် . . ."

ရုတ်ရုတ်သည်းသည်းဖြစ်ပြီး . . . မီးပျက်သွားချိန်၌ ယဉ်မျိုးသွင်အစစ်နှင့်ကလုန်းတို့ ရောထွေးသွားကြသည်။ နှစ်ယောက်စလုံးမှာ သဝတ်သမီးဝတ်စုံတစ်မျိုးတည်းကို ဆင်တူဝတ်ဆင်ထားကြ၍ ဘယ်သူက ဘယ်သူဆိုတာ မကွဲပြားတော့။ ယဉ်မျိုးသွင်အစစ် ရုပ်ဖျက်ရန် မြိုလာခဲ့သော ကုလားမဆာရီစကြီးမှာ ကြမ်းပြင်ပေါ်တွင် ပုံကျနေသည်။

သူဟာ .. လူလား .. ကလုန်းလား ...

ဒီလုံးက သူ့ရင်ခွင်ထဲရောက်နေသော ယဉ်မျိုးသွင်ကိုငုံ့ကြည့်ကာ တွေးလိုက်မိခြင်း ဖြစ်လေ၏။

● ● ●

ဒီလုံးသည် ကလုန်းမယဉ်မျိုးသွင်ရေးခဲ့သော ဒိုင်ယာရီကိုသာ မဖတ်ဖြစ်ခဲ့ပါက ထိုသံသယအတွေးကို တွေးမိမည် မဟုတ်ပေ။

ကလုန်းမက ဒိုင်ယာရီထဲတွင် ဒီလုံးကိုချစ်မိကြောင်း၊ ဖေယျာဦးကိုမချစ်ဘဲ လက်ထပ်ရမည့်အကြောင်းများကို ရင်ဖွင့်ရေးသားထားခဲ့သည်။

ဒီလုံးစဉ်းစားရလေပြီ။

အကယ်၍ သေဆုံးသွားသူမှာ လူသားယဉ်မျိုးသွင်အစစ် ဆိုပါတော့ . . .

> ကျန်ရစ်ခဲ့သောကလုန်းမသည် သူ့ကိုယ်သူ ကလုန်းဖြစ်ကြောင်း ဝန်ခံမည်မဟုတ်ပေ။ ယဉ်မျိုးသွင်အစစ်မရှိတော့သည့်အတူတူ ကလုန်းမသည် လူအစစ်ယဉ်မျိုးသွင်အဖြစ် ဟန်ဆောင်နေတော့မည် ဖြစ်သည်။ သူမအနေဖြင့် ယဉ်မျိုးသွင်အဖြစ် ပီပီပြင်ပြင် ဟန်ဆောင်ခဲ့ဖူးပြီးဖြစ်ရာ ဆက်ပြီးဟန်ဆောင်နေဖို့ မခဲယဉ်းတော့ချေ။

ပြီးတော့ မသေဘဲကျန်ရစ်ခဲ့သူသည် ကလုန်းဆိုပါက သူမအတွက် သွားစရာနေရာ၊ အားကိုးစရာလူ မရှိတော့ပေ။ အားကိုးရာမဲ့ ဖြစ်မည့်အတူတူ သူမကိုယ်သူမ ယဉ်မျိုးသွင်အစစ်လို့ပဲပြောမည်မှာ သေချာပေ၏။

ဒီလုံး၏သံသယအတွေးမှာ ထိုအချိန်ကပင် စတင်ခဲ့ခြင်းဖြစ်ပေသည်။

သူဟာ.. လူလား.. ကလုန်းလား....

● ● ●

ဒီလုံးက မသေဘဲကျန်ရစ်ခဲ့သောအမျိုးသမီးကို သေချာလေ့လာ အကဲခတ်ခဲ့သည်။ သူမအနေဖြင့် မည်သည့်မှားယွင်းမှု၊ တိမ်းစောင်းမှုမှ မရှိခဲ့ပါ။

သို့သော် ကလုန်းမသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ယဥ်မျိုးသွင် အစစ်သဖွယ် ပိရိစွာဟန်ဆောင်ခဲ့ရာ ယခု အသက်ရှင်ကျန်နေသောအမျိုးသမီး သည် ကလုန်းမဖြစ်နိုင်ဘူးလား။

သူဟာ .. လူလား .. ကလုန်းလား ...

ကလုန်းဟုတ် ... မဟုတ် စစ်ဆေးအတည်ပြုပေးနိုင်မည့် ... ဒေါက်တာဖရက်ဒီခန့်နှင့် ဒေါက်တာမျိုးထိုက်တို့လည်း မရှိတော့။

သူဟာ .. လူလား .. ကလုန်းလား ...

ဒီလုံးအတွက် သူမကို ဖွင့်မေးလို့လည်း မဖြစ်နိုင်ချေ။ မေးလိုက်လျှင် လည်း သူမ ဖြေလာမည့်အဖြေက. သူမသည် လူအစစ် ယဥ်မျိုးသွင် ဖြစ်ကြောင်းအဖြေသာ ဖြစ်ပေမည်။ အကယ်၍ သူမသည် အမှန်တကယ် ယဥ်မျိုးသွင်အစစ်ဖြစ်ပါက ထိုမေးခွန်းအတွက် ဒီလုံးကို စိတ်ဆိုးသွားနိုင် သေးသည်။ ထို့ကြောင့် ဒီလုံး မမေးဘဲ မျိုသိပ်ခဲ့ရလေ၏။

ဒီလုံးရင်ထဲက သံသယကတော့ ပျောက်မသွားပေ။

သူဟာ.. လူလား.. ကလုန်းလား....

❁ ❁ ❁

မည်သို့ပင်ဆိုစေ . . . ယဥ်မျိုးသွင်သည် သူ၏ချစ်သူပင်ဖြစ်သည်။ ကျန်ရှိနေသောယဥ်မျိုးသွင်ကိုပင် ယခင်ဆက်ဆံသည့်အတိုင်းဆက်ဆံခဲ့ရသည်။

လက်ထပ်ဖို့ရည်ရွယ်ထားသည့်အတိုင်းလည်း ဒီလုံးနှင့် ယဥ်မျိုးသွင်တို့ လက်ထပ်ပြီးခဲ့ပါပြီ။

ယနေ့ညသည် သူတို့နှစ်ယောက်၏ မင်္ဂလာဦးညပင် ဖြစ်ပါ၏။

ချစ်သူနှစ်ဦးတို့သည် မင်္ဂလာပွဲပြီးသည်နှင့် ချောင်းသာကမ်းခြေသို့ ထွက်လာခဲ့ကြသည်။

ချောင်းသာကမ်းခြေမှ ဟိုတယ်ကြီးတစ်ခု၏ ခန်းမဆောင်ထဲတွင် မင်္ဂလာဦးညချမ်းကို ကုန်ဆုံးခဲ့ပြီးပါပြီ။

သူမကို ပိုင်ပိုင်နိုင်နိုင် ရယူပိုင်ဆိုင်နိုင်ခဲ့သည့်တိုင် ဒီလုံးစိတ်ထဲ၌ သံသယက စိုးမိုးနေဆဲဖြစ်သည်။

သူဟာ .. လူလား .. ကလုန်းလား ...

ညသန်းကောင်တွင် ဒီလုံးတစ်ရေးနိုးလာခဲ့သည်။

သူ့ဘေးတွင် အိပ်စက်နေသောယဥ်မျိုးသွင်ကို ငုံ့ကြည့်လိုက်သည်။ ခေါင်းလေးမော့ကာ အိပ်မောကျနေသော ယဥ်မျိုးသွင်ကား. . အိပ်စက်နေသည့်တိုင် လှနေမြဲပင်။ မေးဖျားမှဲ့မှဲ့နီနီလေးက ထင်းနေပေ၏။

ကလုန်းကိုဖန်တီးခဲ့ရာ၌ ကလုန်းတွင်လည်း မှဲ့နီနီလေးပါခဲ့သည်ပင်။

ဒီလုံးက အိပ်ပျော်နေသောယဥ်မျိုးသွင်မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ . . တွေးမိပြန်လေ၏။

---

ဆုံပြည့်စုံတွန်းစာပေ

သူဟာ .. လူလား .. ကလုန်းလား ...

ဒီလုံးအတွေးထဲနစ်မျောနေစဉ် ယဉ်မျိုးသွင်၏မျက်လုံးနှစ်လုံးက ပွင့်လာလေသည်။

"ဟင် ... ကိုဒီ ... မအိပ်သေးဘူးလား"

ယဉ်မျိုးသွင်က မေးလိုက်သည်။

"ယဉ့်မျက်နှာလေးကို ကြည့်နေတာပါ ယဉ်"

"အို ... သွား ... ပိုပြန်ပြီ"

ယဉ်မျိုးသွင်က ကျေနပ်နှစ်သိမ့်သောအပြုံးဖြင့် ပြောလိုက်သည်။

"အိပ်တော့လေ ကိုဒီရယ် ..."

ယဉ်မျိုးသွင်က နှုတ်မှလည်းပြောရင်း သူမကိုငုံ့ကြည့်နေသည့် ဒီလုံးကို မျက်နှာချင်းအပ်မိအောင် ဆွဲချလိုက်သည်။

ဒီလုံး၏နှာခေါင်းက ယဉ်မျိုးသွင်၏ပါးပြင်နှင့် ထိကပ်သွားလေ၏။

"ဟင် ... နမ်းလေ ... ဘာလို့ အသေကြီးလိုလုပ်နေတာလဲ"

ယဉ်မျိုးသွင်က ခပ်ချွဲချွဲအသံဖြင့် ပြောလိုက်သည်။

ဒီလုံးက သူမ၏ပါးပြင်ကိုဖိကပ်ကာ ရှိုက်နမ်းလိုက်လေ၏။

နမ်းသည်ဆိုသော်လည်း ... ပင့်သက်ရှိုက်လိုက်မိတာလား ... သက်ပြင်းချလိုက်မိတာလား ... သူကိုယ်တိုင်ပင် မကွဲပြားပါပေ။

သူဟာ .. လူလား .. ကလုန်းလား ...

ပင်လယ်ကမ်းစပ်မှလှိုင်းရိုက်သံများက စည်းချက်ညီညီမြည်နေသည်။

ဒီလုံးရင်ထဲက သံသယအတွေးက ပေါ်လာပြန်၏။

သူဟာ .. လူလား .. ကလုန်းလား ...

သူ့ရင်ခွင်ထဲကအမျိုးသမီးဟာ ...

ဆုံးပြည့်စုံထွန်းစာပေ

လူလား .. ကလုန်းလား ....
လူလား .. ကလုန်းလား ....
လူလား .. ကလုန်းလား ....
လူလား .. ကလုန်းလား ....

ဆောင်းလှထင်